

NEO HISTORICAL JOURNAL

VOL.(3)



သမိုင်းသစ်ဂျာနယ်

အတွဲ(၃)

အပိုင်းအစိပျာနက်ကာဝန်စံ	-	ဝန်းအောင်ငှေး [IKHRA]
	-	ဦင်ရဲထင်းအောင် [AHRA]
	-	ဦန်စပ်းထို့ [PHRA]
အက်ဒီကာအပွဲ့	-	ဝန်းရောအဇန်
	-	ဦန်ထွန်းထိုင်
ထွန်ပြုကာ	-	ဦင်ဝင်းဝါ
	-	ဦင်အစင်
	-	ဦန်အောင်အိန်း
	-	နော်ပြင့်ပြင့်ဝင်း [ထရင်ဘာဘာ]
	-	ဦန်ဝေထန်
	-	ဦန်အောင်ထိုး
ဝာအုပ်ကာဝန်စံ	-	ဦင်ရဲထင်းအောင်
ဝာအုပ်အပြင်အဆင်	-	[NHR]အပွဲ့ဘားဝျား
ပျက်နှာရုံးဝန်းချီ	-	ဦန်ဦဘက်စိန်ကေး
အုပ်ရေ	-	[၁၅၀၀]
ထုက်ဝေအဦ့က	-	၁၉၉၉-ဦနှစ်ဝင်ပြီက

အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံဟုခေါ်တွင်သော ဤတိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသော တိုင်းပြည်တပြည်ဖြစ်သည်။ ကရင်နှင့်ပအိုဝ်းလူမျိုးများဆိုလျှင် ဤတိုင်းပြည်သို့ အလျှင်ဆုံး ဝင်ရောက်လာကြသောလူမျိုးဖြစ်ကြသည်ဟု သမိုင်းသုတေသီအများစုက ယူဆထားကြသည်။ တခြားတခြားသော ရှမ်း၊ ချင်း၊ မွန်၊ ကချင်၊ ပလောင်၊ ဝ၊ နာဂစသောလူမျိုးတို့သည်လည်း ဤတိုင်းပြည်သို့ ဝင်ရောက်အခြေချ နေထိုင်သူများဖြစ်ပေသည်။ ရခိုင်လူမျိုးဆိုလျှင်လည်း ဘီစီခြောက်ထောင်ကျော်ကပင် ရခိုင်ပြည်ဟုအမည်တွင်သောနေရာဒေသသို့ ဝင်ရောက်အခြေချနေထိုင်လာကြသောလူမျိုးတမျိုးဖြစ်ပေသည်။

ဤလူမျိုးစုများတွင် ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာများ၊ သမိုင်းဖြစ်စဉ်များ ရှိကြမည်သာဖြစ်ပေသည်။ လူမျိုးတမျိုး၏စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာသမိုင်းဖြစ်စဉ်များသည် အဓိကအဓရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို မည်သူမှ ငြင်းချက်ထုတ်၍ ရနိုင်မည်မဟုတ်ပေ။ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရပ်များ ပျောက်ကွယ်လျှင် လူမျိုးပါပျောက်ကွယ်သွားမည်ဖြစ်ရာ သမိုင်းမရှိသောလူမျိုးသည်လည်း ရေရှည်တည်တန့်ရန် ခက်ခဲပေသည်။ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ သမိုင်းဖြစ်စဉ်များရှိသော်လည်း မိမိတို့၏စာပေ၊ ယဉ်ကျေးမှု၊ အနုပညာသမိုင်းဖြစ်စဉ်များကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်မရပါက မကြာသေးခင်ကျွန်တွင် ပျောက်ကွယ်သွားမည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ သမိုင်းဖြစ်စဉ်တို့ကို လွတ်လပ်စွာထုတ်ဖော်ရေးသားနိုင်ရေးအတွက် မြန်မာ့စစ်အာဏာရှင်တို့အား အဖြစ်ပါမကျန်အောင်တိုက်ဖျက်ပစ်ရမည်ဖြစ်ပေသည်။ ယင်းသို့ မြန်မာ့စစ်အာဏာရှင်များကို တိုက်ခိုက်ရတွင်လည်း ကမ္ဘာတခွင်မှ စနစ်ဆိုးများကိုပါ တိုက်ဖျက်ပစ်ရမည်သာဖြစ်သည်။ မြန်မာ့စစ်အာဏာရှင်များသည်ကမ္ဘာဆိုးဒွေများအနက် အဆိုးဝါးဆုံးနှင့် အရက်စက်ဆုံးစနစ်နှစ်ခုလုံးကို ရယူထားသူများလည်းဖြစ်ကြသည်။

ယနေ့အစွမ်းရောက် တစောက်ကမ်း အာဏာရဗမာဝါဒီအချို့သည် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ သမိုင်းဆိုင်ရာများကို အားပေးမှုမရှိပဲ ကွယ်ပျောက်အောင် ဖန်တီးလုပ်ဆောင်နေကြသည်။ ထို့ကြောင့် ညီအစ်ကိုတော် တိုင်းရင်းသားတို့သည်လည်း မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာသမိုင်းဖြစ်စဉ်များကို ဖော်ထုတ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဤသမိုင်းသစ်ကျနယ်တွင် ကျွန်ုပ်တို့ ညီအစ်ကိုတော်များဖြစ်ကြသည့် ကရင်၊ ပအိုဝ်း၊ ရခိုင်လူမျိုးတို့သည် မိမိတို့၏ သမိုင်းဖြစ်စဉ် စာပေ၊ အနုပညာ၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကိုရှာဖွေ စုဆောင်းလျက် လွတ်လပ်စွာ ဖော်ထုတ်ရေးသားတင်ပြလိုက်ရပါသတည်း

ခဲ့စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	ကိုယ်ခန္ဓာဗေဒနှင့်ဇီဝဗေဒဆိုင်ရာ အခြေခံသဘောတရားများ	၁
၂	ကိုယ်ခန္ဓာဗေဒ အခန်းအနားနှင့် ဝေါဟာရများ	၇
၃	ကိုယ်ခန္ဓာဗေဒ အခန်းအနားနှင့် ဝေါဟာရများ (ဆက်လက်)	၉
၄	ကိုယ်ခန္ဓာဗေဒ ဆိုင်ရာ ဓာတ်ခွဲခန်းများ	၁၂
၅	ကိုယ်ခန္ဓာဗေဒ ဆိုင်ရာ ဓာတ်ခွဲခန်းများ (ဆက်လက်)	၁၅
၆	အရိုးစုများ	၁၇
၇	အရိုးစုများ (ဆက်လက်)	၂၅
၈	အရိုးစုများ (ဆက်လက်)	၃၁
၉	အရိုးစုများ (ဆက်လက်)	၃၆
၁၀	အရိုးစုများ(FEUDALISM)	၄၁
၁၁	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက်	၄၄
၁၂	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၄၅
၁၃	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၄၉
၁၄	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၅၃
၁၅	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၅၆
၁၆	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၅၈
၁၇	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၆၁
၁၈	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၆၄
၁၉	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၆၆
၂၀	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၆၉
၂၁	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၇၀
၂၂	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၇၂
၂၃	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၇၆
၂၄	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၇၉
၂၅	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၈၂
၂၆	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၈၆
၂၇	ဦးခေါင်းခွံအရိုးစုများ ခြုံငုံသုံးသပ်ချက် (ဆက်လက်)	၉၁

လွတ်လပ်သော ကရင်သမိုင်းသုတေသနဒုဖွဲ့

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ကိုလိုနီခေတ်ကရင်လူမျိုးများအတွင်း ခရစ်ယန်ဘာသာပြန့်ပွါးလာခြင်း	၁
၂။	ကိုလိုနီခေတ် ကရင်အမျိုးသားနိုင်ငံရပ်ခြား ဝညာသင်များ	၅
၃။	ကိုလိုနီခေတ် ကရင်အမျိုးသားများ၏ အမျိုးသားရေးလှုပ်ရှားမှု	၉
၄။	ကိုလိုနီခေတ်အုပ်ချုပ်ရေးနှင့်ကရင်ပြည်တောင်းဆိုခြင်း	၁၂
၅။	ကရင်မူလအစ လေ့လာရေးစာတမ်းတစောင်	၂၇
၆။	ဘာသာပြန်ကရင်သမိုင်း (ဘာသာပြန်၊ နော်မြင့်မြင့်ဝင်း)	၄၁

ကိုလိုနီခေတ်ကရင်လူမျိုးများအတွင်းခရစ်ယာန်သာသနာပြုမှုများခြင်း

ကရင်လူမျိုးတွေမှာ ရှေးမူလအစတည်းက မိရိုးဖလာကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်ပြီး ဒေသအလိုက်၊အထွေထွေအ ပြားပြားရှိခဲ့ပါတယ်။ အရှေ့တောင်အာရှဖြစ်တဲ့မြန်မာပြည်ကို ဝင်ရောက်ခြင်းမပြုမီထဲက၊ရှိခဲ့တယ်လို့ယူဆရပါတယ်။ မြစ်ချောင်း၊ တောတောင်၊ သစ်ပင်၊ မုန်တိုင်း၊ မိုးကြိုး၊ နေလစတဲ့အရာတွေဟာ မြင့်မြတ်ကြီးကျယ်တဲ့ တန်ခိုးရှင်ကပိုင်ဆိုင်တယ်လို့ယုံ ကြည်ကြတယ်။ ဒီအရှင်တွေကိုယုံကြည်လေးမြတ်စွာ ပသကိုးကွယ်တဲ့အလေ့အထလည်းရှိခဲ့ပါတယ်။

ဒီတန်ခိုးကြီးမားလာတဲ့ အရှင်သခင်ကိုပသတဲ့အခါ ကြက်၊ ဝက်၊ အရက်နှင့်ကောက်ညှင်းတွေနဲ့ပူဇော်လေ့ရှိတယ်၊ အချို့ပသတဲ့ပွဲတွေမှာ ကျွဲတွေနဲ့ပူဇော်တာကိုလည်းတွေ့ရတယ်။ တောင်ငူအရှေ့ဖက် သံတောင်အရပ်က နတ်တောင်ခေါ်တဲ့ သောသီခတောင်များနှင့်ဖားအံဖွဲကပင်တောင်ခြေဒေသတွေမှာ အလွန်ကြီးမားတဲ့ပူဇော်ပသပွဲတွေလုပ်ကြပါတယ်။ ယွုတော့ ဒူဝေနတ်ရယ်လို့ကိုးကွယ်တာတွေ့ရတယ်။

ဒီလိုယုံကြည်ချက်တွေဟာ မြန်မာပြည်မှာ ပြန့်နှံ့ရောက်ရှိနေထိုင်ကြတဲ့ ကရင်မျိုးနွယ်စုရဲ့ တချို့ဒေသတွေမှာ ယုံ ကြည်ဆဲ၊ ပူဇော်ပသဆဲပဲဖြစ်ပါတယ်။

မြန်မာပြည်တောင်အောက်ပိုင်းမှာရှိတဲ့ ကရင်မျိုးနွယ်စုနေထိုင်ရာဒေသသို့(၂)ရာစုလောက်က ဗုဒ္ဓဘာသာရောက်ရှိ လာတဲ့အခါ ကရင်လူ့အဖွဲ့အစည်းထဲမှာ ဗုဒ္ဓဘာသာကို လက်ခံယုံကြည်လာကြတယ်။ ဒါပေမဲ့ မိရိုးဖလာရိုးရာပူဇော်ပ သပွဲတွေ ကို မစွန့်လွှတ်နိုင်ကြဘဲ ပူးတွဲဆောင်ရွက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

၁၉-ရာစုအစောပိုင်းကာလမှာ အနောက်တိုင်းခရစ်ယန်သာသနာ ကိုးကွယ်ယုံကြည်မှုဟာ မြန်မာပြည်ကိုရောက်ပြီးတဲ့ နောက် ကရင်လူမျိုးတွေထဲမှာ အလျှင်အမြန်ပြန့်ပွားခဲ့ပါတယ်။ လေ့လာသူအချို့က ကရင်လူမျိုးတွေမှာမျိုးရိုးအစဉ်အဆက် နှုတ်တိုက်ထွက်ဆိုလာတဲ့"ထား"ခေါ်တဲ့ တေးကဗျာတွေအထဲက ခရစ်ယန်သာသနာကို လက်ခံနိုင်မဲ့အခြေအနေတချို့ကိုလည်းယုံ ကြည်မှုတွေရှိတယ်လို့ဖော်ပြကြပါတယ်။

ဒီယုံကြည်မှု အစိတ်အပိုင်းတချို့မှာ ခရစ်ယန်သာသနာ ဓမ္မဟောင်းကျမ်းချက်က ကဏ္ဍတချို့နှင့်တူညီမှုတွေရှိတဲ့အ တွက် ကရင်လူ့အဖွဲ့အစည်းရဲ့အစဉ်အဆက်ဟာ မြန်မာပြည်ကိုမဝင်ရောက်ခင် တရုတ်ပြည်အနောက်ဘက်က ဂျူး (ရဟူဒီ) အုပ်စုများနှင့် ဆက်စပ်မှုရှိလိမ့်မည်လို့ ထင်မြင်ယူဆကြပါတယ်။ အဓိကအားဖြင့် ဖန်ဆင်းရှင်ကို အသိအမှတ်ပြုတာရယ်၊ ထာဝရဘုရားနှင့် လူသား တရပ်လုံးရဲ့သခင် "ယွား"ခေါ်တဲ့၊ ဘုရားရှင်ကို ယုံကြည်တဲ့အချက်ဟာ အဓိအချက်ဖြစ်ပါတယ်။ နောက်တချက်က ဂ်ရင်ဟာ ရှေးကာလထဲက သူ့ကိုယ်သူ အကိုကြီးလို့ဖော်ပြပြီး၊ အင်္ဂလိပ်မျက်နှာဖြူဟာ ညီငယ်ဖြစ် တယ်။"ယွား"ခေါ်တဲ့ ဘုရားသခင်ဟာ အကိုကြီးကို အလွန်အဖိုးတန်တဲ့၊ ကျမ်းစာအုပ်ကိုပေးခဲ့ပါတယ်။ ဒါပေမဲ့ဒီစာအုပ်ကို အလေးမထားမှုနှင့် ပျောက်ဆုံးသွားပြီး ဒုက္ခနဲ့တွေ့ကြုံခဲ့ကြရတယ်။ ညီအငယ်ဆုံးဖြစ်တဲ့ အင်္ဂလိပ်မျက်နှာဖြူက အဲဒီစာအုပ် ယူပြီးထွက်သွားတယ်လို့ဆိုပါတယ်။ တနေ့မှာ ဒီစာအုပ်ကိုညီအငယ်ဆုံးက အကိုကြီးဆီကို ပြန်လည်ယူဆောင်ခဲ့မှာဖြစ်ပြီး အကိုကြီးကိုလက်ရှိဒုက္ခဆင်းရဲကနေပြီး ပြန်လည် ကယ်တင်လိမ့်မည်ဆိုပြီး ယုံကြည်မှုတွေရှိတယ်လို့ ရေးသားခဲ့ကြပါတယ်။

သာသနာပြုတွေရဲ့"သမ္မာကျမ်းစာ"ကိုပျောက်ဆုံးနေတဲ့ ကျမ်းစာအုပ်အနေနဲ့ရော၊ အမေရိကန်သာသနာပြုတွေကို ညီအ ငယ်ဆုံးအဖြစ်နဲ့ပြန်လည်ရောက်ရှိလာပြီး အကိုကြီးကရင်ကို ပေးအပ်မယ်ဆိုတဲ့ ယုံကြည်ချက်ဟာ ခရစ်ယန်သာသနာကို အလွယ် တကူ လက်ခံယုံကြည်စေခဲ့ပါတယ်။

မြန်မာပြည်ရဲ့ခရစ်ယန်သာသနာကို စတင်မျိုးစေ့ချပေးခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ အမေရိကန်နိုင်ငံသား အဒိုနီယန်ဂျက်ဆင် **(Adoni -ram Judson)** ဖြစ်တယ်။မြန်မာလို ယုဒသန်လို့ခေါ်တယ်။

ယုဒသန်ဟာ အောက်ဗမာပြည်ရန်ကုန်ဆိပ်ကမ်းကို အေဒီ-၁၈၁၃-ခုနှစ်၊ဇူလိုင်လ(၁၃)ရက်နေ့မှာ ဂျော်ဂျီယာ **(Georgia)**သဘော်ကနဲ့ဆိုက်ရောက်ခဲ့ပါတယ်။ဂျော်ဂျီယာသဘော်ဟာ အိန္ဒိယပြည် မဒရပ်**(Madras)**မြို့ကနေ ၁၈၁၃-ခုနှစ်၊ ဇွန်လ(၂၂)ရက်နေ့မှာထွက်ခဲ့ပြီး ရန်ကုန်မြစ်ဝကို ဇူလိုင်လ(၁၂)နေ့မှာဆိုက်ရောက်ခဲ့တယ်။ ဘိုးတော်ဘုရားအုပ်ချုပ်တဲ့ကာ လဖြစ်တယ်။ ဒါပေမဲ့နှစ် များမကြမီ ဘိုးတော်ဘုရားနတ်ရွာစံပြီး ဘကြီးတော်ဘုရား ၁၈၁၉-ခုနှစ်မှာ နန်းတက်ခဲ့တယ်။

ဆရာကြီးယုဒသန်ရဲ့ ခရစ်ယန်သာသနာပြန်ပွားဖို့ကြိုးပမ်းချက်ရဲ့ရလဒ်ကတော့ မြန်မာလူမျိုးထဲက "မောင်နော" ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဦးဦးဖျားဖျား ရေနှစ်ခြင်းမင်္ဂလာခံယူပြီး ခရစ်ယန်သာသနာသို့ ပြောင်းခဲ့တယ်။ ဦးဆုံးရေနှစ်ခြင်းခံတဲ့နှစ်က ၁၉၁၉-ခုနှစ်၊ ဇွန်လ(၂၇)ရက်နေ့ဖြစ်တယ်။ နောက်ပိုင်းမှာတော့ မြန်မာလူမျိုးတွေဖြစ်ကြတဲ့ ဦးလင်း၊ မောင်သာလှ၊ မောင်ပြေ၊ မောင်ရွှေအေး၊ မောင်မြလှ၊ မောင်ရိုးနှင့် ဦးသာအေးတို့ ရှေ့ဆင့်နောက်ဆင့် ခရစ်ယန်သာသနာသို့ ကူးပြောင်းကြတယ်။အမျိုးသမီးတွေထဲက မတင်လေး၊ မမြကလေးနှင့် မဒုတ်တို့လည်းပါဝင်ကြတယ်။

ကရင်လူမျိုးထဲမှာတော့ ပထမဦးဆုံး ခရစ်ယန်သာသနာကို ကူးပြောင်းခဲ့တဲ့ပုဂ္ဂိုလ်ကတော့ ကိုသာဖြူဖြစ်တယ်။ ကိုသာဖြူဟာ ပုသိမ်မြို့မြောက်ဖက်၊ ဦးဒဝေါကျေးရွာဇာတိဖြစ်တယ်။ကိုသာဖြူဟာ အသက်(၁၅)နှစ်ကတည်းက အိမ်က ထွက်ပြီး ခိုးဆိုးတိုက် ခိုက်လုယက် လူသတ်မှုစတဲ့မကောင်းမှုတွေကို နှစ်ပေါင်း(၃၀)လုံးလုံး ကျူးလွန်လာတဲ့ လူဆိုးကြီးတဦးဖြစ်တယ်။ ဆရာကြီးယုဒသန်ရဲ့ သွန်သင်မှုနှင့်လူကောင်းဖြစ်လာပြီး ၁၈၂၈-ခုနှစ်၊ မေလ(၁၆)ရက်နေ့မှာ ခရစ်ယန်ဘာသာဝင်တဦးဖြစ်လာခဲ့တယ်။ ကိုသာဖြူ ခရစ်ယန်ဘာသာဝင်တဦးဖြစ်လာပြီးတဲ့နောက် ကရင်လူမျိုးတွေရှိတဲ့ တောင်ပေါ်မြေပြန့်တွေမှာ သာသနာလုပ်ငန်း ကိုမရပ်မနားဟောပြောခဲ့ပြီး အသက်(၆၂)နှစ်၊ ၁၈၄၆-ခုနှစ်၊စက်တင်ဘာလ(၉)ရက်နေ့မှာကွယ်လွန်ခဲ့တယ်။

ကိုသာဖြူရဲ့ တောင်ပေါ်မြေပြန့် သာသနာပြုလုပ်ငန်းမှာ ပထမဦးဆုံး ခရစ်ယန်ဘာသာဝင်ထဲ ကူးပြောင်းလာတဲ့ပုဂ္ဂိုလ်ကတော့ "စောကွာလား"ဖြစ်တယ်။စောကွာလားရဲ့အဓိပ္ပါယ်ကတော့မျှော်လင့်ခြင်းဖြစ်တယ်။ ကရင်လူမျိုးထဲမှာ ကိုသာဖြူပြီးနောက် ဒုတိယမြောက်ခရစ်ယန်ဘာသာကို ကူးပြောင်းသူတဦးဖြစ်တယ်။ စောကွာလားကို ဦးအင်းက ၁၈၃၀-ခုနှစ်၊ ဒီဇင်ဘာလ အတွင်းမှာ ရေနှစ်ခြင်းမင်္ဂလာပေးခဲ့တယ်။ ကိုသာဖြူနှင့် စောကွာလားတို့နှစ်ဦးကစခဲ့တဲ့ ခရစ်ယန်သာသနာဟာ နောက်ပိုင်း ကရင်-အုပ်စုတွေကို ပြန့်နှံ့သွားခဲ့ပါတယ်။ ၁၈၂၈ခုနှစ် စကောလူမျိုးထဲကစခဲ့တဲ့ ခရစ်ယန်သာသနာဟာ ၁၈၃၆ခုနှစ်မှာ ပိုးကရင်၊ ၁၈၃၈ခုနှစ်မှာ ပအိုဝ်းလူမျိုး၊ ၁၈၅၃ခုနှစ်မှာ တောင်ပေါ်ကရင်နှင့် အခြားမျိုးနွယ်စုတွေဆီသို့ အလျင်အမြန်ပြန့်နှံ့ခဲ့ပါတယ်။ လက်ရှိကရင်မျိုး နွယ်စုထဲက ခရစ်ယန်ဘာသာကိုးကွယ်သူ (၅)သိန်းခန့်ရှိမယ်လို့ ခန့်မှန်းရပါတယ်။

ဆရာကြီးယုဒသန် မြန်မာပြည်ကိုရောက်လာပြီးတဲ့နောက် မြန်မာလူမျိုးများ ရှေးဦးစွာခရစ်ယန်ဖြစ်ခဲ့ပေမယ့် ကရင်လူ့အဖွဲ့ အစည်းထဲမှာ လျင်လျင်မြန်မြန်နှင့် ပြန့်နှံ့သွားတဲ့အကြောင်းရင်းတွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

၁။ ဖြိတိသျှအုပ်ချုပ်ရေး မြန်မာပြည်ကိုဝင်ရောက်လာခြင်း။

၂။ကရင်လူ့အဖွဲ့အစည်းဟာ မြေရှင်ပဒေသရာဇ်အုပ်ချုပ်ရေးနှင့် ဖိနှိပ်မှု၊ လစ်လျူရှုမှုကြောင့် အထီးကျန်ဖြစ်ပြီး မှီခိုအားထားရာ၊ ကိုးကွယ်ရာမျှော်လင့်နေခြင်းဖြစ်ခြင်း။

၃။ တောင်ပေါ်မြေပြန့် ဗုဒ္ဓဘာသာကို လက်ခံယုံကြည်မှုထက် မိရိုးဖလာကိုစွဲမြဲနေခြင်းဖြစ်ခြင်း။

၄။ အမေရိကန်သာသနာပြုများရဲ့ ကိုယ်ကျိုးစွန့်ပြီးကြိုးပမ်းကြခြင်း။

၅။ စကောကရင်၊ ပိုးကရင်စာပေကိုတီထွင်ပြီး-ကရင်လူထုအတွင်းပြန့်နှံ့ခဲ့ခြင်း။

၆။ ကရင်များကိုယ်တိုင် တက်တက်ကြွကြွ မရပ်မနားကြိုးပမ်းမှုတွေအပေါ် အခြေတည်ပြီး ခရစ်ယန်သာသနာဟာ ကရင်လူ့အဖွဲ့အစည်းသာမက မြန်မာပြည်အနှံ့ ကျယ်ပြန့်သွားခဲ့ပါတယ်။ ဒါတင်မကဘူး၊ မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးအသီးသီးထဲကို ခရစ်ယန်သာသနာကူးပြောင်းသွားတဲ့လုပ်ငန်းတွေဟာ ကရင်လူ့အဖွဲ့အစည်းအပေါ် အခြေခံခဲ့တယ်လို့ပြောရင်ရပါတယ်။

ကိုလိုနီခေတ် ကရင်လူမျိုးများ ပညာရေးတိုးတက်လာခြင်း

အမေရိကန်ခရစ်ယန်သာသနာပြုများ မြန်မာပြည်ကိုရောက်မလာမီကာလထိ ကရင်လူ့အဖွဲ့အစည်းရဲ့ ပညာသင်ကြားရေး အစီအစဉ်ကို အုပ်ချုပ်သူမြေရှင်ပဒေသရာဇ် လူတန်းစားတွေက ဘာမှဆောင်ရွက်ခဲ့တာမရှိပါဘူး။ ဗုဒ္ဓဘာသာကိုအခြေခံတဲ့ ဘုန်းကြီးကျောင်းပညာရေးဟာလည်း ကရင်လူမျိုးတွေအတွက် မပတ်သက်ပဲ အတော်အလှမ်းကွာခဲ့ပါတယ်။

ကရင်လူ့အဖွဲ့အစည်းရဲ့ပညာရေးဟာ မြန်မာပြည်ကိုအခြေချလာတဲ့ အမေရိကန်သာသနာပြုတွေရဲ့ သာသနာ လုပ်ငန်းအပေါ် အခြေခံပြီးတိုးတက်ခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာဘုရင်အဆက်ဆက် ဗုဒ္ဓဘာသာကိုအခြေခံတဲ့ အုပ်ချုပ်ရေးနယ်မြေဒေသတွေမှာ ခရစ်ယန်သာသနာပြုလုပ်ငန်းကို လွတ်လပ်စွာဆောင်ရွက်ခွင့်မပြုခဲ့ပါဘူး။ ဒါပေမယ့် ၁၈၂၄-ခုနှစ်၊ ဘကြီးတော်ဘုရားလက်ထက် အင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပြီး

မြန်မာဘုရင်တွေစစ်ရှုံးလို့ ရခိုင်နှင့်တနင်္သာရီကို အင်္ဂလိပ်လက်ထဲထိုးအပ်ရတဲ့အချိန်ကစပြီး အောက်ဗမာပြည်မှာ ခရစ်ယန်သာသနာကို လွတ်လပ်စွာ သာသနာပြုခွင့်ရခဲ့တယ်။

ခရစ်ယန်သာသနာရဲ့ အစပထမဦးဆုံးလူပ်ရှားမှုမှာ ၁၈၁၃–၁၈၂၈ခုနှစ် မြိတ်၊ ထားဝယ်၊ တောင်ပေါ်တောင်ကြားတွေမှာရှိတဲ့ ကရင်လူမျိုးအမြောက်အများကို ခရစ်ယန်သာသနာသို့ကူးပြောင်းစေခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၃၀–ခုနှစ်ပတ်ဝန်းကျင်ထိ ကရင်စာရယ်လို့မရှိသေးပါဘူး။ ကရင်လိုရေးသားထားတဲ့ စာပေတွေလည်းမရှိသေးပါဘူး။ ဒီအချက်ကိုဖြေရှင်းဖို့ သိက္ခာတော်ရဆရာတော် ဂျွန်နသန်ဝိတ်(**Rev. Jonathan Wade**)က ၁၉၃၂–ခုနှစ်မှာ စကောကရင်စာကို တီထွင်ပေးခဲ့တယ်။ အဲဒီနှစ်မှာပဲ စကော ကရင်အခြေခံဖတ်စာတွေပေါ်ပေါက်ခဲ့ပါတယ်။ ပိုးကရင်သင်ပုန်းကြီးဖတ်စာကိုတော့ ဆရာကြီးဘရေတန်(**Rev. Durlin L. Brayton**)က ၁၉၄၀ခုနှစ်မှာ စတင်ပြီးတီထွင်ခဲ့တယ်။ ၁၈၄၀ မှ ၁၉၅၀–ခုနှစ်ထိ(၁၀)နှစ်အတွင်း ဗျည်း၊ သရအမျိုးမျိုးနှင့် အပြည့်အစုံ တီထွင်ပြီးမြောက်ခဲ့ပါတယ်။

၁၉၂၈–၅၀ စကောကရင်နှင့် ပိုးကရင် အက္ခရာတွေကို တီထွင်ပြီးမြောက်ခဲ့ပြီးတဲ့နောက် ပိုး၊ စကော သမ္မာကျမ်းစာအုပ်နှင့် သင်ခန်းစာအမျိုးမျိုးကို ထုတ်ဝေခဲ့ပါတယ်။ နောက်ပိုင်း သိပ္ပံအတတ်ပညာ၊ ဗဟုသုတစာပေအမျိုးမျိုးကို ကရင်အမျိုးသားများကိုယ်တိုင် ရေးသားထုတ်ဝေခဲ့ကြပါတယ်။

သာသနာပြုလုပ်ငန်းနှင့်ဆက်စပ်ပြီး စာသင်ကျောင်းတွေစတင်ဖွင့်လှစ်ခဲ့တာ ထားဝယ်မြို့မှာဖြစ်တယ်။ စာသင်သားတွေကတော့ ထားဝယ်ဒေသအရပ်ရပ်မှာရှိတဲ့ ကရင်အများစုဖြစ်တယ်။ ၁၉၃၁ခုနှစ်မှာ မစ္စစ်ဘိုမာန်(**Mrs. Boardman** ကစတင်ဖွင့်လှစ်ခဲ့တယ်။ ၁၉၂၈ခုနှစ် သာသနာပြုလုပ်ငန်းကို မော်လမြိုင်က ထားဝယ်ကိုပြောင်းခဲ့တဲ့နှစ်ကစပြီး စာသင်ကျောင်းကိုစတင်ဖွင့်လှစ်ခဲ့ပေမယ့် ၁၉၂၉ခုနှစ်မှာ ထားဝယ်သားတွေပုန်ကန်မှုလုပ်လို့ ခေတ္တပိတ်ထားခဲ့ရပါတယ်။ စဖွင့်ဖွင့်ခြင်းဗြိတိသျှဗမာပြည်အစိုးရရဲ့ အထောက်အပံ့ကို ရယူခဲ့ပါတယ်။ ဒါပေမယ့် အစိုးရအထောက်အပံ့ရယူတဲ့ စာသင်ကျောင်းတွေမှာ ခရစ်ယန်ဘာသာရေး သင်ခန်းစာတွေမသင်ရလို့ ပိတ်ပင်တဲ့အတွက် မစ္စစ်ဘိုမာန်က အကျောက်အကန်ဆန့်ကျင်ခဲ့တယ်။ နောက်ပိုင်း အစိုးရထောက်ပံ့ ကြေးရယူတဲ့ကျောင်းမှာ ခရစ်ယန်ဘာသာရေးစာပေတွေ မသင်ရဆိုတဲ့မူအရရှိပေမဲ့ မစ္စစ်ဘိုမာန်ကတော့ သူ့ဆန္ဒအတိုင်း ဆက်လက်သင်ကြားခဲ့ပါတယ်။ မစ္စစ်ဘိုမာန်က စတင်တည်ထောင်ခဲ့တဲ့ ထားဝယ်ဒေသ သာသနာကျောင်းတွေမှာတော့ ခရစ်ယန်ဘာသာရေးသင်ခန်းစာကို သင်ကြားကြပါတယ်။ ၁၈၃၅ခုနှစ်ကစတင်ပြီး ၁၈၅၇ခုနှစ်အထိ သာသနာကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ခဲ့တယ်။ ထားဝယ်မြို့ထဲရွာထဲရှိတဲ့ မစ္စဘိုမာန်စတင်ဖွင့်လှစ်တဲ့ကျောင်းကတော့ အဲဒီခေတ်ကဖွင့်လှစ်ခဲ့တဲ့ အစိုးရထောက်ပံ့ရေးကျောင်းတွေအတွက် စံနမူနာအဖြစ်ရှိနေပါတယ်။

အစိုးရကျောင်းတွေကို တနင်္သာရီဒေသမှာ စတင်ဖွင့်လှစ်ခဲ့တဲ့နှစ်က ၁၈၃၂ခုနှစ်ဖြစ်တယ်။ ကျောင်းကိုတာဝန်ယူအုပ်ချုပ်တဲ့ ပုဂ္ဂိုလ်က မစ္စတာဘားနက်ဖြစ်တယ်။ ယခင်က သာသနာပုံနှိပ်စက်ကို တာဝန်ယူခဲ့သူဖြစ်တယ်။ မော်လမြိုင်မြို့(**Main Gay**)မိန်းဂေးလမ်းမှာ ဖွင့်လှစ်ခဲ့တယ်။ ဗြိတိသျှအစိုးရက ကျောင်းသားတယောက်ကို တလ(၅၀၀)ကျပ်နှုန်းနှင့် အကုန်အကျခံပြီးဖွင့်လှစ်ခဲ့တယ်။ မစ္စတာဘားနက်ကို သာသနာအသင်းတော်ကပေးတဲ့ လစာနှုန်းအတိုင်းထောက်ပံ့တယ်။ ဒီကျောင်းဟာ ဗမာပြည်မှာ ပထမဦးဆုံး ဖွင့်လှစ်တဲ့ အစိုးရကျောင်းဖြစ်တယ်။ နောက်ပိုင်း မြို့နှင့်ကျေးလက်တောရွာတွေမှာ အစိုးရကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ခဲ့တယ်။

ခရစ်ယန်သာသနာပြုအဖွဲ့ကလည်း ထားဝယ်မြန်မာ ယောကျ်ားလေး "ကျောင်းအိပ်ကျောင်းစား" ကျောင်းစနစ်တခုကို စတင်ခဲ့ပြီး မစ္စတာဟိုစီယာဟောင်းဝပ်(**Mr.Hosea Howard**)ကို တာဝန်ပေးခဲ့တယ်။

နောက်ပိုင်း သာသနာပြုကျောင်းတွေကို မော်လမြိုင်နှင့်ကျိုက္ခမီဒေသတွေမှာဖွင့်လှစ်ပြီး ကျေးလက်တွေမှာတော့ သံလွင်မြစ်ကမ်းမှာရှိတဲ့ "စောချစ်သိုင်းရွာ၊ ဒါးကျိုင်းက နျူးဗီးလီး(**Newvillage**)ရွာ၊အတ္တရံမြစ် ကမ်းပေါ်က ဘူတာ(**Bootar**)ရွာ၊ ဂျိုင်းမြစ် ပေါ်က ဒုံရင်းရွာ"တို့ကိုတိုးချဲ့ဖွင့်လှစ်ခဲ့တယ်။ မော်လမြိုင်အရှေ့နှင့် မြောက်ပိုင်းဒေသတွေကို ဆရာကြီးယုဒသန်နှင့် ဆရာကြီးဗင်တန် တိုကိုယ်တိုင် လှည့်လည်ပြီး ဦးဆောင်ဖွင့်လှစ်ခဲ့တယ်။ သာသနာကျောင်းဟာ ထားဝယ်မှာ(၄)ကျောင်းရှိပြီး၊ ကျေးလက်တွေမှာ(၁၁) ကျောင်းထိတိုးတက်ခဲ့တယ်။

၁၈၄၇–ခုနှစ် ကာလကတ္တား ရီဗယူးစာစောင်က ဆောင်းပါးတစောင်ထဲမှာ သာသနာပြုတွေရဲ့ ပညာရေးကြိုးပမ်းချက်တွေကို ချီးကျူးရေးသားခဲ့ပါတယ်။ သာသနာပြုကျောင်းတွေဟာ မော်လမြိုင်နှင့်မြိတ်မှာရှိတဲ့ အစိုးရကျောင်းတွေထက် အဆင့်

မြင့်ပြီး ကရင်လူမျိုးတွေအပေါ် ထိရောက်တဲ့ အကျိုးသက်ရောက်မှုတွေရှိတယ်လို့ ရေးသားခဲ့ပါတယ်။

၁၈၆၈–ခုနှစ် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲပြီးတဲ့နောက် အင်္ဂလိပ်တို့သိမ်းပိုက်ထားတဲ့ ပဲခူးအောက်ပိုင်း၊ တနင်္သာရီ၊ ရခိုင်မြစ်ဝ ကျွန်းပေါ်ဒေသ၊ ပုသိမ်စတဲ့ ကရင်အများစုနေထိုင်တဲ့ဒေသတွေမှာ သာသနာကျောင်း(၅၄)ကျောင်းထိဖွင့်လှစ်ခဲ့ပြီး တက်ရောက်သင်ကြားသူဦးရေ (၁၀၇၅)ယောက်ရှိခဲ့တယ်။ စကောကရင်ကျေးရွာတွေမှာ ကျောင်းပေါင်း(၄၀)နှင့် ပိုးကရင်ကျေးရွာမှာ(၁၂)ကျောင်း၊ မြန်မာကျေးရွာမှာ(၂)ကျောင်းရှိခဲ့ပါတယ်။

နောက်ပိုင်း ၁၉၂၆–ခုနှစ်ထိ စကောကရင်လူမျိုးတွေနေထိုင်တဲ့ ပုသိမ်၊ မြောင်းမြ၊ ရန်ကုန်၊ မော်လမြိုင်၊ သထုံ၊ ဟင်္သာတ၊ မြိတ်၊ ထားဝယ်၊ တောင်ငူဘွဲ့၊ တောင်ငူပကူး၊ ပြည်၊ သာယာဝတီ၊ ရွှေကျင်၊ ညောင်လေးပင်၊ ဖာပွန်၊ မြန်မာပြည်မြောက်ပိုင်း ကျေးရွာတွေအပြင် ပိုးကရင်တွေနေထိုင်တဲ့ ပုသိမ်၊ မြောင်းမြ၊ ကျုံပျော်၊ ကျောင်းကုန်း၊ ရန်ကုန်၊ မအူပင်၊ ဟင်္သာတ၊ ဓနုဖြူစတဲ့ ကျေးရွတွေမှာ စာသင်ကျောင်းပေါင်း(၇၀၀)ကျော်ရှိခဲ့ပါတယ်။ ဒီစာသင်ကျောင်းတွေဟာ အများအားဖြင့် မူလတန်းကျောင်းတွေဖြစ်ပြီး ဘော်ဒါလက်ခံတဲ့ အထက်တန်းကျောင်းတွေလည်းပါဝင်ခဲ့တယ်။

- **ပြီတိသျှအုပ်ချုပ်မှုအောက်မှာ ကျောင်း(၃)မျိုးရှိတယ်။**

(၁) အင်္ဂလိပ်ကျောင်း: **(European School)**

၂။ အင်္ဂလိပ်တိုင်းရင်းသား (၂)ဘာသာကျောင်: **(Anglo Vanacular School)**

(Christian School and Publication 1935-45) ကရင်သမိုင်း:-**KNU** ဌာနချုပ်

၃။ တိုင်းရင်းသားဘာသာကျောင်: **(Vanacular School)**တို့ဖြစ်တယ်။

ခရစ်ယန်သာသနာ **(Bablist)**စတဲ့ဘာသာပြန့်နှံ့ရာဒေသ၊ ကရင်များနေထိုင်တဲ့ဒေသတွေမှာ တောနှင့်မြို့အပါအဝင် ကရင်ကျောင်း များကိုလည်း သီးခြားဖွင့်လှစ်ခဲ့တဲ့ ဒေသတွေလည်းရှိခဲ့ပါတယ်။

ကရင်စာသက်သက် သင်ကြားတဲ့ကျောင်းတွေကို ၁၉၁၂–ခုနှစ်မှာစတင်ပြီး သင်ကြားနိုင်ခဲ့တယ်။ မူလတန်းပဲမြန်မာအင်္ဂလိပ်စာကလွဲပြီး ဘာသာရပ်ပေါင်းစုံကို ကရင်လိုသင်ကြားပါတယ်။

၁၉၂၄–ခုနှစ်မှာ အလယ်တန်းထိ၊ ၁၉၂၆–ခုနှစ်မှာ(၁၀)တန်းအထိ တိုးမြှင့်သင်ကြားခဲ့တယ်။ ကရင်အထက်တန်းကျောင်းတွေကို ထုံးကြီး၊ နက်ဖိုးခိုနှင့် ပစိုကူးမှာဖွင့်လှစ်ခဲ့တယ်။

–အချို့ကရင်ကျောင်းများမှာ လက်သမားအတတ်ပညာကို သင်ကြားတယ်။

–အင်္ဂလိပ်ရေဖြန်း အထက်တန်းကျောင်းကြီးများ(ရန်ကုန်စိန်ဂျွန်း၊ တောင်ငူစိန်လုစ်– ကရင်လူမျိုးအများစုနေထိုင်ကြတယ်။)

–ဘရင်ဂျီကျောင်းများမှာလည်း ကရင်အများစုနေထိုင်ကြတယ်။

–ပျဉ်းမနားစိုက်ပျိုးရေးကျောင်း၊ မော်လမြိုင် မစ်ရှင်သူနာပြုကျောင်း၊ ရန်ကုန်ဝမ်းဆွဲဆရာမကျောင်း၊ နမ်ဆင်းသူနာပြုကျောင်းများမှာ ကရင်အများစုဖြစ်တယ်။

–ရန်ကုန် ကြည့်မြင်တိုင်အထက်တန်းကျောင်းကြီးနှင့် မော်လမြိုင် မော်တလိန်း အမျိုးသမီးအထက်တန်းကျောင်းမှာ ကရင်အမျိုးသမီးအများဆုံးဖြစ်ခဲ့တယ်။

–နှစ်ခြင်းကောလိပ်မှာ ကျောင်းသား(၃)ပုံ(၂)ပုံဟာ ကရင်များဖြစ်တယ်။ စနေအသင်းကျောင်းများဖြစ်တဲ့ မြောင်းမြ၊ မိတ္ထီလာ၊ အုန်းတောတို့မှာ ကရင်အများဆုံးတက်ရောက်သင်ကြားကြတယ်။

ကရင်အမျိုးသားနိုင်ငံရပ်ခြားကိုသွားရောက်ပြီးပညာသင်တဲ့-ကာလဟာ-၁၈၃၂-ခုနှစ်ဆရာယုဒသန်လက် ထက်မှစတင်ခဲ့ပါတယ်။ ပထမဦးဆုံးပုဂ္ဂိုလ်ကတော့ စောချစ်သိုင်းနှင့်-၁၈၄၇-ခုနှစ်မှာ ကရင်အမျိုးသား(၂)ဦး၊ ၁၈၆၀-ခုနှစ်မှာ ကိုးဆူးအကယ်ဒမီကျောင်းက အင်္ဂလိပ်စာပြတဲ့ စောစံသာနှင့် စောဆာနေစတဲ့ပုဂ္ဂိုလ်တွေဟာ ဘာသာရေးနှင့်ကျမ်းစာဘာသာပြန်လုပ်ငန်းကိစ္စနှင့် အမေရိကန်ကိုသွားရောက်ခဲ့ကြပါတယ်။

၁၈၆၀-ခုနှစ်မှာ-တိသံပြာကစပြီး မြတ်စံဖိုးခွေ၊ ရာဘတိုလို၊ ဟေမေကလဲဖိုး၊ စောကာဗျာ(စောကာဘဲ)ဖားကွယ်ထူး(ဖားကယ်ထူး)စတဲ့ပုဂ္ဂိုလ်တွေဟာ အမေရိကန်မှာသွားရောက်ပညာသင်ပြီး အမ်အေ**(M.A)**ဘွဲ့ကိုဆွပ်ခူးခဲ့ကြပါတယ်။

နောက်ပိုင်းစံစီဖိုးဟာ အမေရိကန်မှာ အမ်ဒီ**(M.D)**ဘွဲ့ကိုရခဲ့ပြီး ဘရမ မေရာမင်း ဆရာမ မရိုင်းရာထိုဟာ ပညာရေးဒီပလိုရခဲ့ပါတယ်။

ပထမကမ္ဘာစစ်ပြီးနောက် မိဘအသင်းတွင်ချမ်းသာတဲ့အိမ်ထောင်စုတွေဟာ မိမိတို့သားသမီးတွေကို အင်္ဂလန်ပို့ပြီးပညာသင်ကြားတဲ့ခေတ် အလေ့အထအတော်များပြားလာပါတယ်။ ဒီအထဲမှာ စောပါဒွဲ၊ ဆန္ဒနီလူနီ၊ စောဖိုးချစ်၊ စောဘမောင်၊ စောပေသာ၊ စောဘဦးကြီး စောဗစ်တာဖိုးတို့က ဥပဒေပညာကိုသင်ကြားပြီး ဝတ်လုံဘွဲ့ရ ခဲ့ကြပါတယ်။ စောစံဖိုးသင့်ကတော့ ဂီတပညာနှင့်ဘွဲ့ရခဲ့တယ်။

ကိုလိုနီအုပ်ချုပ်ရေးနှင့် ကရင်အမှုထမ်းငလောက

ကိုလိုနီအုပ်ချုပ်ရေး အစိုးရဌာနအသီးသီးမှာ ဝင်ရောက်ပြီးမင်းမှုထမ်းတဲ့ ကရင်အမျိုးသားရေးအတွက်ဟာ မြန်မာနှင့်ရခိုင်အမျိုးသားတွေလောက် အရေးအတွက်မများပါဘူး ကရင်လူဦးရေ(၉၅)ရာနှုန်းဟာလယ်သမားတွေဖြစ်ကြပြီး ကိုယ်ပိုင်လယ်လုပ် တောင်ယာခုတ်ပြီး မြေယာပိုင်ဆိုင်သူတွေများပြားပါတယ်။ အမှုထမ်းရာထမ်းလုပ်လိုသူများလည်း အတော် နဲပါးပါတယ်။ အကြောင်းရင်းက အောက်ပါအတိုင်းဖြစ်ပါတယ်။

(က) သာသနာပြုဘုန်းတော်ကြီးများနှင့် မိဘဆရာသွန်သင်ချက်တွေမှာ မင်းမှုထမ်းဆိုဒါ ရှုတ်ထွေးပြီး အကုသိုလ်များတဲ့နေရာတွေဖြစ်တယ်လို့ထင်မြင်နေကြခြင်း(ခ)အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်သူတွေက သွေးခွဲစနစ်ကျင့်သုံးပြီး ကရင်လူမျိုးတွေကို တပ်မှူးတပ်ထမ်းတွေမှာ အများဆုံးအသုံးချပြီး အုပ်ချုပ်ရေးဌာနတွေမှာ မြန်မာလူမျိုးတွေကိုပိုမိုခန့်ထားပြီး အခွင့်အရေးပေးခြင်း။

(ဂ)အုပ်ချုပ်ရေးမှာ မြန်မာတွေဟာ ကရင်တွေကို အထင်သေးအမြင်သေး ဖြစ်ပြီး ဌာနဆိုင်ရာစစ်ဆေးပွဲတွေမှာ ကရင်လူမျိုးတွေအမှတ်များပေမဲ့ အများစုအပယ်ခံရတဲ့အချက်ကြောင့် ကရင်လူမျိုး အမှုထမ်းတွေလေတပ်ကိုဝင် ဘို့စိတ်ဝင်စားတာအလွန်နဲပါတယ်။

ကိုလိုနီအုပ်ချုပ်ရေးမင်းမှုထမ်း ကရင်လူမျိုးတွေထဲမှာ နိုင်ငံရေးခေါင်းဆောင် ကော်မရှင်နာမင်းကြီးအထိ အမှု ထမ်းသူတွေ ရှိခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာတော့ မင်းကြီး ဦးဖေ၊ မင်းကြီး ဦးစံဝတို့ဖြစ်ကြတယ်။ ခရိုင်အုပ်ချုပ်ရေးအဆင့် အရေးပိုင်ဦးဘထူး ဦးစံ၊ ဦးထူးဘ၊ တို့ဖြစ်ကြတယ်။

-ကာကွယ်ရေးမှာ စောဘစိုးကွား၊ စောထောမန်၊ စောစိနို၊ စောဖိုးထူး၊ တို့ဖြစ်တယ်။

-ဆေးမှုထမ်းမှာ ဘသန်းချိန် ဝိစီဖိုး၊

-တရားရေးဌာနမှာ စောဘသိန်း၊ စောစိန်အို၊ စောမီးသတ်၊ စောဘသိန်းဟာ ဟိုင်ကုတ်တရားသူကြီးအထိတိုးမြင့်သွားတယ်။

-စက်မှုလက်မှုဌာနရုံးမှာ	-	စောဘမောင်ချိန်
-ပညာရေးဌာန	-	ဦးဖေ၊ ဦးဖုံးဘို၊ စောသာဖြူ
-သစ်တောဌာန	-	စောစိန်တင်
-နယ်စပ်ဒေသအုပ်ချုပ်ရေး	-	စောကြာဖူးညို

–စာရင်းစစ်ဌာန – ထင်လင်းမြတ်၊ စောမြသိန်း
–မြေတိုင်း – နဲလဆင်ဘဲ၊ စောဘတင်
–ထောက်ချီးဌာန – ဦးသာချိန်၊ ဦးထူးနဲ
–မြေယာဌာန – ပဒိုသာအေးကြီး
–ညီညွတ်ရေးဌာန – ဦးဘအိုး၊ စောဘညိုတို့ဖြစ်တယ်။

အထက်ပါအုပ်ချုပ်ရေးမှာ အမှုထမ်းသူတွေဟာ ဒုတိယ ကမ္ဘာစစ်နောက်ပိုင်းမှ ဝင်ရောက်အမှုထမ်းတဲ့ပုဂ္ဂိုလ် တွေများဖြစ်တယ်။

ကရင်အမျိုးသားဟာ ရိုးသားစွာအသက်မွေးဝမ်းကျောင်းမှုအေးချမ်းမှုကိုနှစ်သက်မြတ်နိုးပေမဲ့ ကိုယ်ပိုင်ကာကွယ်မှုနဲ့ အခွင့်အရေးပစ်ခတ်စားသောက်တဲ့အလေ့အကျင့်အပေါ် လက်နက်ကိုင်တွယ်မှုကိုနှစ်သက်ကြလေ့ရှိတယ်။ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကိုဝင်ရောက်အုပ်ချုပ်တဲ့အခါ ကရင်လူမျိုးအများအပြားဟာ၊ အင်္ဂလိပ်တပ်ထဲဝင်ပြီး စစ်မှုထမ်းကြပါတယ်။

–မြန်မာပြည်တပ်မတော် မှာကရင်(၅၀)ရာနှုန်းအမှုထမ်းကြတယ်။
–စစ်ပုလိပ် မြန်မာတနိုင်ငံလုံးပြန့်နှံ့ပြီး အများစုဖြစ်တယ်။
–**(BTF Burma Terkitorial force)** ကရင်အမျိုးသားအရာရှိ–အကြပ်တပ်သား အများအပြားအမှုထမ်းတယ်။
–**(BAF Urkma Auxiliaryforce utc)**ခေါ်တက္ကသိုလ်အပျော်ထမ်းတပ်အုပ်ချုပ်ရေးနှင့် စုံစမ်းစစ်ဆေးရေးပုလိပ်အဖွဲ့တွေမှာ ကရင်တွေအမှုထမ်းကြပေမဲ့ မြန်မာအမျိုးသားအများစုက ဦးဆောင်ဦးရွက်ပြုကြတာများတယ်။
–**(Burma Army Signa)** အချက်ပြဆက်သွယ်ရေးတပ်
–**(Fibld Battery)**အမြောက်တပ် အရှေးနဲဆုံး
–**(Burma Air Force** မြန်မာလေတပ်မှာအကြီးအကဲမှူး စောရှီး ရှိမြဲထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။
–ရေတပ်မှာတော့ ကရင်အသင့်အတင့်ရှိတယ်။
–ဒုတိယကမ္ဘာစစ်ကြီးတုန်းကမှူတွေအမျိုးမျိုးရှိခဲ့ပါတယ်။ လက်နက်ကိုင်ပုန်ကန်မှုတွေလည်းဖြစ်ပွါးခဲ့တယ်။ အထူးသဖြင့်ဆရာစံသူပုန်မှာ ကရင်တပ်တွေကိုလွှတ်ပြီးနိမ်နှင်းခိုင်းတယ်။ ဒါပေမဲ့ မျက်မှောက်သမိုင်းမှာ ဆရာစံပုန်ကန်မှုကိုနယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုဖြင့် အထူးဂုဏ်ယူမှတ်တမ်းပြုထားပါတယ်။

မြန်မာစစ်မှုထမ်းလောကမှာ နိုင်ငံရပ်ခြားမှာစစ်ပညာသွားရောက်သင်ကြားပြီး မြန်မာတပ်မတော်မှာ အကြီးအကဲတွေဖြစ်လာတဲ့ ကရင်အမျိုးသား ပုဂ္ဂိုလ်နှစ်ဦးကတော့ စောကြာဒိုးနှင့် စောစမစ်ဒွန်းတို့ဖြစ်တယ်။

ကရင်အမျိုးသားနဲ့အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း

ကရင်လူမျိုးများဟာ ရွေးပဝေသဏီကာလ၊ ဖိုးဘွားလက်ထက်ကမစပြီး တောင်ယာခုတ်၊ လယ်လုပ်ဘဝနဲ့ အသက်မွေးဝမ်းကျောင်းမှုပြုခဲ့တဲ့ မိရိုးဖလာအစဉ်အလာတွေရှိခဲ့ကြတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်မှာတော့ လခစားအမှုထမ်းဝင်ရောက်လုပ်ကိုင်ကြပေမဲ့ အနည်းစုသာဖြစ်တယ်၊ ကရင်ဦးရေစုစုပေါင်း (၉၅)ရာနှုန်းဟာ လယ်သမားတွေဖြစ်ကြတယ် အင်္ဂလိပ်တွေမြန်မာပြည်ကိုဝင်ရောက်အုပ်ချုပ်တဲ့နောက်ပိုင်း စုအက်တူးမြောင်းဖေါက်လုပ်ပြီးစီးသွားတဲ့အတွက် ဆန်စပါး ရောင်းဝယ်ရေးမှာ ကျွန်းတွေတိုးမြင့်ရောင်းချလာရတာကိုတွေ့ရတယ်။ ကရင်လယ်သမားဟာဆန်စျေးနှုန်းကောင်းကောင်းရနိုး ဝင်ငွေတိုးတက်ကောင်းမွန်လာတဲ့အတွက် မြေယာတွေကိုတိုးချဲ့လုပ်ကိုင်ကြတယ်။ ကရင်တချို့ လယ်စကထောင်ချီပြီး ပိုင်တဲ့မြေရှင်ကြီး တွေဖြစ်လာကြတယ်။ ဒါပေမဲ့ လယ်လုပ်သားတွေနှင့်သီးခြားချထားရေးကိစ္စတွေမှာ ခေါင်းပုန်ဖြတ်မှု အတိုးကြီးစားမှုတွေ မရှိသလောက်ရှားပါတယ်။ ပထမကမ္ဘာစစ်ပြီးနောက်ပိုင်း ၁၉၃၁–ခုနှစ်မှာ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်တဲ့ကာလမှာ ကရင်လယ်သမားတွေအခက်အခဲအကြပ်အတည်းတွေ့ကြရတယ်။ နောက်ပိုင်းအတိုးတွေမဆပ်နိုင်လို့ကရင်အမျိုးသားတွေပိုင်ဆိုင်တဲ့ လယ်မြေနားအမြောက်အများဟာ ချစ်တီးတွေလက်ထဲကို ထိုးအပ်လိုက်ကြရတယ်။ ကရင်တွေလယ်မဲ့ယာမဲ့ဖြစ်ပြီး ဆင်းရဲကြပ်တည်းလာကြတယ်။ အချို့လယ်ကူ လီတွေဖြစ်ပြီး အချို့လခစားအလုပ်တွေကို အသက်မွေးဝမ်းကျောင်းမှုအတွက် မလွဲမရှောင်သာလုပ်ကိုင်လာကြရတယ်။

ကရင်လူမျိုးတွေလုပ်ကိုင်တဲ့ အချို့အသက်မွေးဝမ်းကျောင်းအလုပ်တွေဟာ အခြားလူမျိုးတွေမလုပ်လိုတဲ့ အလုပ်တွေလည်းပါဝင်ပါတယ်။ အဲဒီအလုပ်တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

-ကျောင်းဆရာ၊ဆရာမလုပ်ငန်း ကရင်လူမျိုး ကျား/မဝင်ရောက်အမှုထမ်းဒါဟာ အများစုဖြစ်တယ်။

-စစ်မှုထမ်းကရင်လူမျိုးယောကျ်ားအများစုလုပ်ကိုင်ကြတယ်။

-သူနာပြုလုပ်ငန်း အမှုထမ်းအရေအတွက်ရဲ့ ၈၀ ရာနှုန်းလောက်အမှုထမ်းကြတယ်။

အုပ်ချုပ်ရေးဌာနတွေမှာဖြစ်တဲ့ မြေတိုင်းဌာန မူးယစ်ဆေးဝါးနိမ်နှင်းရေးဌာန လုံခြုံရေးဌာနတွေမှာ ကရင်တွေဝင်ရောက်လုပ်ကိုင်ကြတယ်။ အင်စပက်တော်အထိ အများအပြားရှိတယ်။ ဂေဇက်တက်ဝန်ထမ်း အဆင့်ကတော့ အနည်းစုဖြစ်တယ်။

သစ်ဝါးလုပ်ငန်းမှာ အသက်မွေးဝမ်းကျောင်းတဲ့ကရင်အများအပြားရှိပြီး ထင်ရှားတဲ့သစ်ခေါင်းတွေကတော့ သစ်ခေါင်းပန်းလှ၊ ဗိုတလို ဦးသာဌေး၊ စောဖိုးထေ၊ သစ်ခေါင်းသာပေါင်း လှထူးဖါးသွီး၊ သာဒိုး၊ ဖါးခ၊ စိန်စိုတို့ဖြစ်တယ်။

ဥယဉ်ခြံလုပ်ငန်းအနေနဲ့ ကွမ်းသီး၊ တည့်ငင်းသီး၊ ကွမ်းရွက်၊ ငှက်ပျော၊ နာနက်၊ ဒူးရင်း၊ အုန်း၊ ရော်ဘာ စဒါတွေကိုစိုက်ပျိုးလုပ်ကိုင်ကြတယ်။ ဘိတ်ထားဝယ်ဒေသ မော်ချီးဒေသမှာ သတ္တုတူးဖေါ်ရေးလုပ်ငန်းတွေကိုလည်း ကရင်အများအပြားလုပ်ကိုင်ကြတယ်။

အရောင်းအဝယ်လုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်ကြတဲ့ ကရင်တွေရှိပေမဲ့ တိုးတက်ကြီးပွါးမှု သိပ်မရှိလှဘူး ကရင်အမျိုးသား အရောင်အဝယ်ကုမ္ပဏီတချို့ ဖွဲ့စည်းလုပ်ကိုင်လာကြတယ်။ မြစ်ဝကျွန်းပေါ်မှာ ဆန်ကြိတ်စက်အချို့ထူထောင်ကြတယ်။ ဒါပေမဲ့ အနဲစုသာဖြစ်ကြတယ်။

ကရင်အမျိုးသားစာပေလှုပ်ရှားမှု

မျက်မှောက်ကရင်လူမျိုးတွေမှာ ရှေးဦးမဆွထဲက ကရင်စာပေဆိုတာရှိခဲ့တယ်တဲ့ ဒီစာဟာ ကြက်ယာစာဖြစ်တယ်လို့ စွဲလန်းယုံကြည်ခဲ့ကြတယ်၊ ဒါပေမဲ့စာပေတွေဟာ အဖိနှိပ်ခံခဲ့ရလို့ ပြေးရင်းလွှားရင်း ပျောက်ဆုံးကုန်တယ်လို့ယုံကြည်ကြတယ်။ အင်္ဂလိပ်အုပ်ချုပ်ရေး ဝင်ရောက်လာတဲ့ခေတ်ကာလမှာတော့ ကရင်တွေမှာ စာပေရယ်လို့မရှိတဲ့အတွက် အမေရိကန် သာသနာပြုဆရာကြီး ဝေပါနသန်ဝိတ်**(DR Jonathenwade)**က ၁၈၃၁-၃၂ ခုနှစ်မှာ စကောကရင်စာကိုစတင် တည်ထွင်ပေးခဲ့ပါတယ်။ ၁၈၄၀ မှာတော့ ပိုးကရင်စာကို မစ္စတာ ဗရေကန်က တည်ထွင်ပေးခဲ့တယ်။ ကရင်စပေဟာ ကရင်အမျိုးသားပညာရေးနှင့် တပြေးတည် ကျယ်ပြန့်တိုးတက်ခဲ့ပါတယ်။

ဆရာကြီး ဂျောနသန်ဝိတ် ကိုယ်တိုင်အောက်ပါစာအုပ်တွေကိုတည်ထွင်ရေးသားထုတ်ဝေဖြန့်ချိခဲ့ပါတယ်။

(၁)စကောကရင်သင်ပုံကြီးဖတ်စာ

(၂)စကောကရင်စာစွယ်စုံကျမ်း

(၃)စကောကရင်-သဒ္ဒါကျမ်းတို့ဖြစ်တယ်။

ဘုန်းတော်ကြီးဆရာမေဆင်**(DRFRANCISMASON)**ကလည်းအောက်ပါစကောကရင်ရေးထားတဲ့စာအုပ်တွေကို ထပ်မံရေးသားခဲ့ပါတယ်။

(၁)သမ္မာကျမ်းစာ

(၂)သမ္မာကျမ်းစာအနက်ဖွင့်ကျမ်း

(၃)သမ္မာကျမ်းစာနှင့်ပတ်သတ်တဲ့ စာပေအများအပြားရေးသားခဲ့တယ်။

အခြားသောသာနာပြုဆရာတွေရေးသားခဲ့တဲ့ ကျောင်းသုံးစအုပ်တွေကတော့ အောက်ပါတိုင်းဖြစ်တယ်။

(၁)နက္ခတ်တိုင်းထွာရေးပညာ**(ASTRNORY)**ဆရာစရော့(စ်)

(၂)လူကျင့်ဝတ်ဆိုင်ရာလမ်း**:(ETHIE)**ဆရာစမစ်

(၃)အတန်းသင်္ချာစာအုပ်**(MATHMATIC)**ဆရာဝိတ်နှင့်ဆရာခရောစ်

(၄)ကျမ္မာခြင်းပညာစာအုပ်**(Hy yienr)**ဆရာမာရှယ်

(၅)အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ ဝက်၊ကြက်များမွေးမြူရေးစာအုပ်များ ဆရာချဲမ်

(၆)**(AESOT FABIES)**အီကောပုံပြင်များ မမ မရှယ်

(၇)ပြန်လည်ပြောပြသောပုံပြင်များ **(STORES RETOLD)** မမကျော်နန်စန်

(၈)ကရင်ပုံပြင်များ **(KAER POR COKES)** ဆရာဟာရော့စ်

ကရင်အမျိုးသားများကိုကူညီတဲ့ သာသနာပြုဆရာတွေရေးသားတဲ့စာပေတွထဲမှာ ကရင်လူမျိုးသာသနာပြုဆရာ ဆရာကွာလားဦး လူနီလည်းပါဝင်ရေးသားဖြန့်ဝေကြပါတယ်။ ဒေါက်တာတီသံပြာ အမေရိကန်ကပြန်လာပြီး ကရင်အမျိုးသား အဖွဲ့ကြီး**(KNA)**ကိုထူထောင်ပြီးတဲ့နောက်ပိုင်းမှာ ကရင်စာပေနှင့်ထုတ်ဝေတဲ့စာပေတွေ၊ ကရင်သတင်းစဉ်ဂျာနယ်တွေ အများ အပြားရှိခဲ့ပေမဲ့ တီသံပြာရေးသားတဲ့ စာပေတွေလောက်ဘဲ ယနေ့ထိ နာမည်ကျန်ခဲ့ပါတယ်။ ဒီစာတွေကတော့

(၁)ကရင်လူမျိုးများအရင်းအမြစ်အစဉ်အလာနှင့် လမ်းစဉ်

(၂)ကရင်များ၏ဒုက္ခ**(The Karen And Their Persecutions)**

(၃)ကရင်များနှင့် တိုးတက်မှု**(The Karen And ther progess)**

(၄)ခရီးသယ်တယောက်**(Pilgrim)** ကိုယ်တိုင်အတ္ထုပ္ပတ္တိဖြစ်တယ်။

ကရင်လူမျိုးများရေးသားခဲ့တဲ့အခြားထင်ရှားတဲ့ စာအုပ်တွေကတော့-

(၁)ဆရာကလွဲထူးဒီ နော်ပဲထူးပုံပြင်

(၂)ဆရာဖိုးဘမောင်ဦးနှင့် စောဘသာကိုရေးတဲ့

(၃)စောမေဘီဘဲတီ မွန်ခုနှစ်ချုပ် **(Seren Emikrors)**

(၄)ဆရာယိုကိုးသာဖ-

(၅)ပဒိုဘထွန်းတင် ဥဩဂျက်ပုံပြင်တို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပတိုင်မီ ကရင်သတင်းစဉ်များ

(၁)သိုးကျောင်းသား (တလတကြိမ်)

(၂)ရီကော်ဒါ (တပတ်တကြိမ်)

(၃)ခလေးများမိတ်ဆွေ (တလတကြိမ်)

(၄)ထော့မဲ့ပါ (တပတ်တကြိမ်)

(၅)ကရင်မဂ္ဂဇင်း (တလတကြိမ်)

(၆)ဘူလက်တင်

(၇)အာရုံတက်ချိန် (ကော်ဥကရင်ရေဖြန်အသင်းတော်မှ ထုတ်ဝေသည်)

(၈)ရွေ့သို့ (ပိုးကရင်ဖြင့်ထုတ်ဝေသည်။)

ဒုတိကမ္ဘာစစ် ငနှာက်ပိုင်းထုတ်ဝေသော ကရင်စာပေများ

(၁)တိုင်းရင်းသားဂျာနယ်

(၂)သုဝဏ္ဏတိုင်း

(၃)ပဲဆူညိုး

(၄)ပဟန်ပကီ(ပဟီပလော)

(၅)တာကပေါ

(၆)ကရင်ရွေ့ဆောင်ဂျာနယ်

ကရင်လက်နက်ကိုင်တော်လှန်ရေးကာလမှာထုတ်ဝေတဲ့သတင်းစဉ်

(၁)ထီးတာကလုံး ။
(၂)**The Standaf** ။
(၃)လွတ်မြောက်ရေး**(Liberation)** ။
(၄)မိုးသောက်ကြယ် ။
(၅)ကေအဲန်ယူဂျာနယ် ။
(၆)သနိုးထူး တို့ဖြစ်သည်။

ကိုလိုနီခေတ်– သာသနာပြုဆရာကြီးများတီထွင်ပေးခဲ့တဲ့ ပိုး၊ စကောကရင်စာပေါ်အခြေခံပြီး– ပညာရေးနဲ့ စာတန်းစာစောင် သတင်းစဉ်အမျိုးမျိုးပေါ်ထွက်လာခဲ့တဲ့အတွက် ကရင်လူ့အဖွဲ့အစည်းဟာ တိုးတက်ပြောင်းလဲမှုရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီစာပေဟာ ကရင်လူ့အဖွဲ့အစည်းတရပ်လုံးကို ပြန့်နှံ့သွားနိုင်တဲ့ အခြေအနေတွေမပေးခဲ့ပါဘူး ဘာသာရေးကိုအခြေခံခဲ့တဲ့ "စာပေ"ဖြစ်တဲ့အတွက် ဘာသာရေးပြန့်နှံ့ရာဒေသလောက်ဘဲ သုံးစွဲနိုင်ခဲ့တာတွေ့ရပါတယ်။ ထို့ပြင် အခြားဘာသာရေးဂိုဏ်းတွေကလည်း ကိုယ်ပိုင်စာပေတွေ တည်ထွင်မှုတွေရှိခဲ့တဲ့အတွက် စာပေသုံးစွဲမှုအကွဲကွဲအပြားပြားဖြစ်ခဲ့ရတဲ့ အခြေအနေနှင့်ကြုံတွေ့ကြရပါတယ်။ သာသနာပြုတွေတည်ထွင်ခဲ့တဲ့ ပိုး၊ စကော၊ ကရင်စာအပြင် ထပ်မံတည်ထွင်စာတွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁)ဖါပွန်တောင်ပေါ်ဒေသကတည်ထွင်တဲ့ "ကြက်ယက်စာ"
(၂)ဒုံရင်းဒေသကတည်ထွင်တဲ့ ဓလယ်ကယ် "ကြက်ယက်စာ"
(၃)ခလိဖိုးပါတည်ထွင်တဲ့ ခကြက်ယက်စာ၀ ထိုစာတွင် ရောမစာများဖြင့် ရောနှောတည်ထွင်ထားသည်။
(၄)ပဒိုဘထွန်းတင်နှင့် မှူဆိုတို့တည်ထွင်တဲ့ "ရောမစာလုံဖြင့် ကရင်စာ"
(၅)ပရင်ဂျီကက်သလစ်များ တည်ထွင်တဲ့ "ရောမစာလုံးဖြင့် ကရင်စာ"
(၆)ဖူးတာမိုက်တည်ထွင်ထုတ်ဝေတဲ့ ကရင်စာ–ထိုစာကို အရှေ့ဗုဒ္ဓဘာသာကရင်များကသုံးစွဲရေးသားခဲ့ကြတယ်။ ကရင်စာပေတွေအမျိုးမျိုး တည်ထွင်ရေးသားသုံးစွဲခဲ့တဲ့ ကာလလျှောက်မှာ စာပေတွေ ဖွံ့ဖြိုးလာတဲ့အပြင် နှစ်စဉ် စာစစ်ပွဲတွေကျင်းပခဲ့ပါတယ်။ ဗုဒ္ဓဘာသာကရင်တွေတွက် ပထမပြန်တမ်းနဲ့အလားသဏ္ဌန်တူတဲ့ စာစစ်ပွဲ စသော ကရင်နှစ်ချင်းခရစ်ယန်အသင်းမှ ဦးစီးတဲ့စာစစ်ပွဲတွေပေါ်ပေါက်ခဲ့ပါတယ်။

ကိုလိုနီခေတ်

ကရင်လူမျိုးများ၏ အမျိုးသားရေးလှုပ်ရှားမှု

ကရင်လူမျိုးများရဲ့ နိုင်ငံရေး၊ လူမှုရေးလှုပ်ရှားမှုကဏ္ဍမှာ ပထမဦးဆုံး စတင်တည်ထောင်ဖွဲ့စည်ခဲ့ကြတဲ့ အဖွဲ့အစည်းကတော့ "ဒေါကလူ"ခေါ်တဲ့ ကရင်အမျိုးသားအကျိုးဆောင်အဖွဲ့ဖြစ်တယ်။ အသင်းဟာမြန်မာပြည်မှာသာမက အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှုအသင်းအဖွဲ့တွေထဲမှာလည်း အတော်ရှေးဦးကျပါတယ်။ အိန္ဒိယပြည်ကွန်ကရက်ပါတီဟာ "ဒေါကလူ" အသင်းထက်(၂)နှစ်လောက်နောက်ကျပြီးမှ ၁၈၈၃ ခုနှစ်မှာဖွဲ့စည်း တည်ထောင်လှုပ်ရှားခဲ့ပါတယ်။

"ဒေါကလူ"ဟာကရင်လို့ဝေါဟာရဖြစ်ပြီး တမျိုးသားလုံးပါဝင်တယ်ဆိုတဲ့ အဓိပ္ပါယ် ဆောင်ပါတယ်။ အင်္ဂလိပ်လိုအားဖြင့် **(Karen National Association "KNA")**ကရင်အမျိုးသားအသင်းလို့လည်းအဓိပ္ပါယ်ရပါတယ်။ မြန်မာနိုင်ငံနိုင်ငံ ရေးလှုပ်ရှားမှု မှတ်တမ်းတွေမှာတော့ ကရင်အမျိုးသားအဖွဲ့ချုပ် လို့လည်းသုံးစွဲထားဒါတွေ့ရပါတယ်။

"ဒေါကလူ"**(Karen National Assoceation"KNA")**ကို ၁၈၈၁–ခုနှစ်မှာဖွဲ့စည်းခဲ့တယ် စတင်ဖွဲ့စည်းသူကတော့ ဒေါက်တာတီသံပြာ **(Dr Lheododse jhan bua)**ဖြစ်တယ် အသင်းရဲ့ပထမဦးဆုံး ဥက္ကဋ္ဌလည်းဖြစ်တယ်။

တီသံပြာဟာ ပုသိမ်မြို့အပိုင် ကျုံလားရွာမှာ ၁၈၄၂–ခုနှစ်မှာ မွေးဖွားခဲ့တယ်။ (၆)နှစ်သားအရွယ်မှာ ဖခင်သေဆုံးပြီး မုဆိုးမမိခင်ရဲ့ ကျွေးမွေးစောက်ရှောက်မှုနှင့် နေထိုင်ခဲ့ရတယ်။ အင်္ဂလိပ်ဗမာ ဒုတိယစစ်ပွဲမတိုင်ခင်ကာလမှာ တိုင်းရေးပြည်ရေး

တွေရှုတ်ထွေးပြီး ကျေးရွာအသီးသီးမှာဆူပူမှုတွေနှင့် အတူအကြမ်းဖက်မှုတွေများပြားလာတဲ့အတွက် (၁၀)နှစ်သားအရွယ်မှာ သူ့မိခင်နှင့်အတူ ပုသိမ်မြို့သို့ရွှေ့ပြောင်းနေထိုင်ခဲ့ပါတယ်။

၁၈၅၂-ခုနှစ် အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲပြီးသွားတဲ့အခါ အောက်မြန်မာနိုင်ငံတခုလုံးကို အင်္ဂလိပ်တွေသိမ်းပိုက်သွားနိုင်တဲ့အတွက် ပုသိမ်မြို့နယ်ဒေသအားလုံဟာ အင်္ဂလိပ်အုပ်ချုပ်ရေးလက်အောက်ရောက်သွားခဲ့တယ်။ ဒါကြောင့် မော်လမြိုင်မှာ အခြေချတဲ့ အမေရိကန်နှစ်ခြင်းသာသနာပြုလုပ်ငန်းဟာ ရန်ကုန်ကိုပြန်လည်အခြေပြုလာတယ်။ ရန်ကုန်ကတဆင့်ပုသိမ် ပြည်ပဲခူးစ တဲ့ ဒေသတွေဆီကိုတိုးချဲ့ဆောင်ရွက်ခဲ့ကြတယ်။ သာသနာလုပ်ငန်းနှင့်အတူ စာပေသင်ကြားရေးအစီအစဉ်တွေလည်း တပါတည်း ပါဝင်လာခဲ့ပါတယ်။

ပုသိမ်ကိုရောက်လာတဲ့ စောတီသံပြာဟာ အမေရိကန်သာသနာပြုတွေဖွင့်လှစ်တဲ့ သာသနာပြုအဖွဲ့ပိုင်တဲ့ကျောင်းမှာက ရင်စာပေကို သင်ကြားယင်းနှင့် ပထဝီ၊ သချိ်ာ၊ ကျောင်းစာများနှင့် အခြားအသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း ပူးတွဲ သင်ကြားခဲ့ပါတယ်။ နောင်အခါမှာ အဲဒီသာသနာပြုပိုင်ကျောင်းကို "ကိုဆူအကယ်ဒမီ"လို့ခေါ်တယ်။

၁၈၅၅-ခုနှစ် သာသနာပြုလုပ်ငန်းကို ဟာဘင် ဓနုဖြူကိုတိုးချဲ့တဲ့အခါ ဓနုဖြူဒေသမှာ ကရင်လူမျိုးတွေအတွက် သာသနာပြုလုပ်ငန်းကို"မစ္စတာဘာရေတန်"က စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ တီသံပြာရဲ့ မိခင်လည်းတက်ရောက် လာခွင့်ရခဲ့တဲ့အတွက်"မစ္စတာဘရေတန်"နှင့် တီသံပြာတို့ဆုံဆီးခဲ့ပြီး တီသံပြာတယောက်အမေရိကန်ကိုသွားရောက်ပညာသင်ကြားရမဲ့အခြေအနေတွေ့ကြုံခဲ့ပါတယ်။

ဒါပေမဲ့ မစ္စတာ ဒီအယ်ဘရေတန်ဟာ ၁၉၅၈-ခုနှစ်မှာကွယ်လွန်သွားတဲ့အတွက် အစီအစဉ်ပျက်ခဲ့ရတယ်။ နောက်ပိုင်းဒုတိယအခွင့်အရေးတခုပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါက ကွယ်လွန်သူ မစ္စတာအင်ဘောလ်၏ ဇနီး မစ္စတာ အင်ဘောလ်ကိုအကြောင်းပြုပြီး ပေါ်ပေါက်လာခဲ့ပါတယ်။

မစ္စတာ အင်ဘောလ်ဟာ ၁၈၆၀-ခုနှစ် ရန်ကုန်မြို့မြန်မာအသင်းတော်နှင့်သုံးဆယ်မြို့က မြန်မာအသင်းတော်တွေကို ဖွဲ့စည်းပေးခဲ့သူအဖြစ် ထင်ရှားခဲ့သူဖြစ်တယ်။ ခင်ပွန်းသည်ဆုံးပြီး ၁၈၆၅-ခုနှစ်မှာ အမေရိကန်ကို ပြန်ပြီးအနားယူရမဲ့အခြေအနေတွေဖြစ်ပေါ်လာတယ်။ ဒီခရီးအပြန်မှာ စောတီသံပြာလည်းပါသွားခဲ့ပါတယ်။ အမေရိကန်ကိုပညာသင်သွားတဲ့အခါ တီသံပြာရဲ့အသက်ဟာ(၂၃)နှစ်ရှိပြီးဖြစ်တယ်။

အမေရိကန်ကို ပညာသင်ဘို့ရောက်လာတဲ့တီသံပြာဟာ ပထမဦးဆုံး သတင်းစာဂျာနယ်မဂ္ဂဇင်း စတဲ့ စာနယ်ဇင်းတွေကိုရောင်းချပြီး စားဝတ်နေရေးဖြောင့်ခဲ့နိုင်ရုံသာမက ကျောင်းနေဘို့လည်း စုဆောင်းရခဲ့ပါတယ်။ စာနယ်ဇင်းရောင်းရတဲ့ဘဝကတဆင့် မီးရထားကုမ္ပဏီတခုမှာ မြေတိုင်းစာရေး နောက်ပြီးမီးရထားလမ်းတလျှောက်ကျွဲရိုင်းတွေကို ပစ်ခတ်မောင်ထုတ်ရတဲ့လုပ်ငန်း စတဲ့အလုပ်တွေကို လုပ်ရင်းနဲ့ "ရိုချက်စကာ" တက္ကသိုလ်မှာ ပညာဆက်လက်သင်ခွင့်ရခဲ့တယ်။ ၁၈၇၁-ခုနှစ်မှာ ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးခဲ့တယ်။ နောက်(၂)နှစ်မှာ အဟာဝိဇ္ဇာဘွဲ့ကိုရခဲ့တယ်။

တီသံပြာဟာ ကရင်အမျိုးသားများကို ချစ်တဲ့သူဖြစ်တယ်။ အမေရိကန်မှာ အလုပ်အကိုင်တခုခုလက်ခံရနိုင်ပေမဲ့ မူလထဲက မိမိရဲ့အမျိုးသားအတွက် အကျိုးပြုဘို့ ရည်မှန်းချက်ရှိတဲ့အတွက် မြန်မာပြည်ကို အရောက်ပြန်ခဲ့ပါတယ်။

အထူးသဖြင့် ဘုရားသခင်အလုပ်နဲ့အမျိုးသားများကိုကူညီစောင့်ရှောက်ဘို့ရည်မှန်းချက်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။

ရန်ကုန်ပြန်ရောက်ပြီး ပဲခူးကရင်ကျောင်းမှာ ကျောင်းဆရာလုပ်ရင်း ခရစ်ယာန်သာသနာဆိုင်ရာစာပေနှင့် ကရင်အအမျိုးသားဆိုင်ရာစာပေတွေကိုရေးသားရင်း"ဘာသာရေး ဒေါက်တာဘွဲ့ကို"ထပ်မံဆွပ်ခူးခဲ့ပါတယ်။ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်သာသနာအဖွဲ့ချုပ်(ဘီ-ဘီ-စီ)အတွင်းရေးမှူးနေရာကို ၁၈၉၀-ခုနှစ်ကစပြီး တိုင်းရင်းသားထဲကခန့်အပ်တဲ့အတွက် တီသံပြာဟာ ပထမဦးဆုံး(ဘီ-ဘီ-စီ)အတွင်းရေးမှူးဖြစ်ခဲ့တယ်။ ၁၈၉၀ ကနေပြီး ၁၉၂၀-ခုနှစ်အထိ နှစ်ပေါင်း(၃၀)တိုင်တိုင် အတွင်းရေးမှူးနေရာကို အကြိမ်ကြိမ်အရွေးခံခဲ့ရပါတယ်။

၁၈၈၁-ခုနှစ်မှာ"ဒေါကလူ"ခေါ်တဲ့ **(Karen National Assocuation)**အဖွဲ့ချုပ်မှာ တီသံပြာနဲ့အတူ ပါဝင်ထူထောင်သူတွေကတော့ အထွေထွေအတွင်းရေးမှူးအဖြစ် "ဦးလူနီ"ဒေါက်တာမြတ်စံ၊ ဦးဗျှမောင်တိုး၊ ဆရာစောတေ တို့ပါဝင်ခဲ့ပါတယ်။ နောက်ပိုင်း ဒုတိယအကြိမ်မြောက် အမှုဆောင်အဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာမြစံ အတွင်းရေးမှူးအဖြစ် ဦးစံလုံးတို့ ဖြစ်ကြ

တယ်။ ဒုတိယအမှုဆောင်အဖွဲ့မပါ။ ၁၉၀၆–ခုနှစ်က–၁၉၂၆–ခုနှစ်အထိထမ်းဆောင်ခဲ့ပါတယ်။ တတိယမြောက်အမှုဆောင်အဖွဲ့အမှာ ဥက္ကဋ္ဌ အဖြစ် စောဆိစ္စနီ အစ်ကိုဝမ်းကွဲတော်သူ ဒေါက်တာဖိုးခေနှင့် ဆက်လက်ထမ်းဆောင်ကြတယ်။ နောက်ပိုင်း စောဆိစ္စနီလူနီ၏ ယောက္ခမတော်သူ ဒေါက်တာစံစီဖိုးတို့လည်း ဥက္ကဋ္ဌဖြစ်ခဲ့သေးတယ်။ နောက်ပိုင်း စောပါဒွဲ သာယာဝတီ ဆရာစံဘော်(အိုအီး ကေအိုင်အိပ်ချ်) တို့လည်း"ဒေါကလူ"အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ကြတယ်။

"ဒေါကလူ"အသင်းရဲ့စတင်ဖွဲ့စည်းစဉ်ထဲက ပါဝင်တည်ထောင်သူတွေဟာ အများစုပညာတတ်များဖြစ်ပြီး ကရင်အမျိုးသားအတွင်း ခရစ်ယာန်သာသနာပြုလုပ်ငန်းတွေနဲ့တနည်းမဟုတ်တနည်းဆက်စပ်နေတဲ့အတွက် သာသနာလုပ်ငန်းနဲ့ပညာရေးလူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ အထူးအာရုံစိုက်ဆောင်ရွက်ခဲ့ပါတယ်။ ပထမဦးဆုံးဥက္ကဋ္ဌဖြစ်သူ တီသံပြာကိုယ်တိုင်ဘာသာရေးနှင့် ပညာပေးစာပေအမျိုးမျိုး(၂၅)အုပ်ခန့်ရေးသားဖြန့်ဝေခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ "ဒေါကလူ"အသင်းဟာ ပညာရေး၊ နိုင်ငံရေး အုပ်ချုပ်ရေးတွေမှာ ကရင်အမျိုးသားတွေအတွက် မဏ္ဍိုင်တခုအဖြစ်တာဝန်ထမ်းဆောင်နိုင်ခဲ့တာဟာ ဒုတိယ ကမ္ဘာစစ်ပြီးတဲ့အချိန်ထိပါဘဲ။

"ဒေါကလူ"အသင်းနဲ့မရှေ့မနှောင်း ပေါ်ပေါက်တဲ့အဖွဲ့တွေကတော့ **(BKNA)**ခေါ်တဲ့ ကရင်ဗုဒ္ဓဘာသာအသင်း၊ ဒီဖိုးမင်းဖွဲ့စည်းတဲ့[illegible]အသင်း၊ ခရစ်ယာန်နှစ်ခြင်းသာသနာအသင်းက ဦးဆောင်ပြီးဖွဲ့စည်းတဲ့ ကရင်အမျိုးသားပညာရေးကော်မတီနှစ်စဉ် ကရင်စာပေစာမေးပွဲစစ်ဆေးရေးအဖွဲ့၊ ကရင်အမျိုးသားစာပေဖြန့်ချီရေးအဖွဲ့နှင့် ပညာရေးရံပုံငွေအသင်း စတာတွေ ပေါ်ပေါက်လှုပ်ရှားခဲ့ပါတယ်။ ဒါတင်မက ပညာရေးကော်မတီအပြင် ကရင်အမျိုးသားအားကစာအသင်း၊ ကရင်အမျိုးသားလှုပ်ရှားရေးအဖွဲ့၊ ခလေးထိမ်းနှင့် ပြုစုစောင့်ရှောက်ရေးအဖွဲ့ ကရင်သုတေသနအသင်း၊ စတာတွေလည်း ဖွဲ့စည်းခဲ့ကြပြီး အမျိုးသား အကျိုးပြုလုပ်ငန်း လှုပ်ရှားမှုတွေကို အရှိန်အဟုန်တိုးမြင့်ဆောင်ရွက်ကြပါတယ်။

–စောစံစီဖိုးနှင့် မြန်မာပြည်ရှိကရင်များ

(rstim School and Pollication. Burma Babtist Craicle- P.P (117)

(Burma Babtist Cronide-book(2) 312, -- sesquicentennia Edition)

(တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (ကရင်၊ ကယား)/**Babtist work among the Karen. by U Zan, Everille E Sowards. Burma Babtist Cronicle P.P.305)**

(တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (ကရင်၊ ကယား)/**Babtist work among the Karen. by U Zan, Everille E Sowards. Burma Babtist Cronicle P.P.305)**

(Burma Babtist Cronide-book(2) 312, -- sesquicentennia Edition)

(rstim School and Pollication. Burma Babtist Craicle- P.P (117)

ကိုလိုနီခေတ်အုပ်ချုပ်ရေးနှင့်ကရင်ပြည်တောင်းဆိုခြင်း

ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးကို မြန်မာသမိုင်းဆရာတို့က သွေးခွဲအုပ်ချုပ်ရေးလို့ဆိုတယ်။ ကိုလိုနီ၏အုပ်ချုပ်ရေးရဲ့ခွဲခြားအုပ်ချုပ်မှုစနစ်ဟာ ၁၈၂၄ အင်္ဂလိပ်မြန်မာပထမစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံဖြစ်တဲ့ ရခိုင်နှင့်တနင်္သာရီနယ်ကို သိမ်းပိုက်အုပ်ချုပ်ခဲ့တဲ့ အချိန်ကစခဲ့တာဖြစ်တယ်။

ရခိုင်နှင့်တနင်္သာရီနယ်ကိုပထမပိုင်းမှာ အိန္ဒိယဘုရင်ခံချုပ်ရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာထားတယ်။ ဒါပေမဲ့ ရခိုင်နယ်ကပထဝီအနေအထားအရ ဘင်္ဂလားနှင့်ဆက်စပ်နေတဲ့အတွက်ကြောင့် ရခိုင်ကို ဘင်္ဂလားအစိုးရလက်အောက်ကိုလွဲပြောင်းပေးခဲ့တယ်၊ ရခိုင်ကိုအုပ်ချုပ်တဲ့အရေးပိုင်းကို စစ်တကောင်းဝန်ရှင်တော်မင်းကြီးရဲ့ လက်အောက်မှာထားတယ်။ မကြာမီမှာရခိုင်နယ်အရေးပိုင်ကိုဝန်ရှင်တော်မင်းကြီးရာထူးတိုးပေးခဲ့ပြီး ရခိုင်နယ်ကိုစစ်တကောင်းဝန်ရှင်တော်ကြီးလက်အောက်က နှုတ်ပယ်လိုက်တယ်။ ဒီနောက်မှာတော့ ဘင်္ဂလားအစိုးရရဲ့ တိုက်ရိုက်အုပ်ချုပ်တဲ့ ဘင်္ဂလားပြည်နယ်ရဲ့ နယ်တနယ်အဖြစ်သတ် မှတ်ခဲ့တယ်။

အိန္ဒိယနယ်မြေ နှင့် ဆက်စပ်မှုမရှိတဲ့ တနင်္သာရီရဲ့အုပ်ချုပ်ရေးကို အိန္ဒိယဘုရင်ခံချုပ်ရဲ့တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာထားခဲ့တယ်။ တနင်္သာရီကိုအုပ်ချုပ်ဖို့ ပထမပိုင်းမှာ ဝေလမင်းသားကျွန်း(ပီနန်)ကအရာရှိတွေကို ခေါ်ယူခန့်ထားတယ်။ အဲဒီတုံးက ဝေလမင်းသားကျွန်းဟာလည်း အိန္ဒိယဘုရင်ခံချုပ်ရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာရှိတယ်။ တနင်္သာရီရဲ့ပထမဆုံးဝန်ရှင်တော်မင်းကြီးဟာ မစ္စတာမိန်းဂီးဖြစ်ပြီး ဝေလမင်းသားကျွန်း ဘုရင်ခံရဲ့ ညွှန်ကြားမှုအတိုင်းလိုက်နာရတယ်။ နှစ်အနဲငယ်ကြာတဲ့အခါ ဘုရင်ခံချုပ်ရဲ့ တိုက်ရိုက်ကြီးကြပ်မှုအောက်လွဲပြောင်းလိုက်တယ်။

ဒါပေမဲ့ ၁၈၃၄-ခုနှစ်မှာ တနင်္သာရီရဲ့တရားစီရင်ရေးနှင့် အခွန်တော်ကိစ္စရပ်တွေကို ဘင်္ဂလားအစိုးရ လက်အောက်မှာထားလိုက်တယ်။ အထွေထွေအုပ်ချုပ်ရေးကိစ္စတွေကို ဘုရင်ခံအုပ်ချုပ်မှုလက်အောက်မှာ ဆက်လက်ပြီးထားရှိတယ်။

၁၈၅၂-ခုနှစ် အင်္ဂလိပ် မြန်မာတတိယစစ်ပွဲပြီးတဲ့အခါ အောက်မြန်မာနိုင်ငံဖြစ်တဲ့ ပဲခူးနယ်နဲ့မုတ္တမနယ်ကို ဗြိတိသျှတို့ကိုအုပ်ချုပ်ခွင့်ပေးလိုက်ရပြန်တယ်၊ အဲဒီတော့ ဗြိတိသျှအစိုးရဟာ မုတ္တမနယ်ကို တနင်္သာ ရီဝန်ရှင်တော်မင်းကြီးရဲ့ လက်အောက်မှာထားတယ်။ ပဲခူးကိုတော့ ဘုရင်ခံရဲ့တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ရှိတဲ့ ဝန်ရှင်တော်မင်းကြီးရဲ့လက်အောက်မှာထားရှိတယ်။ ဗြိတိသျှအုပ်ချုပ်တဲ့အောက်မြန်မာပြည် မြန်မာနယ်မြေအစိပ်အပိုင်းတွေကို ဝန်ရှင်တော်မင်းကြီး(၃)ဦးကအုပ်ချုပ်တယ်။ ဝန်ရှင်မင်းတော်ကြီးတွေရဲ့ အနေအထားတွေဟာလည်း တယောက်နဲ့တယောက်ကွာခြားကြတယ်။

ရခိုင်ဝန်ရှင်တော်မင်းကြီးဟာ ဘင်္ဂလားအစိုးရရဲ့ကြီးကြပ်မှုအောက်မှာရှိတယ်။ ပဲခူးဝန်ရှင်တော်မင်းကြီးဟာ အိန္ဒိယဗဟိုအစိုးရရဲ့ကြီးကြပ်မှုအောက်မှာရှိတယ်။ တနင်္သာရီဝန်ရှင်တော်မင်းကြီးဟာ တရားစီရင်ရေးနှင့် အခွန်တော်ကိစ္စအရပ်ရပ်ကို ဘင်္ဂလားအစိုးရကြီးကြပ်မှုအောက်မှာရှိပြီး အထွေထွေအုပ်ချုပ်ရေးကို အိန္ဒိယဗဟိုအစိုးရလက်အောက်မှာထားရှိကြတယ်။

နောက်ပိုင်း ၁၈၆၃-ခုနှစ်မှာ ရခိုင်၊ တနင်္သာရီ၊ ပဲခူး၊(၃)နယ်ကိုပေါင်းပြီး ဗြိတိသျှမြန်မာပြည်နယ်လို့ ခေါ်တွင်စေခဲ့တယ်။ နယ်(၃)နယ်ရဲ့ဝန်ရှင်တော်မင်းကြီး(၃)ဦးကို မဟာဝန်ရှင်တော်မင်းကြီးရဲ့လက်အောက်မှာထားလိုက်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ ဘုရင်ခံချုပ်ကိုတိုက်ရိုက်တာဝန်ခံရတယ်။ မဟာဝန်ရှင်တော်မင်းကြီး ပြည်နယ်အတွင်း ငြိမ်ဝပ်ပိပြားရေးအခွန်တော်ကောက်ခံရေးနှင့် တရားစီရင်ရေးကို တာဝန်ယူရတယ်။ မဟာဝန်ရှင်တော်မင်းကြီးမှာ ဥပဒေပြုအာဏာမရှိဘူး အိန္ဒိယပြည်ရှိဘုရင်ခံချုပ်နှင့် သူ့ရဲ့ဥပဒေပြုအဖွဲ့ကသာ ဥပဒေပြဋ္ဌာန်ပေးတယ်၊ ဒီဥပဒေကိုလက်စွဲပြုပြီး စီရင်ဆုံးဖြတ်ရတယ်။ ၁၈၆၈-ခုနှစ်မှာ ဥပဒေပြဋ္ဌာန်ခွင့်အာဏာအပ်နှင်းခဲ့တယ်။ ဒါပေမဲ့ ဝန်ရှင်တော်မင်းကြီးဟာ ဘုရင်ခံချုပ်ရဲ့ကြိုတင်သဘောတူညီမှုကိုမရဘဲ လုပ်ဆောင်လေ့မရှိဘူး။

၁၈၈၅-ခုနှစ် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲဖြစ်ပြီး မြန်မာတနိုင်ငံလုံးကို ဗြိတိသျှတို့သိမ်းပိုက်အုပ်ချုပ်တဲ့အချိန်မှာတော့ အောက်မြန်မာနိုင်ငံမှာ ဗြိတိသျှအုပ်ချုပ်ရေးအခြေကျနေတဲ့ အချိန်ဖြစ်တယ်။ အဲဒီတော့ ဗြိတိသျှတို့ဟာအောက်မြန်မာနိုင်ငံမှာကျင့်သုံးတဲ့ အုပ်ချုပ်ရေးစနစ်ကိုအထက်မြန်မာနိုင်ငံကိုတိုးချဲ့ကျင့်သုံးဘို့သာရှိတော့တယ်။ ဗြိတိသျှတို့ဟာ အောက်မြန်မာပြည်အတွက် အတွင်းဝန်ရုံးကို မန္တလေးမှာထားရှိခဲ့တယ်။ ၁၈၈၇-ခုနှစ်မှာ အောက်မြန်မာနိုင်ငံအတွင်းဝန်ရုံးနှင့် အထက်မြန်မာနိုင်ငံအတွင်းဝန်ရုံးကိုပူးပေါင်း ခဲ့တယ်။ ၁၈၈၆-ခုနှစ်မှာ ရှမ်းပြည်နယ်ကိုချန်လပ်ပြီး အောက်မြန်မာနိုင်ငံကိုတရားဝင်စီရင်စုဖြစ်ကြောင်းအမိန့်ကြေငြာခဲ့တယ်။

ဗြိတိသျှအုပ်ချုပ်ရေးနှင့် လူမျိုးဝမ်းပြည်နယ်ကိစ္စ

ရှမ်းပြည်ကို အောက်မြန်မာနိုင်ငံမှာကျင့်သုံးတဲ့ အုပ်ချုပ်ရေးစနစ်နဲ့တိုးချဲ့ကျင့်သုံးခြင်းမရှိဘဲ၊ ၎င်းတို့ရဲ့ကြီးကြပ်မှုနှင့်ယခင်ရှမ်းပြည်မှာကျင့်သုံးတဲ့ အစဉ်အလာအတိုင်း ပဒေသရစ်အုပ်ချုပ်ရေးကိုဆက်လက်ထားရှိဘို့ ဆုံဖြတ်ခဲ့တယ်။ ရှမ်းပြည်နယ်နှင့်ပတ်သတ်ပြီး ၁၈၈၆-ခုနှစ် အထက်မြန်မာနိုင်ငံ ဥပဒေပုဒ်မ(၁)အရ မြန်မာအစိုးရဟာ ဘုရင်ခံချုပ်ကောင်စီရဲ့ သဘောတူညီချက်

နဲ့ အချိန်ကာလအားလျော်စွာ ရှမ်းပြည်ကိုသတ် မှတ်ပြီး ထိုပြည်နယ်အတွက် အထူးအာဏာတိုးချဲ့ခြင်းမပြုရင် မည်သည့်ဥပဒေမျှ တက်ရောက်ခြင်းမရှိရလို့ခြွင်းချက်ပြုထားခဲ့တယ်။ ၁၈၈၇–ခုနှစ် ရှမ်းပြည်နယ်နဲ့ပတ်သတ်ပြီး သတ်မှတ်ချက်တွေကို အပိုင်းအချိန်ကာလအလိုက်ပြုပြင်ပြောင်းလဲခဲ့ကြတယ်၊ ရှမ်းပြည်ကို မိမိတို့အစဉ်အလာအတိုင်း အုပ်ချုပ်ခွင့်ပြုခဲ့ပေမဲ့ စော်ဘွားတွေ့ရဲ့ အာဏာကို "စာနဲ့" အမိန့်ခန့်အပ်လွှာနှင့် ထိမ်းချုပ်ခဲ့တယ်။ "စာနဲ့" ဥပဒေအရ ရှမ်းပြည်အုပ်ချုပ်ရေးဆိုင်ရာစော်ဘွား၊ မြို့စား၊ ငွေခွန်မှုတို့ရဲ့အဆင့်အတန်းဟာ တရားဝင်ဖြစ်လာတယ်။

ကချင်နှင့် ချင်းတောင်တန်းဒေသကိုလည်း ဗြိတိသျှတို့ တိုက်ရိုက်အုပ်ချုပ်ခြင်းမရှိခဲ့ ကချင်နှင့်ချင်းတိုင်းရင်းသားများဟာ ၎င်းတို့နယ်မြေကိုဗြိတိသျှတို့ဝင်ရောက်သိမ်းပိုက်တာကို အပြင်းအထန်ခုခံဆန့်ကျင့်ကြတယ်။ ၎င်းဒေသများမှာဗြိတိသျှတို့အုပ်ချုပ်ရေးမထူထောင်မီ ငြိမ်ဝပ်ပိပြားအောင်တိုက်ခိုက်နိမ်နှင်းခဲ့ကြရတယ်။ ကချင်ကိုလည်းသီးခြားခွဲခြားအုပ်ချုပ်ခဲ့တယ်၊ ကချင်တောင်တန်းဒေသကိုအုပ်ချုပ်ဖို့ တိကျတဲ့ဥပဒေစည်းမျဉ်းကို ၁၉၉၅–ခုနှစ်ဇူလိုင်လ(၁၇)ရက်တနလ်ာနေ့မှာ အဏာတည်စေခဲ့တယ်။ အဲဒီဥပဒေပုဒ်မ (၃)မှာ ကချင်တောင်တန်းဒေသမှာ နေထိုင်တဲ့ချင်းလူမျိုးအတွက်ပါ ချမှတ်တဲ့ ဥပဒေဖြစ်ကြောင်း အတိအလင်းဖေါ်ပြထားတယ်။ ကချင်တောင်တန်းဒေသမှာနေထိုင်တဲ့ ကချင်လူမျိုးမဟုတ်သူတွေဟာ အဲဒီဥပဒေမှာအကြုံးမဝင်ဘူး။ ဗြိတိသျှတို့ဟာ ကချင်တောင်တန်းဒေသဥပဒေကို ၁၈၉၆–ခုနှစ်မှာ ပြဋ္ဌာန်းတယ်။ သွယ်ဝိုက်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး အဓိကသောချက်ပုဂ္ဂိုလ်များဟာ ဒေသခံရွာလူကြီးတွေဖြစ်တယ်။ ရပ်ရွာအကြီးအကဲနှင့် ရွာသူကြီးတို့အနေနှင့် ကောင်းမွန်စွာကျင့်ကြံနေထိုင်နိုင်ဘို့အတွက် ဗြိတိသျှအစိုးရက စည်းမျဉ်းတွေပြဋ္ဌာန်းထားတယ်။

ဗြိတိသျှအုပ်ချုပ်ရေးဟာ ကချင်နှင့် ချင်းတောင်တန်းသားတွေအပေါ် မဖွံ့ဖြိုးသေးတဲ့ဒေသအဖြစ်ကြေငြာပြီး သီးခြားအုပ်ချုပ်ခဲ့တယ်။ မြန်မာနိုင်ငံဟာ "ဒိုင်အာခီ" ကစပြီး အုပ်ချုပ်ရေးအဆင့်ဆင့်တိုးတက်ပြောင်းလဲခဲ့ပေမဲ့ တောင်တန်းဒေသအုပ်ချုပ်ရေးတွေဟာ အခြေခံအားဖြင့် ပြောင်းလဲခဲ့ခြင်းမရှိခဲ့ကြဘူး မြန်မာပြည်အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေတွေကလည်း တောင်တန်းဒေသတွေဆီ တန်းခိုးအာဏာသက်ရောက်ခြင်းမရှိခဲ့ဘူး။

ချင်း၊ ကချင်တောင်တန်းဒေသတွေကို သွယ်ဝိုက်သောနည်းနဲ့အုပ်ချုပ်ဖို့ဆုံးဖြတ်ခဲ့ပေမဲ့ လက်တွေ့တွင် တိုင်းရင်းသားအကြီးအကဲတွေဟာ အုပ်ချုပ်ခွင့်ပေးခဲ့ပေမဲ့ အရေးပိုင်တွေရဲ့အမိန့်ကို တသွေမတိမ်းလိုက်နာကြရတယ်။ ဒါကြောင့် သက်ဆိုင်ရာအရေးပိုင်ကသာ တောင်တန်းဒေသအတွင်း တိုင်းရင်းသားလူမျိုးဟုတ်တဲ့သူတွေနှင့် မဟုတ်တဲ့သူတွေအပေါ် တရားမမှုနှင့် ရာဇဝတ် မှုကို စီရင်နိုင်ခွင့်ရှိခဲ့တယ်။

ချင်းတောင်တန်းဒေသမှာ ဗြိတိသျှအစိုးရဟာ နှစ်ပေါင်း(၆၀)ကျော် အုပ်ချုပ်ခဲ့ပေမဲ့ အခြားတိုင်းရင်းသားဒေသများနှင့် နှိုင်းယှဉ်ရင် စီးပွားရေး၊ လူမှုရေး၊ လမ်းပမ်းဆက်သွယ်ရေးတွေမှာ ခေတ်နောက်ကျပြီး တိုးတက်မှုအလွန်နည်းပါးတဲ့အကြောင်း ၁၉၄၇–ခုနှစ်တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ရဲ့ အစီရင်ခံစာမှာ အတိအလင်းဖေါ်ပြထားတယ်။

ကရင်နီနဲ့ပတ်သတ်ပြီ ၁၈၆၆–ခုနှစ် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်စဉ်အခါက ၁၈၇၅–ခုနှစ် ဇွန်လ(၂၁)ရက်တနလ်ာနေ့မှာ မြန်မာဘုရင်ကိုယ်စား ကင်းဝန်မင်းကြီးနဲ့ အိန္ဒိယမှဗြိတိသျှအစိုးရကိုယ်စားလှယ် "ဆာဒေါက်ကလပ်(စ်)ဖေါ်ဆက်" တို့ချုပ်ဆိုတဲ့ စာချုပ်မှာ ကရင်နီပြည်သည် အချုပ်အခြာအာဏာ သို့မဟုတ် အုပ်ချုပ်ရန်မည်သည့်အခွင့်အာဏာကိုမဆိုတောင်းဆိုခြင်းမပြုဘို့ဗြိတိသျှအစိုးရနှင့် မြန်မာအစိုးရတို့သဘောတူကြတယ်။ ဒါကြောင့် ကရင်နီပြည်ဟာ ရှမ်းပြည်လို ဗြိတိသျှအင်ပါယာရဲ့အစိတ်အပိုင်းမဖြစ်ခဲ့ဘူး။ ဒါပေမဲ့ အိန္ဒိယမှာရှိတဲ့ မဟာရာဇာစော်ဘွားများအုပ်ချုပ်တဲ့ နယ်မြေနှင့်တူညီတဲ့အဆင့်အတန်းကိုရခဲ့တယ်။ လွတ်လပ်ပြီးသီးခြားဒေသအဖြစ်ထားခဲ့တယ်။ ဒါပေမဲ့ ရှမ်းပြည်လိုသဘောထားပြီး ကရင်နီအကြီးအကဲများကို "ဆာနာဒ်" စာချုပ်စာတန်းများချမှတ်ပြီးအုပ်ချုပ်စေတယ်။ အဲဒီဥပဒေအရ ကရင်နီပြည်စော်ကဲများဟာ ပြည်တွင်းနဲ့ ပတ်သတ်သည်ဖြစ်စေ၊ အခြားပြည်နယ်များနဲ့ချုပ်ဆိုရာမှာဖြစ်စေ ရှမ်းပြည်အရေးပိုင်းရဲ့ အကြံဉာဏ်ကိုလက်ခံပြီးအကြံအဉာဏ်အတိုင်း လိုက်နာဆောင်ရွက်ရမယ်လို့ စည်းကမ်းချမှတ်ခဲ့တယ်။ဒါကြောင့် "ဆာနာဒ်" မှာပါတဲ့ စည်းကမ်း အရဆိုရင် ကရင်နီပြည်ဟာ လွတ်လပ်စွာအုပ်ချုပ်ရေးဆိုတာအမည်ခံသာဖြစ်ပြီး ကရင်နီပြည်ဆိုင်ရာ ဗြိတိသျှအုပ်ချုပ် ရေးဟာရှမ်းပြည်အုပ်ချုပ်ရေးနဲ့ အစိတ်အပိုင်းတခုသာဖြစ်နေတယ်။

ဒိုင်အာခီအုပ်ချုပ်ရေးနှင့်ကရင်အမျိုးသားပြဿနာ

"ဒိုင်အာခီ" အုပ်ချုပ်ရေးဆိုတာကတော့ နှစ်ဦးနှစ်ဖက် ပူးတွဲအုပ်ချုပ်တဲ့စနစ်ကိုဆိုလိုတာဖြစ်တယ်။ ဘုရင်ခံက တိုက်ရိုက်လိုအပ်တဲ့ဝန်ကြီးများနှင့် ပြည်သူလူထုကရွေးကောက်တင်မြှောက်ထားတဲ့ အမတ်များထဲကရွေးချယ်ဘို့လိုအပ်တဲ့ဝန်ကြီးတွေပူးတွဲအုပ်ချုပ်တဲ့စနစ်ဖြစ်တယ်။ မြန်မာပြည် ဗြိတိသျှအုပ်ချုပ်ရေးရဲ့ တိုးတက်ပြောင်းလဲမှုအဆင့်တခုဖြစ်တယ်။ မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ရဲ့ လက်အောက်မှာ ရှိသေးတဲ့အတွက် အိန္ဒိယပြည်ဆိုင်ရာ နိုင်ငံရေးရာဥပဒေရေးရာပြောင်းလဲမှုတိုင်းမှာ မြန်မာပြည်မှာလာရောက်ရှိက်ခတ်ခဲ့သည်ချည်းဖြစ်တယ်။ "ဒိုင်အာခီ" အုပ်ချုပ်ရေးမတိုင်မီ ၁၉၀၉–ခုနှစ်မှာ မြန်မာပြည်မှာ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲရေး တခုပေါ်ပေါက်ခဲ့တယ်။ ၁၉၀၉–ခုနှစ်မှာ "မော်လေမင်တို" အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလို့ခေါ်တယ်။ ဥပဒေပြုကောင်စီဝင်ဦးရေ(၉)ဦးကနေ(၁၉)ဦးထိတိုးချဲ့ခဲ့ပြီး ၁၉၁၅–ခုနှစ်မှာ(၃၀)

ဦးထိတိုးမြင့်ပေးခဲ့တယ်။

၁၉၁၄-၁၉၁၈-မှာ "မွန်တေဂူ-ချမ်း(ခ်)ဖို့ဒ်" အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲမှုတခု အကောင်အထည်ပေါ်လာခဲ့တယ်။ အိန္ဒိယနိုင်ငံဆိုင်ရာဝန်ကြီး အက်ဒ်ဝင်မွန်တေဂူနှင့် ဘုရင်ခံချုပ် "လောဒ်ချမ်း(စ်)ဖို့ဒ်" တို့ကိုအစွဲ ပြုပြီး ခေါ်တာဖြစ်တယ်။

၁၉၁၉-ခုနှစ် ဩဂုတ်လ(၂၀)ရက်ဗုဒ္ဓဟူးနေ့မှာ မွန်တေဂူက ဗြိတိသျအောက်လွှတ်တော်မှာ အိန္ဒိယလူမျိုးတို့အား အုပ်ချုပ်ရေးဆိုင်ရာ ဌာနတိုင်းမှာတိုးပြီးတာဝန်ပေးခြင်းနှင့် ဗြိတိသျအင်ပါယာရဲ့ တစိတ်တပိုင်းအဖြစ် အိန္ဒိယပြည်မှာတာဝန်ခံအစိုးရ ပေါ်ပေါက်လာဘို့ရည်ရွယ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့အစည်း တွေပေါ်ထွန်းလာဘို့ဖြစ်တယ်။ ဒီဝါဒဟာ ၁၉၁၉-ခုနှစ် အိန္ဒိယနိုင်ငံ စီရင်အုပ်ချုပ်မှုဥပဒေမှာ အခြေခံဖြစ်လာတယ်။ အိန္ဒိယကိုလည်းအုပ်ချုပ်ရေးတိုးမြင့်ပေးထားတယ်။ မြန်မာပြည်ကတော့ နိုင်ငံရေးမနိုးကြားသေးတဲ့အတွက် အုပ်ချုပ်ရေးမြင့်တင်ဘို့စောလွန်းသေးတယ်ဆိုပြီး ဆိုင်းငံ့ထားတယ်။

ဒုတိယဘုရင် "ဆာရယ်ဂျီနယ်ဂရက်ဒေါက်" လက်ထက်မှာ မြန်မာပြည်အုပ်ချုပ်ရေးကိုမတိုးမြင့်မှီ "ကရက်ဒေါက်" စိမံကိန်းအရ မြန်မာပြည်ကို အိန္ဒိယမှခွဲထုတ်ဖို့ စီရင်စုအဆင့်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတော်အသင့်ပေးဘို့ နယ်ပယ်ဆိုင်ရာအုပ်ချုပ်ရေးမှာ ကိုယ်စားလှယ်များရဲ့အာဏာကို တင်းတင်းကြပ်ကြပ်ကန့်သတ်ထားဘို့ စတာတွေကို စံချက်ပြုထားကြတယ်။ ဒီအချက်ကို မြန်မာပြည်သူတွေက မကြိုက်ဘူး၊ အပြင်းအထန်အတိုက်အခံပြုတော့ ဗြိတိသျအစိုးရက "ကရက်ဒေါက်" စိမံကိန်းကိုစွန့်လွှတ်ခဲ့ကြတယ်။ အဲဒီအချိန် ၁၉၂၀-ခုနှစ်မှာ တက္ကသိုလ်ကျောင်းသားသပိတ်ကစပြီး အမျိုးသားနိုးကြွမှုတွေ မကြုံဖူးအောင်ထူးထူးကဲကဲဖြစ်ပေါ်လာခဲ့ကြတယ်။ ဒါကြောင့်ဗြိတိသျအာဏာပိုင်တို့ဟာ မြန်မာပြည်ကို "ဒိုင်အာခီ" အုပ်ချုပ်ရေးပေးဘို့ သဘောတူလိုက်ကြရတယ်။ ၁၉၂၃-ခုနှစ် ဇန္နဝါရီလ(၂)ရက်အဂၢါနေ့မှာ "ဒိုင်အာခီ" အုပ်ချုပ်ရေးရရှိခဲ့တယ်။ မြန်မာပြည်ဒုတိယဘုရင်ခံအဆင့်အတန်းက ဘုရင်ခံရာထူးအဆင့်တိုးမြင့်ပေးခဲ့တယ်။ အစိုးရဆောင်ရွက်မှု အပိုင်းများကို ဗဟို ကိစ္စရပ်များ ပြည်နယ်ကိစ္စရပ်များဟူ၍ခွဲခြားလိုက်တယ်။ ဗဟိုကိစ္စရပ်များကို အိန္ဒိယအစိုးရက တာဝန်ယူ ပြီး ပြည်နယ်ဆိုင်ရာကိစ္စရပ်ကို မြန်မာအစိုးရက တာဝန်ယူရတယ်။ ပြည်နယ်ဆိုင်ရာကိစ္စမှာ တဖန်သီးသန့်ကိစ္စရပ်များနှင့် လွှဲပြောင်းပေးသောကိစ္စရပ်များဟူ၍ နှစ်မျိုးခွဲခြားပြန်တယ်။

"ဒိုင်အာခီ" စနစ်အောက်မှာ ဘုရင်ခံဟာ သီးသန့်ဌာနများကိုအိန္ဒိယအစိုးရ၏ အထွေထွေထိမ်းချုပ်မှုအောက် ဘုရင်၏အမှုထမ်းကောင်စီဝင်(၂)ဦးနှင့် ညှိုင်နှိုင်းအုပ်ချုပ်လွှဲပြောင်းပေးတဲ့ဌာနများကို ဘုရင်ခံဥပဒေပြုကောင်စီက ရွေးကောက်တင်မြောက်တဲ့ဝန်ကြီး(၂)ဦးအကြံပေးချက်နဲ့ အုပ်ချုပ်ရတယ်။ ဥပဒေပြုကောင်စီမှာ အဖွဲ့ဝင်(၁၀၃)ဦးရှိတဲ့အနက်(၇၉)ဦးကိုရွေးကောက်တင်မြောက်ရတယ်။ သီးသန့်ဌာနတွေကတော့ ဘဏ္ဍာရေး၊နှင့် အခွန်တော်ဌာန်တွေကတော့ ပညာရေး၊ ပြည်သူကျမ်မာရေး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောဌာန၊ ယစ်မျိုးအလုပ်ဌာန၊ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးတို့ဖြစ်တယ်။ ၁၉၂၃-ခုနှစ်တွင် လူမျိုးအလိုက်ကိုယ်စားလှယ်ရွေးချယ်ရေးစနစ်ဖြစ်သည်။

ဒေါက်တာဝံစီပိုးဇ် "မြန်မာနိုင်ငံနှင့် ကရင်အမျိုးသားများ"

မြန်မာနိုင်ငံနှင့် ကရင်အမျိုးသားများ "စာအုပ်ကို" ဒေါက်တာစံစီဖိုးဟာ ၁၉၂၈-ခုနှစ်မှာရေးသားခဲ့ပါတယ်။ ဒေါက်တာစံစီဖိုးဟာ ဗြိတိသျအုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံရေးလောကမှာထင်ရှားသော ကရင်လူမျိုးတဦးဖြစ်တယ်။ အမေရိကန်ပြည်ကိုဂိတ်မြို့ဘေး ကောလိပ်မှာ စတင်ပညာသင်ခဲ့ပြီး နယူးယောက်တက္ကသိုလ် အယ်လ်ပါနီ ဆေးတက္ကသိုလ်မှာ ဆေးပါရဂူဘွဲ့ကို ဆွတ်ခူးရခဲ့တယ်။ အမေရိကန်နိုင်ငံသားအဖြစ်ခံယူပေမဲ့ မိမိအမျိုးသားများကိုအကျိုးပြုတဲ့ အမေရိကန်နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ပြီး ပုသိမ်မြို့မွေးဇာတိမှာ ပြန်ပြီးအခြေချနေထိုင်ခဲ့တယ်။ ပုသိမ်မှာကိုယ်ပိုင်ဆေးဆိုင်ဖွင့်ရင်း ပုသိမ်မြူနီစပယ်အဖွဲ့ဝင်လူကြီးအဖြစ်နဲ့ တနှစ်ခန့် တာဝန်ယူထမ်းဆောင်ခဲ့တယ်။ မြန်မာအရေး ကရင်အရေးတွေမှာ ရှေ့ဆောင်ရွက်ပြုပြီး ၁၉၁၇-ခုနှစ်မှ ၁၉၂၃-ခုနှစ်အထိ မြန်မာဥပဒေပြုကောင်စီမှာ မင်းတိုင်ပင်အမတ်အဖြစ် ဆောင်ရွက်ခဲ့တယ်။

၁၉၂၁-ခုနှစ် ဗြိတိသျအစိုးရဟာ မြန်မာပြည်အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးအတွက် "ဝိုက်ကော်မတီ" မှာအဖွဲ့ဝင်တဦးဖြစ်လာတယ်။ -၁၉၂၃-ခုနှစ် အုပ်ချုပ်ရေးပြုပြင်လိုတဲ့အခါ ဒေါက်တာစံစီဖိုးဟာ ဧရာဝတီတိုင်းအတွက် ဥပဒေပြုလွှတ်တော်အမတ်အဖြစ်နဲ့ အစိုးရကအမည်တင်သွင်း ရွေးကောက်ခြင်းကိုခံရတယ်။ ပထမကမ္ဘာစစ်အတွင်းက လူမှုဝန်ထမ်း လုပ်ငန်းနှင့် စစ်သားစုဆောင်းရေးလုပ်ငန်းတို့မှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့အတွက် မြန်မာပြည် ဗြိတိသျအစိုးရရဲ့ ဂုဏ်ပြုခြင်းကိုခံခဲ့ရတယ်။ ၁၉၂၄-ခုနှစ်မှာ ဗြိတိသျအစိုးရဟာ ဒေါက်တာစံစီဖိုးကို "စီ ဘီ အီ" ဘွဲ့ချီမြင့်ခဲ့တယ်။

၁၉၂၅-ခုနှစ်မှာ ဒေါက်တာစံစီဖိုးဟာ "ဒေါကလူ" ကရင်အမျိုးသားအသင်းကြီးဥက္ကဋ္ဌဖြစ်လာတယ်။ ကရင်အမျိုးသားအရေးမှာ အစဉ်တစိုက် ဦးစီးခေါင်းဆောင်ပြုတဲ့အတွက် "ကရင်အမျိုးသားခေါင်းဆောင်" အဖြစ်အသိအမှတ်ပြုခံခဲ့ရတယ်၊ ၁၉၃၄-ခုနှစ်မှာ ဗြိတိသျအစိုးရက ဒေါက်တာစံစီဖိုးကို ဆာဘွဲ့ဖြင့်သူကောင်းပြုခဲ့တယ်။ ၁၉၃၇-ခုနှစ် မြန်မာပြည်ကို အိန္ဒိယပြည်နဲ့ခွဲထုတ်လိုက်ပြီးတဲ့နောက် မြန်မာပြည်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်နှင့်အောက်လွှတ်တော်နှစ်ရပ် ဖွဲ့စည်းလာတဲ့အခါ အထက်လွှတ်တော်အမတ်ဖြစ်လာတယ်။ ဒုတိယကမ္ဘာစစ်အတွင်း "ဒေါကလူ" အသင်းကြီးအစား "ကရင်အမျိုးသားအဖွဲ့ချုပ်

(ကေစီအို)ကိုဖွဲ့စည်းတဲ့အခါ အကြံပေးနာယကအဖြစ်ဆောင်ရွက်ခဲ့တယ်။

ဒေါက်တာစံစီဖိုးရဲ့ ၁၉၂၈-ခုနှစ်ရေးသားခဲ့တဲ့ "မြန်မာပြည်နှင့်ကရင်အမျိုးသား" စာအုပ်ဟာ ကရင်ပြည်ရရှိရေးအမျိုးသားရဲ့ဆန္ဒကို ထုတ်ဖော်ရေးသားခဲ့ပါတယ်။ မြန်မာပြည်ဟာ မြန်မာ(၇)ဦးမှာကရင်(၁)ဦးအချိုးနှုန်းရှိကြောင်း ထို့ကြောင့် ကရင်အမျိုးသားများဟာ မြန်မာပြည်၏(၇)ပုံ(၁)ပုံကိုအုပ်စိုးခွင့်ပေးသင့်ကြောင်း၊ ရန်ကုန်မြို့မှအပ မြန်မာတနိုင်ငံလုံးတွင် တိုင်းကြီး(၇)နှစ်တိုင်းရှိသဖြင့် ကရင်အမျိုးသားများအား တိုင်းကြီး(၁)တိုင်းအုပ်စိုးခွင့်ပေးသင့်ကြောင်း၊ကရင်အများစုနေထိုင်တဲ့ တနင်္သာရီတိုင်းကို ကရင်အမျိုးသားတို့၏ တိုင်းအဖြစ်သတ်မှတ်ပေးရန် ရွေးချယ်ကြောင်း၊ထိုသို့သတ်မှတ်သဖြင့် တိုင်းအတွင်းနေထိုင်သောပြည်သူလူထုအားထိခိုက်နစ်နာစေမည်မဟုတ်ကြောင်း၊ အခြားဒေသများတွင် နေထိုင်ကြသောကရင် အမျိုးသားများသည် မိမိနေ ထိုင်လာရာ ဒေသမှာနေထိုင်နိုင်ကြကြောင်း၊ တနင်္သာရီတိုင်းအတွင်းနေထိုင်ကြတဲ့ အခြားလူမျိုးများလည်း မပြောင်းရွှေ့ဘဲနေထိုင်နိုင်ကြောင်း၊ ဖြတိန်နိုင်ငံကို အင်္ဂလန်၊ စကော့တလန်၊ အိုင်ယာလန်နှင့် ဝေလဆိုပြီး နယ် (၄)နယ်ပိုင်းခြားသလို မြန်မာနိုင်ငံကိုလည်း အဓိကလူမျိုးစုကြီး(၄)စုဖြစ်တဲ့ ဗမာ၊ ကရင်၊ ရခိုင်၊ ရှမ်း၊ ဆိုပြီးခွဲခြားသင့်ကြောင့် လူမျိုးစုကြီးတိုင်းလည်း မိမိပြည်နယ် မိမိအမျိုးသားရဲ့ထူးခြားတဲ့လက္ခဏာများနှင့် တနိုင်ငံလုံး၏ ကောင်းကျိုးအတွက် စည်းလုံးညီညွတ်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တယ်။

ဒေါက်တာစံစီဖိုးရဲ့ စာအုပ်ထွက်လာပြီးတဲ့နောက် တနှစ်အကြာ ၁၉၂၉-ခုနှစ်ဇူလိုင်လမှာ ကရင်အမျိုးသားအစည်းအရုံးနှင့် သစ္စာရှိသောကရင်အမျိုးသားအစည်းအရုံးတို့ပူးပေါင်းပြီး အစည်းအဝေးတရပ်ကျင်းပခဲ့တယ်။ အဲဒီအစည်းအဝေးမှာ ကရင်အမျိုးသားအစည်းအရုံး "ဒေါကလူ" ဥက္ကဋ္ဌစောပါဒွဲနှင့် သစ္စာရှိသော ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဒေါက်တာစောဒါမေဖိုးမင်းတို့က သဘာပတိဆောင်ရွက်ပြီး အစည်းအဝေးမှာ-

(၁)မြန်မာနိုင်ငံ ကရင်အမျိုးသားစာအုပ်မှာ ဒေါက်တာစံစီဖိုးတင်ပြတဲ့အတိုင်း ကရင်အမျိုးသားများအတွက် တိုင်းကြီး(၁)တိုင်းပေးအပ်ဖို့

(၂)သံလွင်ခရိုင်ကိုလွတ်လပ်ရေးပေးဖို့အတွက် အင်္ဂလန်ကို ကရင်ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို စေလွှတ်တောင်းဆိုဖို့စတဲ့အချက်ကို ဆွေးနွေးဆုံးဖြတ်ကြတယ်။

ဝေဆဒ္ဒနီလူနီနဲ့ခွဲရေးတွဲရေးပြဿနာ

မြန်မာပြည်"ဒိုင်အာခီ"ပြုပြင်ပြောင်းလဲရေး အုပ်ချုပ်ရေးစနစ်မှာ ကရင်လူမျိုးတွေအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးရရှိနိုင်ဘို့ "ဒေါကလူ"အဖွဲ့ကြီးက စောဆန္ဒနီခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယပြည်ကို စေလွှတ်ခဲ့ဘူးပါတယ်။ စောဆန္ဒနီလူနီခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ဝတ်လုံတော်ရ "စောပါဒွဲ"နှင့် "ဒေါက်တာစံစီဖိုး"တို့လည်းပါခဲ့ကြတယ်။"ဒိုင်အာခီ"အုပ်ချုပ်ရေးဟာ မြန်မာနိုင်ငံရေးလောကရဲ့ဂယက်ကြီးတခုကိုဖန်တည်းခဲ့ပြီး အိန္ဒိယပြည်နှင့် မြန်မာပြည်ခွဲရေးတွဲရေးအထိ တိုးမြင့်လာခဲ့တယ်။ နောက်ဆုံးမြန်မာပြည်က အိန္ဒိယပြည်နှင့် ခွဲဘို့ဆုံးဖြတ်ချက်ကျသွားတယ်။ သီးခြားဖြစ်လာတဲ့ မြန်မာပြည်ဆိုင်ရာအုပ်ချုပ်ရေးကို(၉၁)ဌာနအုပ်ချုပ်ရေးဖြစ်တယ်။(၉၁) ဌာနအုပ်ချုပ်ရေးကိုဆွေးနွေးဘို့ ၁၉၃၁-ခုနှစ် နိုဝင်ဘာလမှ ၁၉၃၂-ခုနှစ် ဇန်နဝါရီလအမှီကျင်းပမဲ့ မျက်နှာစုံညီဆွေးနွေးပွဲကို အတွေ့အကြုံရှိတဲ့ စောဆန္ဒနီလူနီကို ကရင်အမျိုးသားကိုယ်စားလှယ်အဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ်ငင်း၊ ဆရာရွှေဘ(မန်းရွှေဘ)ကို အဖွဲ့ဝင်အဖြစ်ငင်း၊ "ဒေါကလူ"အဖွဲ့ချုပ်ကတာဝန်ပေးလိုက်တယ်။

စောဆန္ဒနီလူနီနှင့် ဆရာရွှေဘတို့နှစ်ဦးပါဝင်တဲ့ ကရင်ကိုယ်စားလှယ်အဖွဲ့ဟာ တနင်္သာရီတိုင်းကို ကရင်များအတွက် သတ်မှတ်ပေးဘို့တောင်းဆိုခြင်းမပြုခဲ့ဘူး ဒါပေမဲ့ ကိုယ်စားလှယ်တွေ တင်ပြခဲ့တဲ့အချက်တွေထဲမှာ ကရင်လူထုသဘောထားကို အောက်ပါအတိုင်းတင်ပြခဲ့ကြတယ်။

(၁)မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထွက်ရန်။

(၂)တာဝန်ခံအစိုးရ အလျှင်အမြန်ထူထောင်ပေးရန်(သို့မဟုတ်)အိန္ဒိယအောက်မနိမ့်ကျသော အုပ်ချုပ်ရေးကိုပေးအပ်ရန်။

(၃)ပြည်နယ်တပြည်နယ်အဖြစ် အိန္ဒိယနှင့်ပူးပေါင်းလိုခြင်းမရှိ မြန်မာနိုင်ငံအား ဗမာ၊ ကရင်၊ ကချင်၊ ချင်း၊ ရှမ်း၊ စတဲ့ တိုင်းသားတို့ရဲ့ပြည်နယ်များ စုပေါင်းဖွဲ့စည်းထားတဲ့ ခိုင်မာတောင့်တင်းတဲ့နိုင်ငံအဖြစ် ထူထောင်ပေးရန်။

(၄)အိန္ဒိယဗဟိုအစိုးရရဲ့ထိမ်းသိမ်းကွပ်ကဲမှုမှ လွတ်ကင်းရန်။

(၅)လူမျိုးရေးအရဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုအရဖြစ်စေ၊ ခွဲခြားမှုတစုံတရာမရှိရန်။

(၆)အစိုးရနှင့် ဒေသန္တရအဖွဲများ ပြည်သူ့ဝန်ထမ်းလုပ်ငန်းများတွင် ကရင်အမျိုးသားများပါဝင်ရန်။

(၇)အောက်မြန်မာနိုင်ငံ ခရိုင်နယ်ပယ်တိုင်းတွင် ကရင်အမျိုးသားကိုယ်စားလှယ်တဦးစီစဉ်ထားရန်။

(၈)အထူးကရင်အမျိုးသားမဲဆန္ဒနယ်သတ်မှတ်ရန်။

(၉)မကြာမီကာလအတွင်း ဗမာ လက်နက်ကိုင်တပ်များတွင် ကရင်တပ်ရင်းတရင်းထူထောင်ပေးရန် စသည်တို့ကို တင်ပြခဲ့တယ်။

၉၁ ဌာနအုပ်ချုပ်ရေးနှင့် ကရင်အမျိုးသားအဖတ်များ

၁၉၃၅-ခုနှစ်တွင်(၉၁)ဌာနအုပ်ချုပ်ရေးဟာ တရားဝင်ဖြစ်လာတယ်။ အဲဒီအုပ်ချုပ်ရေးကိုအကောင်အ ထည်ဖော်ဘို့ အတွက် အမတ်(၁၃၂)ယောက်သတ်မှတ်တဲ့နေရာမှာ

(၁)လူမျိုးမရွေးအမတ် - (၉၁)ယောက်
(၂)ကရင်သီးသန့်အမတ် - (၁၂)ယောက်
(၃)အိန္ဒိယသားအမတ် - (၈)ယောက်
(၄)အင်္ဂလိပ်အမတ် - (၃)ယောက်
(၅)အင်္ဂလိပ်ကပြား - (၂)ယောက်
(၆)ကုန်သည်ကြီးအသင်း - (၁၁)ယောက်
(၇)ရန်ကုန်တက္ကသိုလ် - (၂)ယောက်
(၈)အိန္ဒိယအလုပ်သမား - (၂)ယောက်
(၉)မြန်မာအလုပ်သမား - (၂)ယောက်

၉၁ ဌာနအုပ်ချုပ်ရေးမှာ အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ရှိရာ အထက်လွှတ်တော်(ဘီနိတ်)မှာ အမတ်အရေအ တွက်(၃၆)ဦးရှိတယ်၊(၁၈)ဦးကို မဲဆန္ဒဖြင့် အာဏာရအထက်လွှတ်တော်အမတ်(၃၆)နေရာမှာ ကရင်အမတ်(၃)နေရာရှိတယ်။

၁၉၃၇-ခုနှစ်(၉၁)ဌာနအုပ်ချုပခြင်ရေးမှာ အောက်လွှတ်တော်မှာ ကရင်သီးသန့်အမတ်(၁၂)နေရာနှင့် အထက်လွှတ်တော် မှာကရင်အမတ်(၃)နေရာတို့ဟာ အောက်ပါအတိုင်းဖြစ်တယ်။

(၁)ဆရာစံဘော်("ဒေါကလူ"ဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် "အို ဘီ အီး ကေအိုင် အိပ်ချ်" ၁၉၃၇-၃၈)
(၂)မန်းရွှေဘ(ဝါ)ဆရာရွှေဘ (အထက်လွှတ်တော်အမတ် "တီ ပီ အက်(ခ်)"၁၉၃၇-၃၈)
(၃)ဒေါက်တာစံစီဖိုး (၁၉၂၅-"ဒေါကလူ" ဥက္ကဋ္ဌပေါင်း၊ အထက်လွှတ်တော်အမတ် "ကေ ဘီ စီ ဘီ အီး" အမ် ဒီ-၁၉၃၇-၃၈)
(၄)ဝန်ကြီးစောဖေသာ (ဝတ်လုံတော်ရ၊ အောက်လွှတ်တော်အမတ်"ဒေါကလူ"အသင်းခေါင်းဆောင် ၁၉၃၇-၃၈)
(၅)စောလွန်ဘင်ဒီဖိုးမင်း (အောက်လွှတ်တော်အမတ်၊ ၁၉၃၇-၃၈)
(၆)မန်းကံအေး (အောက်လွှတ်တော်အမတ်၊ -၁၉၃၇-၃၈)
(၇)ဦးဖိုးမျင်(အောက်လွှတ်တော်အမတ်၊ -၁၉၃၇-၃၈)
(၈)စောဆန္ဒနီလူနီ ("ဒေါကလူ"ဒုက္ကဋ္ဌဟောင်း အောက်လွှတ်တော်အမတ်၊ ၁၉၃၇-၃၈)
(၉)မန်းထွန်းခင် (အောက်လွှတ်တော်အမတ်- ၁၉၃၇-၃၈)
(၁၀)မန်းဘခိုင် (အောက်လွှတ်တော်အမတ် -၁၉၃၇-၃၈)
(၁၁)မန်းရွှေညွှန့်(အောက်လွှတ်တော်အမတ်-၁၉၃၇-၃၈)
(၁၂)စောမြသိန်း(အောက်လွှတ်တော်အမတ် -၁၉၃၇-၃၈)
(၁၃)ဦးလှဖေ (အောက်လွှတ်တော်အမတ် -၁၉၃၇-၃၈ နောင်အခါ ပအိုဝ်းဥက္ကဋ္ဌဖြစ်သွားသည်။)
(၁၄)ဝန်ကြီးနှင့်ပါလီမန်အတွင်းဝန် ဖိုးချစ် (အောက်လွှတ်တော်အမတ်-၁၉၃၇-၃၈
(၁၅)စောသာဒွေး(အောက်လွှတ်တော်အမတ် -၁၉၃၇-၃၈)
နောက်ပိုင်းတွင် မန်းဘခင်၊ စောပါလာ၊ ဦးဖိုးစံ၊ စောပါခွဲ၊ တို့အပါအဝင်ဥပဒေပြုအမတ်များဖြစ်လာကြ ပြန်သည်။

"ဒေါကလူ"ခေါ် ကရင်အမျိုးသားအစည်းအရုံးနှင့် အမျိုးသားနှစ်သစ်ကူးနေ့ကြီးပမ်းချက်

၁၉၄၅-ခုနှစ်ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ဗြိတိသျှအုပ်ချုပ်ရေးအတွင်း ပါဝင်ပတ်သတ်ခဲ့သော ကရင်အမျိုးသား ခေါင်းဆောင်အများစုသည်"ဒေါကလူ"အစည်းအရုံးဝင်များဖြစ်သည်ဟုပင်ပြောနိုင်ပါသည်။"ဒေါကလူ"အစည်းအရုံးသည် စတင်တည်ထောင်ခဲ့သော ၁၈၈၁-ခုနှစ်မှ "ဒိုင်အာခီ"အုပ်ချုပ်ရေးမတိုင်မီထိ အမျိုးသားပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ အသက်မွေးဝမ်းကြောင်းကိစ္စအရပ်ရပ်တွင် အကြံပြုအညွှန်ပြုသာမက ရှေ့ဆောင်ရွက်ပြုခဲ့သော အသင်းကြီးအဖြစ် များများမတ်မတ်ရပ်တည်ခဲ့ပေသည်။"ဒိုင်အာခီ"အုပ်ချုပ်ရေးမှာ ကရင်ကိုယ်စားလှယ်အမတ်(၅)နေရာနှင့် (၉)ဌာနအုပ်ချုပ်ရေး မှာ ကရင်သီးသန့်အမတ်(၁၂) နေရာနဲ့ အထက်လွှတ်တော်(၃)နေရာရရှိရေးကိုကြိုးပမ်းလှုံ့ဆော်ရာမှာ ရှေ့တန်းကပါဝင်ခဲ့တယ်။

မျက်မှောက်နှစ်သစ်ကူးနေ့ကြိုးပမ်းအားထုတ်မှုတွင် ဥပဒေပြုလွှတ်တော်အမတ်မဖြစ်သေးတဲ့ "ဒေါကလူ" အစည်းအရုံးဝင် ခေါင်းဆောင်များဟာ ပြင်ပကနေပြီး တွန်းအားပြုခဲ့ကြပါတယ်၊ အဲဒီ "ဒေါကလူ" အဖွဲ့ဝင်တွေက အောက်ပါပုဂ္ဂိုလ်များဖြစ်တယ်။

(၁)မန်းဘခင် ("ဒေါကလူ" အတွင်းရေးမှူး)
(၂)စော်ဂျိန်းတိပ ("ဒေါကလူ" ဒုတိယဥက္ကဋ္ဌ-ဝတ်လုံတော်ရ)
(၃)ဒေါက်တာဒွေး ("ဒေါကလူ" ဒုတိယဥက္ကဋ္ဌ)
(၄)စောဗစ်တာစံစီဖိုး ("ဒေါကလူ" ဒုတိယဥက္ကဋ္ဌ-ဝတ်လုံတော်ရ)
(၅)စောဘမောင် (ဝတ်လုံတော်ရ-၁၉၃၇-၃၈ ခုနှစ်အတွက် "ဒေါကလူ" ဒုတိယအတွင်းရေးမှူး၊နောက်ဆုံး "ဒေါက လူ" ဥက္ကဋ္ဌ)
(၆)ဆရာသာနှင်း (ကျောင်းဆရာကြီး "ဒေါကလူ" အဖွဲ့ဝင်များဖြစ်ကြတယ်။)

"ကရင်နှစ်သစ်ကူး" ကြိုးပမ်းချက်မှာ အဓိကပုဂ္ဂိုလ်မှာ ဂျွန်ဘင်ဒီဖိုးမင်းဟုပြောလျှင် မှားမည်မဟုတ်ပါ ၁၉၃၇-၃၈ ဖြိုတိသျှပါလီမန်တွင် အောက်လွှတ်တော်ကရင်အမတ်(၁၂)နှင့်အထက်လွှတ်တော်အမတ်(၃)ဦး ပေါင်း(၁၅)ဦးရှိတဲ့အနက် နှစ်သစ်ကူးအဆိုကိုစတင်ပြီး ဥပဒေကြမ်းတင်သွင်းသူဟာ ဂျွန်ဘင်ဒီဖိုးမင်းဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်။ ၁၉၃၆-ခုနှစ်တောင်ငူမဲဆန္ဒနယ်မှာ အောက်လွှတ်တော်အမတ်ဖြစ်လာသူဖြစ်တယ်။-၁၉၄၃-ခုနှစ်တောင်ငူမြို့မှာမွေးဖွါးခဲ့တယ်။ ဖခင်မှာဒေါက်တာဒီဖိုးမင်းဖြစ်တယ်။ ဒေါက်တာဒီဖိုးမင်းဟာ "ဒေါကလူ" အဖွဲ့ဥက္ကဋ္ဌဖြစ်ခဲ့ဖူးတယ်။ ညီဖြစ်သူ စောဘော်ဘင်ဒီဖိုးမင်းဖြစ်တယ်။ စောဘော်ဘင်းဒီဖိုးမင်းဟာ အသက်(၂၇)နှစ်မှာ ဖိုးဖိုက်ဖ တည်ထောင်ခဲ့တဲ့ ဗြဟ္မာစိုရ်သာသနာကိုအမွေဆက်ခံခဲ့ပါတယ်။ အကိုကြီးဖြစ်သူ စောဂျွန်ဘင်ဒီဖိုးမင်းဟာ အမျိုးသားရေးကိုထမ်းဆောင်နေတဲ့အတွက် ဗြဟ္မစိုရ်သာသနာကိုကြိုးပမ်းထမ်းဆောင်နေပါတယ်။ ဗြဟ္မစိုရ်အသင်း**(Society ot Righteoushess)**ဟာ ၁၉၃၄-ခုနှစ် မတ်လ(၃)ရက်နေ့မှာ မှတ်ပုံတင်ပြီး တရားဝင်အသင်းအဖွဲ့တခုဖြစ်လာတယ်။ စောဂျွန်ဘင်ဒီဖိုးမင်းအနေနှင့် အမျိုးသားရေးကို ထမ်းဆောင်ရေး၊ သာသနာရေးမှာလည်း အကြံပြုကျိုးဆောင်မှုပေးခဲ့ပါတယ်။

ဂျွန်ဘင်ဒီဖိုးမင်းရဲ့အမျိုးသားရေးကြိုးပမ်းချက်တွေအနက် အောက်ပါကြိုးပမ်းချက်တွေကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

(၁)၁၉၃၇-ရက်နေ့ နှစ်သစ်ကူးနေ့အဖြစ်အတည်ပြုပေးရန်

(၂)၁၉၃၉-ဒေါက်တာဘမော်အစိုးရလက်ထက်မှာ ပြာသိုလဆန်း(၁)ရက် ကရင်နှစ်သစ်ကူးနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ်သတ်မှတ်နိုင်ခဲ့ခြင်း

(၃)၁၉၃၈-ခုနှစ် ကရင်အမျိုးသားများအား အရည်အချင်းအလိုက် အထက်တန်းရာထူးများမှာခန့်အပ်ပေးရန် ဥပဒေကြမ်းတင်သွင်းခဲ့တယ်။

(၄)တောင်ပေါ်ဒေသလမ်းပမ်းဆက်သွယ်ရေးအတွက် လမ်းများဖောက်လုပ်ရန်အဆိုတင်သွင်းခဲ့တယ်။

(၅)၁၉၄၂-ခုနှစ်စစ်ကြီးပြီးကာလတွင် ဘုရင်ခံ "ဆာဒေါမန်စမစ်" ထံသို့ တောင်ငူနယ်ကရင်များရဲ့ အတိဒုက္ခကို သွားရောက်တင်ပြပြီး လေယဉ်(၁၂)စီးစာ ဘန်တားအဝတ်အထည် စုစုပေါင်းတို့ သူရဲ့အကူအညီနှင့် တောင်ပေါ်ဒေသကျေးရွာများကိုဝေငှပေးနိုင်ခဲ့တယ်။

၁၉၄၇-ခုနှစ်မှာ တိုင်းပြု ပြည်ပြုလွှတ်တော်မှာ တောင်ငူကရင်မဲဆန္ဒမှာ အမတ်ဖြစ်လာတယ်။ အခြေခံ ဥပဒေရေးဆွဲတဲ့ကော်မတီမှာ အဖွဲ့ဝင်အစိုးရအဖြစ်ပါဝင်ခဲ့တယ်။ ကရင်ပြည်နယ်ရရှိရေးအတွက် ဥပဒေဘောင်အတွင်းမှာ ကြိုးစားအားထုတ်ခဲ့တယ်။

စောဂျွန်ဘင်ဒီဖိုးမင်းစတင်ပြီး ဗြိတိသျှလွှတ်တော်မှာ နှစ်သစ်ကူးနေ့သတ်မှတ်ဘို့ဥပဒေကြမ်းတင်သွင်း ခဲ့တဲ့အချိန်ဟာ ဒေါက်တာဘမော်အစိုးရလက်ထက်ဖြစ်တယ်။ ဒါပေမဲ့ "ဒေါကလူ" အဖွဲ့ဥက္ကဋ္ဌဖြစ်တဲ့ ဆရာစံ ဘော်က ကရင်နှစ်သစ်ကူးနေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးဘို့ လွှတ်တော်ပြင်ပက အင်္ဂလိပ်အစိုးရထံကိုယွင်ထဲကတင်ပြ တောင်ဆိုထားခဲ့ဘူးပါတယ်။ အဲဒီတောင်းဆိုချက်ကို လွှတ်တော်အတွင်းမှာ ဆက်လက်အကောင်အထည်ဖော်ဘို့ "ဒေါကလူ" အဖွဲ့ကြီးကတောင်ငူအမတ်နှင့် "ဒေါကလူ" အဖွဲ့ဝင်အောက်လွှတ်တော်အမတ် ဂျွန်ဘင်ဒီဖိုးမင်းအား တာဝန်ပေးခဲ့တယ်။

၁၉၃၇-ခုနှစ်(၉)ဋ္ဌာနအုပ်ချုပ်ရေးမှာ အထက်လွှတ်တော်မှာ ကရင်အမတ်(၃)ဦးရှိတယ်။

(၁)ဒေါက်တာစံစီဖိုး
(၂)ဆရာစံဘော်("ဒေါကလူ" ဥက္ကဋ္ဌ)
(၃)မန်းရွှေဘတို့ဖြစ်တယ်။

အောက်လွှတ်တော်မှာတော့ အမတ်(၁၂)ဦးရှိပြီး စောဖေသာနှင့်စောဖိုးချစ်တို့ဟာ ဝန်ကြီးတွေဖြစ်ကြတယ်။ စောဖေသာဟာ ဒေါက်တာဘမော်လက်ထက်မှာ ဝန်ကြီးဖြစ်ပြီး စောဖိုးချစ်ကတော့ ဦးပုလက်ထက်မှာ ဝန်ကြီးဖြစ်လာတယ်။

ဒေါက်တာဘမော်အစိုးရအဖွဲ့မှာ စောဖေသာနည်းတူဝန်ကြီးဖြစ်လာသူတွေက ဦးပေါ်ထွန်း၊ သာယာဝတီ ဦးမောင်မောင်၊ ဦးထွန်းအောင်ကျော်တို့ဖြစ်ကြတယ်။ ဒေါက်တာဘမော်အစိုးရ(၂)နှစ်မြောက်မှာ ဦးပုဟာ ဦးစောနှင့်ပေါင်းပြီး ဒေါက်တာ

ဘမော်ကိုဖြုတ်ချလိုက်ပြီး နန်းရင်းဝန်ဖြစ်လာတယ်။ ဦးပုအစိုးရလက်ထက်မှာ စောဖောချစ်ဟာ ဝန်ကြီးဖြစ်လာတယ်။ နန်းရင်းဝန်ဦးပုဟာ ဦးစောကိုသစ်တောရေးဌာနဝန်ကြီးပေးလိုက်တယ်။ မကြာမီသစ်တောရေးဌာဝန်ကြီးဦးစောဟာ အလျင်အမြန်နှုတ်ထွက်ပြီး နန်းရင်းဝန်ဦးပုအပေါ် အယုံအကြည်မရှိတင်ပြတော့ အောင်မြင်သွားတယ်။

စောလွန်ဆင်ဒီဖိုးမင်း တင်သွင်းတဲ့ နှစ်သစ်ကူးအဆိုဟာ အထက်ကဖေါ်ပြခဲ့တဲ့အစိုးရ(၃)ဖွဲ့အပြောင်း အလဲကာလဖြစ်တယ်။ ပထမဦးဆုံး ဒေါက်တာဘမော်အစိုးရ(၂)နှစ်သက်တမ်းကာလ ဦးပုနှင့် ဦးစောတို့ပေါင်းပြီး အယုံအကြည်မရှိအဆိုကိုစတင် တင်သွင်းစဖြစ်တယ်။ ဒါကြောင့် အဆိုကိုပြီးပြတ်အောင်မဆောင်ရွက်နိုင်ဘဲ သောင်မတင်ရေမကျဖြစ်နေရတယ်။ အဲဒီတော့ အထက်လွှတ်တော်အမတ်များဖြစ်ကြတဲ့ ဒေါက်တာစံစီဖိုး၊ ဆရာစံဘော်၊နှင့်မန်းရွှေဘတို့ကနေပြီး စောဖေသာကိုချဉ်းကပ်ပြီး ကရင်အချင်းချင်းနားလည်အောင်ဆွေးနွေးပြီးတော့ ဝန်ကြီးစောဖေသာဟာ နှစ်သစ်ကူးအဆိုကို လွှတ်တော်ထဲကိုယူဆောင်ပြီး ဥပဒေပြုသည်အရှည်နည်းနှင့် မသွားတော့ဘဲ အစိုးရအဖွဲ့သဘောတူညီမှု ထောက်ခံမှုဖြင့် ဘုရင်ခံကလက်မှတ်ထိုးအတည်ပြုတဲ့နည်းလမ်းကို**(Negotiable instrument)**ရွေးချယ်လိုက်ခြင်းဖြစ်တယ်။

၂၃-၈-၁၉၃၇-စတင်တဲ့နှစ်သစ်ကို အဆိုပါနှစ်သစ်ကုန်ခါနီးမှာ ရုံးပိတ်ရက်အဖြစ်အတည်ပြုနိုင်ခဲ့တယ်။ ဘုရင်ခံ "ဆာအပ်ချီဘောဒေါက်ကလပ်(စ်)ကော့ကရိန်း" အစိုးရရုံးများနဲ့လွှဲပြောင်းနိုင်တဲ့ စာချုပ်စာတမ်းများ အက်ဥပဒေအရ အများပြည်သူရုံးပိတ်ရက်အဖြစ် ထုတ်ပြန်ကြေငြာပေးခဲ့တယ်။

၁၉၃၈-ခုနှစ် ပြာသိုလဆန်း(၁)ရက်ပထမအကြိမ် အစိုးရအသိအမှတ်ပြုနှစ်သစ်ကူးနေ့မှာ အောက်ပါအ မျိုးသားခေါင်းဆောင်ကောင်း(၅)ဦးတို့က နှစ်သစ်ကူးသဝဏ်လွှာကို ကရင်အမျိုးသားများထံပေးပို့ခဲ့တယ်။

(၁)ဒေါက်တာစံစီဖိုး(၂)ဆရာမန်းရွှေဘ(၃)ဦးလှဖေ(၄)စောဆစ်ဒနီလူနီ(၅)ဝန်ကြီးစောဖေသာတို့ဖြစ်တယ်။

နှစ်သစ်ကူးသဝဏ်လွှာတွင် ဆရာကြီးဦးစံဘော်၏ အမည်ပါမလာခြင်းမှာအစည်းအဝေးပြီးသည်နှင့် သာယာဝတီတွင်ပြန်လည်နေထိုင်ခြင်းနှင့် လွှတ်တော်အမတ်မှာ–ဘီ ရောဂါခံစားတဲ့အတွက်ကြောင့်ဖြစ်တယ်။

ကရင်တမျိုးသားလုံး နှစ်သစ်ကူးနေ့ကို မျက်မှောက်ကရင်အမျိုးသားများ ကျင်းပခဲ့ရခြင်းနဲ့ပတ်သတ်ပြီး အောက်ပါအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်အသီးသီးကို ရိုသေလေးစားအပ်ပါတယ်။

(၁)"ဒေါကလူ" ကရင်အမျိုးသားအစည်းအရုံး

(၂)"ဒေါကလူ" ဥက္ကဋ္ဌနဲ့အထက်လွှတ်တော်အမတ်တွေဖြစ်ကြတဲ့ ဆရာစံဘော်၊ ဒေါက်တာစံစီဖိုး၊ ဆရာမန်းရွှေဘ၊

(၃)ဝန်ကြီးစောဖေသာရဲ့အမျော်အမြင်ကြီးမှု ရင့်ကျက်မှုနဲ့ အမျိုးသားအကျိုးစီးပွားကိုရှေ့ရှုမှု

(၄) အဆိုတင်သွင်းသူ အမတ်မင်း ဂျွန်ဆင်ဒီဖိုးမင်း

(၅)အထက်လွှတ်တော်အမတ်(၃)ဦးအပြင် အောက်လွှတ်တော်အမတ်(၁၂)ဦး

(၆)ပြင်ပမှကြိုးပမ်းပေးခဲ့တဲ့"ဒေါကလူ"အမှုဆောင်လူကြီးအားလုံးစသည်တို့ကို ထာဝစဉ်သတိရသင့်ကြောင်းမှတ်တမ်းတင်ဂုဏ်ပြုသင့်ကြပါတယ်။

၁၉၃၆-၃၇"ဒေါကလူ"အစည်းအရုံးကြီး၏ အမှုဆောင်လူကြီးများ:

ဆရာစံဘော်	ဥက္ကဋ္ဌ (အတက်လွှတ်တော်အမတ်)
စောဂျိန်းကာပ	ဒု၊ဥက္ကဋ္ဌ (၁)ဝတ်လုံး
ဒေါက်တာဒွေး	ဒု၊ဥက္ကဋ္ဌ (၂)ဆရာဝန်
စောဗတ်တာစံစီဖိုး	ဒု၊ဥက္ကဋ္ဌ (၃)ဝတ်လုံ
မန်းဘခင်	အတွင်းရေးမှူး(နောင်ပိုင်းလွှတ်တော်အမတ်)
စောဘမောင်	ဒု၊အတွင်းရေးမှူး(ဝတ်လုံ)

ဒေါက်တာဘမော်၏ ညွှန်ကြားအစိုးရအဖွဲ့တွင်ဝါဝင်သောဂုဏ်ရိုလ်များ

(၁)ဒေါက်တာဘမော်	နန်းရင်းဝန်	(ဝန်ကြီးချုပ်)
(၂)ဦးပေါ်ထွန်း	ဆာပေါ်ထွန်း	(ပြည်ထဲရေးဝန်ကြီး)
(၃)သာယာဝတီဦးမောင်မောင်	ပညာရေးဝန်ကြီး	
(၄)စောဖေသာ	သစ်တောရေးဌာနဝန်ကြီး	
(၅)ဦးထွန်းအောင်ကျော်	ဘဏ္ဍာရေးဌာနဝန်ကြီး	
(၆)ဒေါက်တာသိန်းမောင်	ကူးသန်းရောင်းဝယ်ရေးဝန်ကြီး	
(၇)မွန္တလေးဦးဘဦး	အခွန်တော်ဌာနဝန်ကြီး	

ဦးပု ညွှန့်ပေါင်းအစိုးရအဖွဲ့တွင်ပါဝင်သော်ပုဂ္ဂိုလ်များ

(၁)ဦးပု	နန်းရင်းဝန်(ဝန်ကြီးချုပ်နှင့်)ပြည်ထဲရေး
(၂)စောဖိုးချစ်	ပညာရေးဌာနဝန်ကြီး
(၃)ဂဋ္ဌုန်ဦးစော	သစ်တောနှင့် လယ်ယာဌာနဝန်ကြီး
(၄)ဦးထွန်းအောင်ကျော်	ဘဏ္ဍာရေးဌာနဝန်ကြီး
(၅)ဦးထွန်း	ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး
(၆)ဦးပေါ်ထွန်း	(ဆာပေါ်ထွန်း)အခွန်တော်ဝန်ကြီးဌာန
(၇)ဦးအေး	(၁၉၄၀)တရားရေးဝန်ကြီးဌာန
(၈)ဦးဘဘော	ပြည်ထဲရေးဌာဝန်ကြီး

ဦးစော၏ ညွှန့်ပေါင်းအစိုးရအဖွဲ့တွင်ပါဝင်သောပုဂ္ဂိုလ်များ

(၁)ဂဋ္ဌုန်ဦးစော	နန်းရင်းဝန်(ဝန်ကြီးချုပ်)
(၂)ဦးပေါ်ထွန်း	(ဆာပေါ်ထွန်း)မြေယာနှင့်အခွန်တော်ဌာနဝန်ကြီး
(၃)ဝတ်လုံဦးအေး	ပြည်ထဲရေးဌာနဝန်ကြီး
(၄)စောဖေသာ	တရားရေးဌာနဝန်ကြီး
(၅)ဦးဘသီ)	ဘဏ္ဍာရေးဌာနဝန်ကြီး
(၆)ဦးဘသန်း	စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး
(၇)သာယာဝတီဦးမောင်မောင်	ကျန်းမာရေးဌာနဝန်ကြီး
(၈)ဦးဘရင်	ပညာရေးဌာနဝန်ကြီး
(၉)ဦးဘအုန်း	အလုပ်သမားဌာနဝန်ကြီး

(ဇယားဝင်စီရင်စု–ဥပဒေအဖွဲ့၏အကူအညီသော်ငှင်း၊ ကြားဝင်ဆောင်ရွက်ခြင်းကိုသော်ငှင်း၊ မယူဘဲ ဘုရင်ခံချုပ်၏

မြန်မာထွတ်ရပ်ဂိုဏ်းနှင့် "စောပေသာ"

၁၉၃၈–ခုနှစ်ဟာထူးခြားတဲ့နှစ်တနှစ်လို့သတ်မှတ်ခဲ့ပါတယ်။ အလုတ်သမားသပိတ် လယ်သမားသပိတ် ကျောင်းသားသပိတ်စတဲ့ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုဟာအမြင့်ဆုံး စံချိန်ကိုရောက်ခဲ့ပါတယ်၊ ၁၃၀၀–ပြည့်အရေးတော်ပုံလို မှတ်တမ်းတင်ကြပါတယ်။ အထူးဖြင့် ဗိုလ်အောင်ကျော်လို မျိုးချစ်ကျောင်းသား ခေါင်းဆောင်တဦးကို ဗြိတိသျှအာဏာပိုင်တွေက နံပါတ်ဒုတ်နှင့်ရိုက်နက်ပြီး သေဆုံးသွားမှုဟာ မြန်မာနိုင်ငံ လုံးဆိုင်ရာနယ်ချဲ့ဆန့်ကျင်ရေးဒေါသကို အထွဋ်အထိပ်ကို ရောက်စေခဲ့ပါတယ်။ အင်္ဂလိပ်ကိုလိုနီအာဏာပိုင်တွေကတော့ ကုလား ဗမာအဓိကရုန်းကိုဖန်တည်းပြီး နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓါတ်တွေကို လွှဲချောသွားဖို့ကြိုးပမ်း ခဲ့ကြတယ်။ ဒါပေမဲ့ မြန်မာမျိုးချစ်ခေါင်းဆောင်များဟာ ကိုလိုနီနယ်ချဲ့လမ်းစဉ်ကို လက်နက်ကိုင် တိုက်ခိုက်ပြီး ချိုးဖဲ့ဘို့သံဓိဌာန်ချထားခဲ့ကြပြီးဖြစ်တယ်။ မကြားမှီ ၁၉၃၉–ခုနှစ်မှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးတောက်လောင်ခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်မှာ ဂျာမဏီက ကြိုတင်ပြင်ဆင်မှုရှိတဲ့အတွက် အလျှင်အမြန် အောင်ပွဲတွေရခဲ့ပါတယ်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့အရေးနိမ်ခဲ့ပါတယ်၊ စစ်ဟာ တစထက်တစကျယ်ပြန့်လာပြီး ဂျပန်နိုင်ငံဟာလည်း ဂျာမန်၊ အီတလီ၊ ဝင်ရိုးပြည် နိုင်ငံအဖွဲ့ဝင်ပြီး စစ်စတင်တိုက်ခိုက်ဘို့ပြင်ဆင်ခဲ့တယ်။

မြန်မာပြည် ဗြိတိသျှ ပ်ချုပ်ရေးမှာ ဘုရင်ခံအပ်ချီကော့–ကော့ကရိန်းဟာ ဗမာပြည်၊ ဂျာမနီနှင့်စစ်တိုက်ပြီလို့ ထုတ်ဖေါ်ကြေငြာလိုက်တာကို မြန်မာခေါင်းဆောင်တွေကကန့်ကွက်ကြတယ်။ နောက်ပြီး ဗမာထွက်ရပ်ဂိုဏ်း**(Burma Freedon Block)**ကို ၁၉၃၉–ခုနှစ်အောက်တိုဘာလထဲမှာ ဖွဲ့စည်းလိုက်တယ်။ ဒေါက်တာဘမော်ကိုအာဏာရှင်ခေါ်ပြီး အဖွဲ့ခေါင်းဆောင်တင်မြောက်ကြတယ်။ ဗမာထွက်ရပ်ဂိုဏ်းထဲမှာ ဒို့ဗမာ အစည်းအရုံးခေါင်းဆောင်တွေဖြစ်ကြတဲ့ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ သခင်အောင်ဆန်း၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်းနဲ့ ဒေါက်တာသိန်းမောင်၊ ဦးထွန်းအောင်၊ စောဖေသာ၊ ဗဒ္ဓုလဦးစိန်၊ ဦးဘဦးစတဲ့ နိုင်ငံရေးသမားတွေလည်းပါကြပါတယ်။ဗမာထွတ်ရပ်ဂိုဏ်းမှာ ကရင်ကိုယ် စားပြုအနေနဲ့

ခေါင်းဆောင်ကြီး ဝန်ကြီးစောဖေသာပါဝင်တဲ့အတွက် ကရင်အမျိုးသားတွေအတွက် ဂုဏ်ယူစရာကိစ္စတခုဖြစ်ခဲ့ပါတယ်။

စောဖေသာဟာ ပုသိမ်ခရိုင် ဘဲဂယက်ကျေးရွာဇာတိဖြစ်တယ်။ ၁၉၄၀-ခုနှစ်မှာ မွေးဖွားခဲ့တယ်။ မိဘများဟာလယ်ပိုင်ရှင်များဖြစ်တယ်။ အင်္ဂလန်မှာ ပညာသင်ယူခဲ့ပြီး ဝတ်လုံဘွဲ့ကိုဆွတ်ခူးခဲ့တယ်။ ပညာသာမက အင်္ဂလန်သူကြီးယာပါရခဲ့တယ်။ စောဖေသာ ဗမာပြည်ကိုပြန်ရောက်တဲ့အခါ ဝတ်လုံဘဝနဲ့ အသက်ဝမ်းကြောင်းမှုမလုတ်ဘဲ နိုင်ငံရေးဘဝကို တန်းတန်းမတ်မတ်ဝင်ရောက်ခဲ့တယ်။ ၁၉၃၆-ခုနှစ်မှာ ဗြိတိသျှပါလီမန်မှာ မြောင်းမြနယ်ကို ကိုယ်စားပြုပြီး ရွေးကောက်ပွဲဝင်ရာ အနိုင်ရပြီးအောက်လွှတ်တော်အမတ်ဖြစ်လာတယ်။ ၁၉၃၇-ခုနှစ် ဒေါက်တာဘမော်ရဲ့ ညွန့်ပေါင်းအစိုးရအဖွဲ့မှာ စောဖေသာဟာ သစ်တောရေးဌာနဝန်ကြီးဖြစ်ခဲ့တယ်။ ၁၉၄၀-ခုနှစ် ဦးစော ညွန့်ပေါင်းအစိုးရလက်ထက်မှာတော့ စောဖေသာဟာ တရားရေးဝန်ကြီးဖြစ်ခဲ့ပြန်တယ်။ စောဖေသာဟာ အင်္ဂလိပ်ကို ထိုးနှက်တိုက်ခိုက်တဲ့ မြန်မာထွက်ရပ်ဂိုဏ်းမှာ အဓိကအဖွဲ့ဝင်တဦးဖြစ်ခဲ့တဲ့အတွက် အင်္ဂလိပ်အလိုတော်ရှိတယောက်မလုပ်သည်မှာ တော့ထင်ရှားပါတယ်။

ဒါပေမဲ့ ဂျပန်တွေ မြန်မာပြည်ကိုဝင်ရောက်လာပြီး ၁၉၄၂-ခုနှစ် မေလ(၂၆)ရက်နေ့မှာ အင်္ဂလိပ်အလိုတော်ရှိဟုစွပ်စွဲခံခဲ့ရပြီး သခင်များကြောင့်သက်သေဆုံးခဲ့ရပါတယ်။

(က)ဂျပန်ခေတ်နှင့် ကရင်အမျိုးသားများ နှုတ်ကမ္ဘာစစ်စတင်ခဲ့ခြင်း

ဒုတိယကမ္ဘာစစ်ကြီးဟာ ၁၉၃၉-ခုနှစ် စက်တင်္ဘာလ(၁)ရက်နေ့၊ ဥရောပက စတင်ပြီး လောင်ခဲ့တဲ့ အချိန်မှာ ဖက်ဆစ်(၂)နိုင်ငံဖြစ်တဲ့ ဂျာမဏီနှင့် အီတလီ နှစ်နိုင်ငံပေါင်းပြီး အောင်ပွဲတွေအလျှင်အမြန်ရနေပါ တယ်။ အင်္ဂလိပ် ပြင်သစ်နှင့် မဟာမိတ်တွေဖြစ်တဲ့ ဘဲလ်ဂျီယန်၊ ဟော်လန်၊ ဒိန်းမတ် စတဲ့နိုင်ငံတွေကိုသိမ်း ပိုက်ခဲ့ပါတယ်။ မဲဂျီနိုက်မှာရှိတဲ့ ပြင်သစ်တပ်မတော်ကိုလည်း တိုက်ထုတ်ခဲ့ပါတယ်။

အင်္ဂလိပ်-ဝန်ကြီးချုပ်"ချိန်ကလိန်"နှုတ်ထွက်ပြီး"ချာချို"ဝန်ကြီးချုပ်ဖြစ်လာတယ်။ ပြင်သစ်ပြည်မှာလည်း"ရေနို(စ်)နှုတ်ထွက်ပြီး"မာရွယ်ပီတေး"တက်လာတယ်။"ဒန်းကတ်"တိုက်ပွဲမှာ အင်္ဂလိပ်နှင့်ပြင် သစ်တပ်တို့ အသေအပျောက်များခဲ့တယ်။ နောက်ဆုံးအင်္ဂလိပ်တပ် ၁၆၅ ဝဝဝ ပြင်သစ်တပ် ၁၆ ဝဝဝ၊ မဟာမိတ်တပ်သား ၃ဝဝဝ၊ စစ်သင်္ဘော ၆၂ဝ ဟာ အင်္ဂလိပ်ပြည်ရောက်အောင်ဆုတ်ခွာသွားခဲ့ရတယ်။

၁၉၄ဝ-ခုနှစ် စက်တင်္ဘာလ(၂၆)ရက်နေ့မှာ ဂျာမန်အစိုးရသစ်က မိမိတို့ရဲ့တပ်အင်အားအချို့ကို အင်ဒိချိုင်းနားမှာ ပို့ဘို့ပြင်သစ်အစိုးထဲမှာခွင့်ပြုချက်တောင်းခဲ့တယ်။ ဒါပေမဲ့ ပြင်သစ်ရဲ့တစုံတရာသောထားမရခင်မှာ ဂျပန်တပ်အင်အား ၄ဝဝဝဝ ကျော်ဟာအင်ဒိချိုင်းနားကိုရောက်လာပြီးဖြစ်တယ်။

၁၉၄၁-ခုနှစ်မှာဘဲ ဂျပန်ဟာထိုင်းပြည်အစိုးရနှင့်သဘောတူညီချက်ရယူပြန်တဲ့အတွက် အင်္ဂလိပ်အတွက်စိုးရိမ်စရာတွေဖြစ်လာခဲ့တယ်။

ဥရောပမှာ စစ်ပွဲတွေပြင်းထန်နေတဲ့ကာလမှာ ဆိုဗီယက် ရုရှားစစ်ပြင်ဆင်လို့မပြီးသေးတဲ့အတွက် ဂျာမနီနှင့်မကျူးကျော်ရေးစာချုပ်ချုပ်ထားကြတယ်။ ဒါပေမဲ့ ဂျာမနီဟာအင်္ဂလိပ်နှင့် ပြင်သစ်ကို အောင်ပွဲရယူနေတဲ့အချိန်မှာ ဂျာမဏီတပ်မ(၂ဝ)ဟာ ရုရှားပြည်ကို ကာရိမ်ရေလက်ကြားကစပြီး ပင်လယ်နယ်ထိကိုကျူးကျော်ဝင်ရောက်ခဲ့တယ်။

ဂျာမဏီဟာအောင်ပွဲတွေအလျှင်အမြန်ရခဲ့ပေမဲ့ ဆောင်းကာလမှာတော့ ရှေ့ကိုဆက်လက်ချီနိုင်စွမ်းမရှိတောဘူး။ ဆိုဗီယက်၊ ရုရှားကလည်းအပြင်းအထန်ခုခံခဲ့တယ်။ အင်္ဂလိပ်ကလည်း လိုအပ်တဲ့အကူအညီကိုအစွမ်းကုန်ပေးခဲ့တယ်၊ ၁၉၄၃-ခုနှစ်ဖေဖော်ဝါရီလ(၂)ရက်နေ့မှာ စတာလင်ဦးတရက်တိုကလဲ့မှာ ဂျာမဏီဗိုလ်ချုပ်(၂၂)ဦးနှင့်တပ်အင်အား ၉၇၆ဝဝဝ ဟာဆိုဗီယက်ကိုလက်နက်ချလိုက်ရတယ်။

ဒုတိယကမ္ဘာစစ်စတင်ချိန်မှာ အမေရိကန်အနေနှင့် စစ်ပွဲအတွင်းပတ်သတ်ခဲ့တာမရှိဘူး ဒါပေမဲ့ အင်္ဂလိပ်နှင့် တရုတ်ကို လိုအပ်တဲ့အကူအညီကိုထောက်ပံ့ပေးပါတယ်။

၁၉၄၁-ခုနှစ် ဒီဇင်ဘာ(၇)ရက်နေ့မှာ ဂျာမန်လေတပ်ဟာ ပုလဲဆိပ်ကမ်းမှာရှိတဲ့ အမေရိကန်ရေတပ်ကိုဝင်ရောက်ဗုံးကြဲတိုက်ခိုက်လိုက်တယ်၊ ဒီဇင်ဘာလ(၈)ရက်နေ့မှာ အမေရိကန်စစ်ထဲဝင်လာတယ်။ ဂျပန်က အမေရိကန်၊ ပြင်သစ်၊ အင်္ဂလိပ်၊ ကိုစစ်ကြေငြာတဲ့အတွက် တကမ္ဘာလုံကို စစ်မီးကြီးကူးစက်လိုက်ပါတော့တယ်။

စင်္ကာပူပလဲဆိပ်ကမ်းကို ဂျပန်ကဗုံးကြဲတိုက်ခိုက်တဲ့နေ့မှာဘဲ ဂျပန်တပ်တွေ မလေးရှားနှင့် ယိုးဒယားနိုင်ငံကြားဒေသတွေကိုဝင်ရောက်လာတယ်။ နောက်တပါတ်အကြာမှာ ဂျပန်ဗိုလ်ချုပ်ကရာဟိုဒို ဗမာပြည်ဝိတိုရိယအနှုကော့သောင်းမြို့ကိုဝင်ရောက်လာတယ်။

၁၉၄၁-ခုနှစ် ဒီဇင်ဘာ(၂၃)ရက် ဂျပန်ကရန်ကုန်မြို့ကိုဗုံးကြဲတိုက်ခိုက်တယ်။ ဒီဇင်ဘာလ(၂၅)ရက်နေ့မှာတော့ လက်ကျောနယ်တွေ ဗုံးကြဲခဲ့ရလို့ ရွှေ့ပြောင်းနေကြတဲ့ လူထုကြီးဟာ မဆုံးနိုင်သလောက်ရှိပါတယ်။

၁၉၄၂-ခုနှစ်မှာ အင်္ဂလိပ်စစ်သင်္ဘော(၂)စင်းဖြစ်တဲ့ စစ်လေမင်းသား: **(Psiruo wale)**ရီဖတ်**(Repulse)** ကိုဂျပန်က

ဗုံးကြဲပြီးနစ်မြုတ်လိုက်တယ်။ ဖေဖော်ဝါရီလ(၁၂)ရက်နေ့မှာ ဂျပန်က စက်ပ္ပူကိုသိမ်းပိုက်လိုက်ပြီး အင်္ဂလိပ်ဗိုလ်ချုပ်နှင့်တကွ တပ်သားအများအပြားလက်နက်ချလိုက်ကြရတယ်။

၁၉၄၂-ခုနှစ် မက်လ(၂)ရက်နေ့မှာ ဂျပန်က လားရှိုကိုသိမ်းပိုက်လိုက်တဲ့အတွက် အင်္ဂလိပ်ကိုကူညီဘို့ရောက်လာတဲ့ ချန်ကေရှိုက်တပ်တွေနှင့် လမ်းမကြီးကိုဟန့်တားထားလိုက်တယ်။ မေလ(၃)ရက်နေ့မှာ ဂျပန်ကမုံရွာနှင့်စစ်တွေကိုသိမ်းပိုက်တယ်။ မေလ(၈)ရက်နေမှာ မြစ်ကြီးနားကိုသိမ်းပိုက်လိုက်တဲ့အတွက် မြန်မာတပြည်လုံး ဂျပန်လက်ထဲကိုကျရောက်သွားခဲ့တယ်။

ကရင်အမျိုးသားတပ်ဖွဲ့ အမှုထမ်းအမြောက်အများဟာ အင်္ဂလိပ်နှင့်အတူ အိန္ဒိယပြည်ကိုဆုတ်ခွါသွားခဲ့ကြတယ်။ လမ်းပမ်းအခက်အခဲရှိတဲ့အတွက် အချို့လည်းလမ်းမှာကျန်ရစ်ပြီး မိလက်ဒေသမှာပြန်လည်ပုန်းရှိုးနေကြတယ်။ အင်္ဂလိပ်နောက်ပါသွားတဲ့ ကရင်အမှုထမ်းစုစုပေါင်းဟာ အယောက်(၂၀၀)ကျော်ရှိပါတယ်။

(ခ)ဘီအိုင်အေနှင့် **ကရင်မဟာအဓိကရုန်း**

ဘီအိုင်အေနှင့် ဂျပန်တပ်မတော်ဟာ မတ်လ((၁၀)ရက်နေ့မှာ ရန်ကုန်ကိုသိမ်းပိုက်ပြီး မေလမှာမြန်မာတပြည်လုံးကိုသိမ်းပိုက်နိုင်ခဲ့တယ်။ တပြည်လုံးသိမ်းပြီးပြန့်နှံ့သွားတဲ့အတွက် ပြည်သူပြည်သားအားလုံးဟာ ဥဒဟိုရွှေ့ကြပြောင်းကြ၊ ပြေးကြ၊ လွှားကြနှင့် အလွန်ဗရုတ်သုတ်ခနိုင်လှတဲ့ကာလကြီးဖြစ်တယ်။ အင်္ဂလိပ်အုပ်ချုပ်ရေးဟာလည်း အိန္ဒိယပြည်ကိုဆုတ်ခွာသွားခဲ့ပြီးဖြစ်တဲ့အတွက် ပြည်သူပြည်သားတွေအတွက် အကာအကွယ်မဲ့တဲ့အချိန်ဖြစ်တယ်။ အင်္ဂလိပ်အစိုးရအဖွဲ့နှင့် လိုက်လိုနိုင်သူတွေလိုက်ပါသွားပြီး မပါနိုင်သူတွေကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့အလျှိုလျှိုပုန်းအောင်းနေကြတယ်။ အထူးသဖြင့် ကရင်စစ်မှုထမ်းအချို့ဟာ မိသားစုကိုစွန့်ခွာသွားဖို့အခြေအနေမပေးတဲ့တွက် ကိုယ့်လက်နက်ကိုယ်ဝှက်ပြီး မိမိတို့ကျေးရွာမှာပြန်လည်နေထိုင်ကြတယ်။

ဂျပန်တို့နှင့်အတူဝင်လာတဲ့ ဘီအိုင်အေနှင့်သခင်အချို့ဟာ ကရင်ကိုကြည်မရတဲ့လူတွေပါလာတယ်။ ကရင်ကိုအင်္ဂလိပ်သူလျှိုအင်္ဂလိပ်လက်ကိုင်တုတ်လို့စွပ်စွဲကြတယ်။ ဂျပန်ကိုဆန့်ကျင်သူလို့သတ်မှတ်ကြတယ်။ ကရင်ကျေးရွာတွေကို လက်နက်အပ်ခိုင်းတယ်။ ကရင်တွေကလက်နက်မအပ်ဘူး။ ဘီအိုင်အေက တချို့ရွာတွေကိုဝိုင်းဝန်းပစ်ခတ်တယ်။ဖမ်းဆီးချုပ်နှောင်ရိုက်နှက်ကြတယ်။ ဒီနောက်ပစ္စည်းယူ၊ လူသတ် အမျိုးသမီးတွေကိုစော်ကားတယ်၊ စတဲ့ရမ်းကားမှုအမျိုးမျိုးကိုကျူးလွန်ကြတယ်။ ၁၉၄၂-ခုနှစ်မေလမှာ ကရင်အမျိုးသားခေါင်းဆောင်စောဖေသာကို သတ်ဖြတ်လိုက်ရာကအစ ကရင်ဗမာ အဓိကရုန်းကြီးစတင်ခဲ့တယ်။

ကရင်အဖွဲ့အစည်းတွေရဲ့မှတမ်းအရ ဖါပွန်၊ ရွှေကျင်၊ သထုံ၊ မအူပင်၊ မြောင်းမြမြို့၊ သာယာကုန်း၊ ဟာနုခိုကုန်း၊ ဟာနုကလေး စတဲ့ဒေသတွေမှာ ပဋိပက္ခပြင်းထန်တယ်။

မှတ်တမ်းတခုမှာအောက်ပါအတိုင်း ဖော်ပြထားတယ်

၁။ဖါပွန်မှာရှိတဲ့ ကရင်အမျိုးသားစတဲ့ လူကြီး၊အမျိုးသို့မ်းအားလုံးကိုဖမ်းလိုက်တယ်။ ခေါင်းဆောင်(၁၇)ဦးကိုချုပ်ထားတယ်။ အမျိုးသို့မ်းတွေကိုမုဒိန်းကျင့်တယ် ပစ္စည်းတွေလုယက်ကြပြီး ခေါင်းဆောင်(၁၇)ဦးကိုသတ်ပစ်လိုက်တယ်။ မသေသေးတဲ့သူတွေကို ဗိုလ်ထွန်းလှကိုယ်တိုင်လုံစွပ်နှင့်ထိုးသတ်ခဲ့တယ်။

၂။ရွှေကျင်၊ ဦးဖိုး၊ မန်းနေဒွန်း နဲ့အတူ အိမ်ထောင်စုဝင်(၁၃)ဦးကိုသတ်ပစ်လိုက်တယ်။ အမျိုးသမီးတွေကိုမုဒိန်းကျင့်ပြီးပစ်သတ်တယ်။

၃။သထုံမြို့ ဆရာစိန်ဦးနှင့် မိတ်ဆွေ(၄)ဦးကိုဖမ်းဆီးရိုက်နှက်ပြီး အမျိုးမျိုးနှိပ်စက်ညှင်းပမ်းတဲ့အတွက် သေဆုံးသွားကြတယ်။

အရှေ့တိုင်းနေရာအတော်များများမှာ ဘီအိုင်အေတပ်တွေဟာ ဓါးပြတိုက် ကရင်ရွာတွေကိုပစ်ခတ်၊ ပစ္စည်းလု၊ ရွာသားတွေကိုရိုက်နှက်၊ခရစ်ယာန်တွေကိုဆွမ်းချက်ခိုင်း၊ ဆွမ်းထည့်ခိုင်း၊ ညောင်ရေအိုးထိုးခိုင်း၊ ဘုရားကျောင်းတွေဝတ်ပြုဘို့ တားမြစ်ပိတ်ပင်၊ စတဲ့အဓမ္မအမှုတွေကိုပြုကြတယ်။ နေရာတကာမှာ ကျွဲ၊နွားနဲ့ လှည်းတွေကိုမောင်း လယ်ယာတွေကိုဖျက်ဆီးတယ်။ ကရင်တွေဘယ်သူမှမထွက်ရဲဘူး ဝေးဝေးလံလံလယ်ယာထဲကိုမသွားရဲကြဘူး။

မြစ်ဝကျွန်းပေါ်ဒေသမှာတော့

၁။မြောင်းမြမြို့ စောဖေသာနှင့် အိမ်ထောင်စုအားလုံးကိုသတ်ဖြတ်လိုက်တယ်။ ကရင်အားလုံးထောင်ထဲထည့်ပြီး တနေ့ကိုလူ(၅၀)ထုတ်ပြီးသတ်တယ်။ နောက်ဆုံးတသုတ်ကိုထုတ်မဲ့ဆဲဆဲ ဂျပန်ဗိုလ်မိုးကြိုးက ကရင်အားလုံးကိုလွှတ်ရမယ်ဆိုတဲ့

အမိန့်ထုတ်လိုက်တဲ့အတွက် လွတ်မြောက်သွားကြတယ်။

၂။သာယာကုန်းကို ဘီအိုင်အေအင်အား ၁၀၀၀ ခန့်ဝင်ရောက်ပစ်ခတ်တိုက်ခိုက်တယ်။ ကရင်တွေခုခံလို့ ဘီအိုင်အေ (၃၀)ယောက်ကျဆုံးသွားတယ်။ သေဆုံးတဲ့အထဲမှာ ဇာတ်လိုက်မင်းသားချစ်ဆွေပါသွားတယ်။ ရွာကိုမသိမ်းနိုင်ဘူး ပြန်ဆုတ်သွားကြရတယ်။

၃။ ဟာနုစိုးကုန်းကို ဘီအိုင်အေတပ်တွေဝင်တိုက်တယ်။ တိုက်မရတော့ ဘုရားကျောင်းကိုမီးရှို့တယ်။ မီးမလောင်ဘဲ ဘီအိုင်အေတပ်သားတွေ ဒါဏ်ရာများစွာရပြီး ပြန်လည်ဆုတ်ခွာသွားကြတယ်။

၄။ ကနုကလေးမှာ ဘီအိုင်အေတပ်တွေ ရွာကိုဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ကြတယ်။ မီးတွေလုယူပြီး အိမ်တွေကိုမီးရှို့တယ်။ တရွာလုံးပစ္စည်းတွေပါသွားတယ်။

မြစ်ဝကျွန်းပေါ်ဒေသ ဘီအိုင်အေကို ခုခံတိုက်ခိုက်တဲ့ပုဂ္ဂိုလ်ကတော့ မန်းရှေထွန်းကြာဖြစ်တယ်။ အိမ်မဲ့မြို့နယ် တံခွန်တိုင်ရွာသားဖြစ်တယ်။ အိမ်မဲမြို့နဲ့တကွ အနီးအနားမှာရှိတဲ့ မြန်မာကျေးရွာတွေကိုတိုက်ခိုက်ပြီး ပစ္စည်းလု သတ်ဖြတ်မှုတွေနဲ့တုန့်ပြန်ခဲ့ပါတယ်။ အိမ်မဲမြို့နယ်ကျေးရွာဒေသတွေသာမကဘူး ပန်းတနော်၊ မအူပင်၊ ဝါးခယ်မ၊ ဟန်ကီက်လက်ဒေသတွေပါကူးစပ်သွားတယ်။ ဂျပန်တပ်တွေ အိန္ဒိယပြည်ကိုဝင်တိုက်ဖို့ကြိုးပမ်းနေတဲ့ကာလဖြစ်တဲ့အတွက် နောက်ပိုင်းပဋိပက္ခကို ဂရုမစိုက်အားဖြစ်ကြတယ်။ အဓိဂရုံးဟာ ဖျာပုံပတ်တောင်၊ စစ္စလီကုန်း၊ ယန်ဒေါင်ထိရောက်သွားတယ်။ နေရာတကာလုယက်မှုတွေဖြစ်ပွားပြီး မည်သို့မျှထိမ်းကျောင်းမှုမရှိဖြစ်နေတယ်။

သာယာဝတီ၊ တောင်ငူစတဲ့ဒေသမှာတော့ ကရင်ဗမာခေါင်းဆောင်တွေပူးပေါင်းပြီး စည်းရုံးတားဆီးကြတဲ့အတွက် အထိအခိုက်မရှိခဲ့ဘူး အထူးသဖြင့် သာယာဝတီကဆရာသာထိုးနဲ့ ဝိဒူရသခင်ချစ်မောင်တို့၊ တောင်ငူသခင်သာဖေ၊ သခင်စောရင်(ညောင်လေးပင်၊ ပိန်းဇလုပ်)စတဲ့မြန်မာခေါင်းဆောင်တွေနှင့် ကရင်ခေါင်းဆောင်တွေ တားဆီးမှုကြောင့် ပဋိပက္ခမဖြစ်ပွားခဲ့ဘူး။

နောက်ဆုံး ပဋိပက္ခသတင်းဟာ ဂျပန်ဗိုလ်မိုးကြိုးဆီကိုပေါက်ကြားသွားတယ်။ ဗိုလ်မိုးကြိုးက ပထမတော့မြန်မာခေါင်းဆောင်တွေရဲ့စကားကိုနားထောင်ပြီး ကရင်တွေအပြစ်လို့မြင်မိတယ်။ ဒါပေမဲ့ ကရင်လူကြီးတွေနှင့် မြန်မာခေါင်းဆောင်တွေတွေ့ဆုံပြီး ညှိနှိုင်းသဘောတူညီချက်ရခဲ့တဲ့အတွက် ဗိုလ်မိုးကြိုးဟာ ပဋိပက္ခကိုရပ်ဖို့အမိန့်ထုတ်လိုက်တယ်။ ကရင်ဗမာအဓိကရုန်း(၆)လကြာပြီး ကရင်ဗမာနှစ်ဖက်စလုံး ဆုံးရှုံးနစ်နာမှုတွေနဲ့ကြုံခဲ့ကြရတယ်။ ဒါပေမဲ့ မြန်မာလူမျိုးကျေးရွာသူရွာသားများပိုမိုပြီး ဒုက္ခတွေ့ရတယ်လို့မှတ်တမ်းကဖော်ပြထားပါတယ်။

(ဂ)ကရင်အမျိုးသားပဟိုအကြံပြုဘုပ်အဖွဲ့ (Karen Advicesory Board Central)

ဂျပန်ခေတ်"ဒေါကလူ"အသင်းကြီးရဲ့အသင်းသားများနှင့် ဒေသအသီးသီးမှ ကရင်အမျိုးသား ပါလီမန်အမတ်များဟာ ဖြိတိသျှယန္တယားကြီးပြိုလဲနေတဲ့ကာလဖြစ်တဲ့အတွက် မိမိတို့ကိုယ်စားပြုရာဒေ သအသီးသီးမှာဖြစ်သလိုရပ်တည်နေထိုင်ရတဲ့ကာလဖြစ်တယ်။(၆)လကြာကရင်ဗမာအဓိကရုန်းကြီးမှာ သေကြေထိခိုက်ဒါဏ်ရာရမှု အိုးအိမ်များဆုံးရှုံးမှု ကရင်ဗမာ နှစ်ဖက်စလုံး စိုးရိမ်ထိပ်လှန့်မှုတွေရင်ဆိုင်ခဲ့ရပြီးဖြစ်တယ်။ အဓိကရုန်းမှာသေဆုံးသွားခဲ့ရတဲ့ စောဖေသာနှင့် မိသားစုကလွဲပြီး ကျန်ခေါင်းဆောင်တွေဟာတတ်နိုင်သမျှ အေးချမ်းငြိမ်သက်အောင်ကြိုးပမ်းခဲ့ကြတယ်။

၁၉၄၃-ခုနှစ် သြဂုတ်လ(၁)ရက်နေ့မှာဂျပန်က မြန်မာပြည်ကို လွတ်လပ်ရေးကြေငြာလိုက်တယ်။ မြန်မာအုပ်ချုပ်ရေးအဖွဲ့မှာ ဒေါက်တာဘမော်က အဓိပတိဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကတော့ ကာကွယ်ရေးဝန်ကြီးနှင့် စစ်ရေးသေနာပတိချုပ်ဖြစ်လာတယ်။ အဓိပတိ ဒေါက်တာဘမော်ဟာ ကရင်ဗမာအပြန်အလှန်နားလည်မှုရရှိဘို့အတွက် အနယ်နယ်အရပ်ရပ်မှာရှိတဲ့ကရင်ခေါင်းဆောင်(၁၅)ဦးကိုခေါ်ယူလိုက်တယ်။ နယ်က ရောက်လာတဲ့ ကရင်ခေါင်းဆောင်များကို မြန်မာခေါင်းဆောင်များကဝမ်းမြောက်ဝမ်းသာကြိုဆိုကြတယ်။ ကရင်ဗမာကြေအေးဖို့ တွေ့ဆုံပွဲမှာပါဝင်ကြတဲ့ မြန်မာခေါင်းဆောင်တွေဟာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်နု၊ ဦးလှဖေ၊ တို့ပါဝင်ကြတယ်။ ကရင်အမျိုးသားခေါင်းဆောင်တွေကတော့ ဒေါက်တာစံစီဖိုး၊ မန်းဘခင်၊ မန်းရှေထွန်းကြာ၊ စောဘဦးကြီး၊ ဆရာသာထိုး၊ မန်းပုံတလုပ်၊ မန်းဒီလုံး၊ ဒေါက်စောလှထွန်း၊ စောဘမောင်၊ စောဖားခ၊ ဒေါတာဒွေး စသည်တို့ပါဝင်ကြတယ်။ နှစ်ဖက်ခေါင်းဆောင်များ ဆွေးနွေးကြပြီး ကရင်ဗမာချစ်ကြည်ရေးများစတင်ဆောင်ရွက်ဘို့ လုပ်ငန်းများချမှတ်ကြတယ်။ အဲဒီနောက် နယ်မှာတာဝန်ကျတဲ့ ခေါင်းဆောင်များဟာ နယ်ဖက်ကိုထွက်သွားကြပါတယ်။ ရန်ကုန်ဌာနချုပ်မှာ မြန်မာခေါင်းဆောင်များနဲ့ ပူးတွဲဆောင်ရွက်ဘို့ စောဘဦးကြီး၊ စောဘမောင်၊ ဆရာစံဘော်၊ ဆရာသာထိုး တို့ပါဝင်ကြတယ်။

ကရင်အမျိုးသားခေါင်းဆောင်တွေဟာ ကရင်အမျိုးသားရေးပြဿနာများ အထူးသဖြင့် ကရင်ဗမာကိစ္စတွေကိုထိရောက်စွာဖြေရှင်းနိုင်ဘို့ကရင်အမျိုးသားအဖွဲ့ဖြစ်တဲ့"ဒေါကလူ"အဖွဲ့ဝင်တွေနဲ့အခြားအဖွဲ့တွေပူးပေါင်းပြီး ၁၉၄၃-ခုနှစ်

ဇူလှိုင်(၂၈)ရက်နေ့ အမှတ်(၅၂၈)အောက်ကြည်မြင်တိုင်မှာ တွေ့ဆုံးကြပြီး ကရင်ဗဟိုအကြံပေးအဖွဲ့(**Karen Cntral Aduisony Voard)(K.C.A.B)**ကိုဖွဲ့စည်းလိုက်ကြတယ်။

(ဃ)မေဂျာဆီးကရင်(မ်)နှင့် ကရင်ပျောက်ကျားတပ်ဖွဲ့

၁၉၄၁-ခုနှစ် ဒီဇင်္ဘာလလောက်မှာ ဂျပန်တပ် မြန်မာပြည်ကော့သောင်းကို ဝင်ရောက်ထိပါးလာတယ်။ ဗြိတိသျှစစ်ခေါင်းဆောင်တွေဟာ ဂျန်ပန်ကိုခုခံတိုက်ခိုက်ဖို့ ကရင်အပျော်ထမ်းတပ်နဲ့အဖွဲ့တဖွဲ့ကို ထူထောင်ဘို့စိုင်းပြင်းကြတယ်။ ဒီတာဝန်ကိုထမ်းဆောင်ဖို့ မေဂျာဆီးကရင်(မ်)**(Seag KM)**ကိုဖါပွန်ကိုတက်သွားဘို့လွှတ်လိုက်တယ်။ မေဂျာဆီးဂရင်(မ်)နှင့်အတူ ကရင်တပ်သားအချို့လည်းပါသွားတယ်။ တောင်ငူဖက်မှာတော့ ဆရာခလင်း**(Clklein)**ဂရင်လဲဗီး**(LEVIES)** အပျော်အထမ်းတပ်ကိုဖွဲ့စည်းပြီး ကျေးရွာတွေကိုခုခံကာကွယ်ဘို့စီစဉ်တယ်။ ဒါပေမဲ့ ဂျပန်ထိုးစစ်ဟာ နယ်မြေတွေကို အလျှင်အမြန်သိမ်းပိုက်နေတဲ့အတွက် ကရင်တပ်မသည် မြောက်ဘက်ကိုအလျှင်အမြန်ရှောက်သွားရတယ်။

မေဂျာဆီးဂရင်(မ်)ကတော့ ပျောက်ကျား ၂၀၀ လောက် စုဆောင်းရရှိခဲ့တယ်။ ဖါပွန်တောင်ပိုင်းဒေသ ကတိုင်တိရွာက ဗိုလ်"ဘာဒွေး"ဖဒိုဖေလေစော၊ဖါပွန်ဘက်ကတော့ ဆရာဒါလင်းတန်တို့ခေါင်းဆောင်ပါဝင်ကြပါတယ်။ ဂျပန်တပ်ဘီလင်းရောက်တဲ့အခါ မေဂျာဘီရင်း(မ်)နှင့် သူတပ်ဖွဲ့ဟာ ဖာပွန်မြောက်ပိုင်း ဆာမူပတ်(ပေါက်ကောကွင်း)ဘက်ကို စည်းရုံးပြီး ဗိုလ်ပေါရယ်၊ စောတာရိုး၊ စောဒီရှား၊ တို့ကိုခေါင်းဆောင်တင်မြောက်လိုက်တယ်။ ဆီဂရင်း(မ်)ဟာ တောင်ငူဘက်ကိုတက်သွားပြီး အင်္ဂလိပ်တပ်ကိုတွေ့ဆုံနိုင်ဘို့ကြိုးပမ်းခဲ့တယ် ဒါပေမဲ့ အင်္ဂလိပ်တပ်ကိုမမှီလိုက်တော့ဘူး အဲဒီအချိန်ဟာ ကရင်ရွာတွေကို ယုံကြည်မှုမရှိဘူး တိုက်ခိုက်ဖို့ကြံစည်ကြတယ်။ ဒါပေမဲ့ မြန်မာခေါင်းဆောင်တွေဖြစ်တဲ့ သခင်သာဖေ(တောင်ငူ)သခင်စိုးယဉ်(ညောင်လေးပင်)တို့ကတားမြစ်ထားတဲ့အတွက် အဲဒီဒေသမှာ လူမျိုးရေးအဓိကရုန်းကူးစပ်တာမတွေ့ရဘူး။

၁၉၄၄-ခုနှစ် ရောက်တဲ့အခါ မေဂျာဆီဂရင်(မ်)ရဲ့ပျောက်ကျားတပ်ဖွဲ့ဟာ အတော်အင်အားကြီးလာတယ်။ အိန္ဒိယရောက်နေတဲ့ အင်္ဂလိပ်လေထီးတပ်သားတွေ တောင်ပေါ်ဒေသမှာဆင်းလာတယ်။ ဒေသခံတိုင်းရင်းသားတွေက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြတယ်။ ဒါပေမဲ့ လျှို့ဝှက်မှုမရှိတဲ့အတွက် လေထီဆင်းတဲ့သတင်းဟာ ဂျပန်ဆီကိုတစနှင့်တစပေါက်ကြားသွားတယ်။ မေဂျာဆီဂရင်(မ်)ကိုယ်တိုင်လည်း ပုန်းအောင်းနေရာက ကျေးရွာထဲဝင်ပြီးဘုရားဝတ်ပြုကျောင်းတက်မိတဲ့အတွက် ဂျပန်တပ်တွေဆီကိုသတင်းပေါက်ကြားသွားပြန်တယ်။

တနေ့မှာ မြစ်ဝကျွန်းပေါ်က စောဖိုးလှဟာ ဆီဂရင်(မ်)နှင့်သွားရောက်ဆက်သွယ်တဲ့ကိစ္စကိုသတင်းရပြီး ဂျပန်တပ်က စောဖိုးလှလည်း နောက်ပိုင်းဂျပန်ဆီကိုအဖမ်းခံလိုက်ရတယ်။ ဂျပန်တပ်ဟာ စောဖိုးလှရဲ့ အဆက်အသွယ်တွေကိုလိုက်ပြီး ဖမ်းဆီးတယ်။ နောက်ပြီး ဆီးဂရင်(မ်)ရှိတဲ့ဖာပွန်တောင်ပေါ်အထိ လိုက်လံပြခိုင်းတယ်။ ဂျပန်တွေဟာ ဖာပွန်တောင်ပေါ်မှာရှိတဲ့ ကရင်ရွာတွေကိုဝင်ပြီး ရွာသားတွေကို ဖမ်းဆီးချုပ်နှောင်၊ ရိုက်နှိက်ညှင်းပမ်းတဲ့အတွက် ဆီးဂရင်(မ်)ရှိရာတောင်ကြားဖြစ်တဲ့ ကော်မိုဘွာဒဲကိုလိုက်ပြလိုက်တယ်။ ဂျပန်တပ်ဟာ ဆီဂရင်(မ်)ရဲ့စခန်းကို ဝိုင်းပြီးပစ်ခတ်တဲ့အတွက် အင်္ဂလိပ်စစ်ဗိုလ် "မချီဒန်" ကျဆုံးသွားတယ်။ ဆီဂရင်(မ်)ကတော့ လွတ်သွားတယ် ဒါပေမဲ့ တကွဲတပြားထွက်ပြေးလွတ်မြောက်တာဖြစ်တယ်။ ဂျပန်တပ်က နေရာအနှံလိုက်လံရှာဖွေတယ်။ နောက်ဆုံး ဆီးဂရင်(မ်)ရဲ့တပည့်တဦးဖြစ်တဲ့ "စောဖားဂေး"ကို ဂျပန်တွေဖမ်းဆီးရမိသွားတယ်။ နောက်ဆုံးရွာသားတွေကို အပြင်းအထန်ညှင်းဆဲတဲ့အတွက် ဆီးဂရင်(မ်)လည်း ဂျပန်ဆီကိုအဖမ်းခံလိုက်တယ်။

ဆီးဂရင်(မ်)နှင့်အတူ ကရင်အမျိုးသား တပ်သားအများအပြားအဖမ်းခံရတယ်။ဖမ်းဆီးမိသူအားလုံးကို ရန်ကုန်ကို ခေါ်သွားတယ်။အချို့လည်းပြန်လွတ်တယ်။ ဆီးဂရင်(မ်)နှင့်လေထီးဆင်းတပ်သားအားလုံးနီးနီးနှင့် ကရင်တပ်သားအနည်းငယ်ကို ဂျပန်အာဏာပိုင်တွေက သေဒါဏ်ပေးလိုက်တယ်။ မသေခင်ကိုယ့်ကျင်းကိုတူးကြရတယ်။ ဆီးဂရင်(မ်)အနေနှင့် မိမိတဦးတည်းသာ တာဝန်ရှိတဲ့အတွက် မိမိကိုသာသေဒါဏ်ပေးဖို့တောင်းဆိုတယ်။ ဂျပန်အာဏာပိုင်တွေက သူရဲ့တောင်းဆိုချက်ကိုလက်မခံခဲ့ဘူး နောက်ဆုံး ဆီးဂရင်(မ်)နှင့်အတူ သေဒါဏ်ပေးသူအားလုံးဟာ"ငါ၏မျှော်လင်းခြင်း"သီချင်းဆိုပြီး အသတ်ခံသွားကြပါတယ်။ သူတိုကိုကာမာရွက်စစ်သင်္ချိုင်းမှာမြုတ်နှံလိုက်တယ်။

ဂျပန်တော်လှန်ရေးနှင့် ကရင်အမျိုးသား

ဂျပန်ဖက်ဆစ်တပ်မတော် ဗမာပြည်ကိုမဝင်လာခင်ကတည်းက ဖက်ဆစ်ဝါဒရဲ့ဆိုးကျိုးတွေကို အင်္ဂလိပ်က ပြောပြထားလို့ကရင်အမျိုးသားများနားလည်ထားကြပြီဖြစ်တယ်။ လက်တွေ့ဂျပန်တပ်တွေ ဗမာပြည်ဝင်ရောက်အုပ်ချုပ်လာတဲ့အခါ အင်္ဂလိပ်တွေပြောပြခဲ့တာထက် ပိုမိုဆိုးဝါးနေဒါကိုတွေ့ကြုံလိုက်ကြရတယ်။

ဒါပေမဲ့ဂျပန်ကိုအထင်ကြီးတဲ့ ကရင်လူမျိုးတွေရှိခဲ့တယ် ဂျပန်တပ်မတော်ရဲ့အလျှင်အမြန်အောင်ပွဲခံ တာကိုအထင်ကြီးပြီး"အရှေ့ကနေထွက်ဘုရင်ကလေး၊ကရင်ညီအစ်ကို"လို့တင်စားပြီး ပြောဆိုကြတယ်။ ကရင်ဗမာအဓိကရုန်းပြီးတော့ ကရင်ဗမာချစ်ကြည်ရေး ပြည်လည်တည်ဆောက်နိုင်တဲ့ကာလမှာ ကရင်အချို့က ဂျပန်ကိုချီးမွှမ်းစကားတွေကို အဲဒီလိုပြော

ကြတယ်။ ကရင်အမျိုးသားခေါင်းဆောင်ထဲမှာ ဂျပန်ကိုပြင်ပြင်းထန်ထန်ဝေဖန်ဆန့်ကျင်တဲ့ပုဂ္ဂိုလ်ကတော့ ဖြဟ္မစိုရ်းအသင်းကို ဦးဆောင်တဲ့ "ဖူးကစား" ခေါ်တဲ့ "ထောမစန်" ဖြစ်တယ်။ သူလည်းဂျပန်ခေတ်မှာဘဲသေသွားတယ်။

ဂျပန်အုပ်စိုးတဲ့ကာလ ဖက်ဆစ်ဝါဒအတိုင်းအုပ်ချုပ်တဲ့အတွက် ကရင်အမျိုးသားအားလုံးလိုလို ဂျပန်ကိုမုန်းတီး ကြတယ်။ ဂျပန်တို့ကလည်းနေရာတကာမှာ အဓမ္မပြုကျင့်၊ အဓမ္မတောင်း၊ အဓမ္မသိမ်းယူ၊ အဓမ္မခိုင်းစေပြီး ဖမ်းဆီး၊ ပါးရိုက်၊ သတ်ဖြတ်မှုတွေကိုပြုလုပ်တဲ့အတွက် ကရင်တွေဟာ ဂျပန်ကိုလုံးဝကြည့်အရခဲ့ဘူး ဖြစ်နိုင်ရင် ဂျပန်နဲ့ဆက်ဆံရေးမလုပ်ကြဘူး ကရင်လူမျိုးတွေ အခက်အခဲအကြပ်အတည်းအလွန်တွေ့ကြုံရင်ဆိုင်ကြရတယ်။

၁၉၄၃-ခုနှစ် သြဂုတ်လ(၁)ရက်နေ့မှာ မြန်မာပြည်ကို ဂျပန်ကလွတ်လပ်ရေးပေးတော့ အုပ်ချုပ်ရေးအဖွဲ့မှာ ကရင်အမျိုးသားခေါင်းဆောင် ဦးလှဖေ တယောက်ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ဘာအခွင့်အာဏာမှ မရှိဘူး ဒါကြောင့် "လွတ်လပ်ရေးအတုအယောင်" လို့ပြောဆိုစမှတ်ပြုကြတယ်။

ကျောချမှခါးပြမှန်းသိဆိုသလိုဘဲ ဂျပန်ပေးတဲ့လွတ်လပ်ရေးအတုအယောင်ဖြစ်ပြီး နေရာအနှံ့ မြန်မာ ပြည်တိုင်းရင်းသားပြည်သူတွေကို စော်ကားမော်ကားပြုလာတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ မြန်မာပြည်ခေါင်းဆောင်တွေညှိနှိုင်းပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူအဖွဲ့ချုပ်ကို ၁၉၄၄-ခုနှစ် သြဂုတ်လ(၄)ရက်နေ့က(၇)ရက်နေ့ထိ ပဲခူးမှာဆွေးနွေးပြီး ဖွဲ့စည်းခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ ကိုဗဟိန်း၊ တို့ပါဝင်ခဲ့တယ်။ ဖက်ဆစ်တော်လှန်ရေးအဖွဲ့ဟာ ဗမာတပ်မတော်ကွန်မြူနစ်ပါတီနှင့် ပြည်သူအရေးတော်ပါတီက အဖွဲ့ဝင်တွေပူးပေါင်းပြီး ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်တယ်။

ဥရောပမှာ စစ်မီးစတင်တောက်လောင်လာသည်နှင့် "အင်္ဂလိပ်အခက်ဗမာအချက်" ဆိုတဲ့စကားအရ ပွဲဦးထွက် အင်္ဂလိပ်တွေစစ်ရှုံးတဲ့အပေါ် ချက်ကောင်းယူပြီး အင်္ဂလိပ်ရဲ့ကိုလိုနီထန်းပိုးကို ရိုက်ချိုးဘို့ မြန်မာခေါင်းဆောင်တွေစီစဉ်ခဲ့ပါတယ်။ ဒီလိုစီစဉ်ရင်းနှင့် ဂျပန်နှင့်အဆက်အသွယ်ရခဲ့တယ်။ နောက်ပြီး စစ်ပညာသင်ဖို့ မြန်မာလူငယ်ခေါင်းဆောင်(၃၀)ကိုရွေးချယ်ပြီး ပို့ခဲ့တယ်။ အင်္ဂလိပ်လက်အောက်လွတ်ရင်ပြီးရော့ဆိုတဲ့သဘောဘဲ ဒါပေမဲ့ မြန်မာနိုင်ငံရေးခေါင်းဆောင်တွေထဲမှာ ဂျပန်နှင့်ပူးပေါင်းပြီး အင်္ဂလိပ်ကိုတိုက်ထုတ်ဖို့ သဘောထားရှိသလို ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်နိုင်ငံဖြစ်တဲ့ ဂျာမန်၊ အီတလီ၊ ဂျပန်ရန်သူအဖြစ်သဘောထားပြီး မဟာမိတ်နိုင်ငံတွေဖြစ်တဲ့ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တွေနှင့် ယာယီမဟာမိတ်လုပ်ရမယ်ဆိုတဲ့ နိုင်ငံရေးသဘောထား စတာတွေကွဲလွဲမှုရှိပါတယ်။ ဖက်ဆစ်ဂျပန်ကိုဆန့်ကျင်ဘို့သဘောထားချ မှတ်တဲ့ မြန်မာနိုင်ငံရေးခေါင်းဆောင်တွေထဲမှာ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်တင်မောင်ကြီး၊ သခင်ဗိုလ်စတဲ့ ကွန်မြူနစ်ခေါင်းဆောင်တွေပါဝင်ကြတယ်။

၁၉၄၀-ခုနှစ် သြဂုတ်လ(၈)ရက် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ အမျိုင်ရောက်ပြီး ဂျပန်နှင့် ဆက်သွယ်ရေးလုပ်ပြီး စစ်ပညာသင်အတွက် လူငယ်(၃၀)စေလွတ်ခဲ့တယ်။ သင်တန်းပြီးတဲ့နောက်**(BIA)**ဖွဲ့ပြီး ဂျပန်နှင့်အတူ မြန်မာမြေကို အင်္ဂလိပ်လက်ထဲက ပြန်လည်သိမ်းပိုက်ခဲ့တယ်။

တဖက်မှာလည်း ၁၉၄၂-ခုနှစ် မိုးကာလမှာ ကွန်မြူနစ်အင်အားစုတွေကတော့ ဦးသိန်းဖေမြင့်ကို အိန္ဒိယကိုလွှတ်ပြီး အင်္ဂလိပ်အစိုးရနဲ့နားလည်မှုရယူဖို့လွှတ်လိုက်တယ်။ နောက်ပြီး ဂျပန်ဆန့်ကျင်ရေးအတွက် အင်္ဂလိပ်နှင့် ပူးပေါင်းဆောင်ရွက်ဘို့ဖြစ်တယ်။ သိန်းဖေမြင့်ဟာ ရခိုင်ကိုဖြတ်ပြီး အိန္ဒိယကို ချောမောစွာရောက်သွားတယ်။ ၁၉၄၂-ခုနှစ်နောက်ပိုင်းမှာတော့ ဂျပန်ဆန့်ကျင်ရေးအစီအစဉ်တွေ ပူးပေါင်းချမှတ်နိုင်ခဲ့ကြတယ်။

၁၉၄၄-ခုနှစ် သိန်းဖေမြင့်နှင့် အင်္ဂလိပ်စစ်ဗိုလ်တချို့ရဲ့ စီစဉ်ချက်အရ တပ်သားမောင်ကြည်ကို လေထီးနှင့်ချပြီး မြန်မာပြည်မှာရှိတဲ့ သခင်သန်းထွန်း၊ သခင်စိုးတို့နှင့်အဆက်အသွယ်ရယူဘို့ စီစဉ်ကြတယ်။မောင်ကြည်ဟာ ပဲခူး ဘုရားကြီးအနောက်ဖက်ကွင်းထဲကို ခက်ခက်ခဲခဲဆင်ပြီး ရန်ကုန်မှာရှိတဲ့ သခင်စိုး၊ သခင်သန်းထွန်းတို့နှင့် အဆက်အသွယ်ရခဲ့တယ်။ သိန်းဖေမြင့်ရဲ့အကြောင်းကြားချက်အရ လူ(၆)ဦးကိုရွေးချယ်ပြီး ဖက်ဆက်တိုက်ဖျက်ရေး ပြည်သူအဖွဲ့ချုပ်(ဖဆပ)ဖွဲ့အပြီးမှာ အိန္ဒိယကို စေလွှတ်လိုက်တယ်။ အဲဒီအထဲမှာ ကရင်အမျိုးသားတဦးဖြစ်တဲ့ မန်းဝင်းမောင်လည်းပါသွားတယ်။ နောက်တလအကြာမှာ အချက်ပြဆက်သွယ်ရေးတဦးဖြစ်တဲ့ ဆင်ညွှန်းဟာ ဆက်သွယ်ရေးစက်နဲ့အတူ ထန်းတောကြီးအနီးမှာ လေထီနှင့်ဆင်းလာတယ်။ ကရင်အမျိုးသားတဦးနှင့်တွေ့ပြီးနောက်ဆုံး သခင်သန်းထွန်းဆီရောက်သွားတယ် သခင်သန်းထွန်းနဲ့တွေ့ပြီး ဆက်သွယ်ရေးစက်ကို ထန်းတောကြီးအနီးမှာရှိတဲ့ ကရင်ရွာတရွာမှာထားပြီး အိန္ဒိယမှာရှိတဲ့ အင်္ဂလိပ်နှင့် အဆက်အသွယ်လုပ်တယ်။

နောက်ပိုင်းအင်္ဂလိပ် မြန်မာပြည်ကိုပြန်လည်ဝင်ရောက်လာပြီး မြစ်ကြီးနား၊ ကသာ၊ မုန်ရွာ စတဲ့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ့ရဲ့ "ဘီဒီအေ" တပ်မတော်ဟာ ဂျပန်ကိုတိုက်ဖို့ပြင်ဆင်ကြတယ်။

၁၉၄၅-ခုနှစ် မတ်လ(၃)ရက်နေ့ ရန်ကုန်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အိမ်မှာပြုလုပ်တဲ့ အစည်းအဝေးမှာ စစ်ဖက်နှင့်နိုင်ငံရေးခေါင်းဆောင်(၉)ဦးတက်ရောက်တယ်။ ဂျပန်ကိုတိုက်ဘို့ဆုံးဖြတ်ချက်ချကြတယ်။ အဲဒီထဲမှာ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူအဖွဲ့ချုပ် ဗိုဟိုခေါင်းဆောင်(၉)ဦးကို ရွေးချယ်လိုက်တယ်။ တပ်တော်မှ(၃)ဦး ပြည်သူအရေးတော်ပုံပါတီမှ(၃)ဦး ကွန်မြူနစ်ပါတီမှ(၃)ဦးပေါင်း(၉)ဦးဖြစ်တယ်။

-တပ်မတော်မှ(၃)ဦး (၁)အောင်ဆန်း(၂)လက်ျာ(၃)နေဝင်း
-ပြည်သူအရေးတော်ပုံမှ(၃)ဦး (၁)ဘဆွေ(၂)ကျော်ငြိမ်း(၃)သခင်ချစ်
-ကွန်မြူနစ်ပါတီမှ(၃)ဦး (၁)သခင်စိုး(၂)သခင်သန်းထွန်း(၃)သခင်ဗဟိန်းတို့ဖြစ်ကြတယ်။

အာဇာပိုင်အဖွဲ့(၃)ဦးမှာ စစ်ဖက်တာဝန်ခံ ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးတာဝန်ခံ သခင်စိုးဖြစ်ပြီး နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ သခင်သန်းထွန်းတို့ဖြစ်ကြတယ်။

-ဂျပန်ဆန့်ကျင်ရေးနေ့ကို ၁၉၄၅-ခုနှစ်မတ်လ(၂၇)ရက်နေ့မှာစတင်ခဲ့တယ်။
-စစ်တိုင်းကြီး(၇)တိုင်းသတ်မှတ်ပြီး တိုင်းအမှတ်(၃)ဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်တိုင်းဖြစ်သည်။ ပုသိန်၊ မြောင်းမြ၊ ဟသ်တ၊ ကိုကရင်တပ်ရင်းကတာဝန်ယူဘို့သတ်မှတ်တယ်။ ဒေါင်းတောင်တပ်မှူးကတော့ စောကြာဒိုး စောထွန်းစိန်၊ စောတီးမသေ၊ စောဖိုးဂျောင်း၊ စောစံဖိုးသင် တို့ဖြစ်ကြတယ်။ ပဲခူးရိုးမနှင့် ကွင်းဒေသမှတိုက်မဲ့ မြန်မာရဲခေါင်ပျောက်ကျားတပ်ဖွဲ့မှာ ကရင်တချို့ပါသလို အရှေ့ရိုးမတောင်ခြေနှင့် တောင်ပေါ်ဒေသမှာရှိတဲ့ ကရင်အမျိုးသားများကလည်း "ရဲခေါင်ပျောက်ကျား" တပ်နှင့်ပူးပေါင်းပါဝင်ခဲ့ကြတယ်။

အမှတ် ၁၃၆နှင့် ကရင်အမျိုးသား"ပင့်ကူပျောက်ကျားတပ်ဖွဲ့"

အိန္ဒိယပြည်ကိုရောက်သွားတဲ့ကရင်တွေကို အင်္ဂလိပ်ကစစ်သင်တန်းတွေးပေးခဲ့ပါတယ်။ စစ်ပညာနှင့်အတူ လေထီးဆင်းလေ့ကျင့်ဘက်တွေပါဝင်တဲ့အတွက် ၁၉၄၃-ခုနှစ် ဂျွန်လမှာ မြန်မာပြည်ပြန်ပြီးလေထီးဆင်းသူကတော့ "ဘသက်ကြီး"နှင့် "နဲလဆင်"တို့ဖြစ်တယ်။ ဘသက်ကြီးဟာ လေထီးအဆင်းမှာ ဂျပန်တွေဖမ်းမိလို့အသက်ပေးသွားရတယ်။

ကရင်လူမျိုးအများအပြား ဝင်းဂိတ်တပ်ဖွဲ့ထဲမှာဝင်ရောက်ဖို့ရွေးချယ်ခြင်းခံကြရတယ်။အဒီအထဲမှာ ဗိုလ်ချုပ်မင်းမောင်၊ စောအောင်ဘွယ်ခေါ် ဘတ်တပေါနှင့် စောထွန်းရတို့ပါဝင်ကြတယ်။ သူတို့ဟာ မြစ်ကြီးနားအနီးမှာ လေထီးဆင်ကြပြီး ဂျပန်ရဲ့နောက်ကြောကနေပြီး ဂျပန်ရဲ့လှုပ်ရှားမှုကို အခက်အခဲတွေအောက်မှာ ဆန့်ကျင်နိုင်ခဲ့ပါတယ်။

အရှေ့ရိုးမတောင်ပေါ်ဒေသမှာ ပထမဦးဆုံးလေထီးဆင်သူကတော့ ဗိုလ်ဘကျော်နဲ့အဖော်တွေဖြစ်ကြတဲ့ စောဟေးဘေ၊ ထွန်းရှေနှင့် ထွန်းလင်းတို့ဖြစ်ကြတယ်။ ၁၉၄၃-ခုနှစ် ဖေဖော်ဝါရီအတွင်းမှာ မူဆယ်ကွင်းမှာလေထီးဆင်းကြတယ်။ ဆက်သွယ်ရေးစက်မပါတဲ့အတွက် တနှစ်ပါလုံးစောင့်ပါတယ် ဒါပေမဲ့ စက်ရောက်မလာပါ ၁၉၄၄-ခုနှစ်မှာ ကပ္ပတိန်နှင်းမိုး ဖါးအံမှာလေထီးဆင်းတယ်။ "စောဖဲ"ကတော့ "မူဆယ်"မှာဆင်းတယ်။ ပထမအသုတ်နှင့်တွေ့ဆုံပူးပေါင်းကြတယ်။ နောက်ဆုံး စောသာဝါးနှင့်ခန်နေကိုလေထီဆင်းခဲ့ရာ ဆက်သွယ်ရေးစက်ပါအတူဆောင်လာကြတယ်။ ထိုစက်နဲ့အိန္ဒိယမှာရှိတဲ့ အင်္ဂလိပ်တပ်ဖွဲ့နဲ့အဆက်ယူနိုင်ခဲ့တယ်။ ၁၉၄၄-ခုနှစ် စက်တင်္ဘာလ(၈)ရက်နေ့မှာ ကပ္ပတိန်"မချီဒန်"နှင့်အတူ ဗိုလ်အယ်ရယ် ဗိုလ်စိန်တဲတို့စောမူပလောမှာလေထီးဆင်းကြတယ်။ ဒေသခံကရင်လူကြီးများနှင့်တွေ့ဆုံကြပြီး လှုပ်ရှားမှုအစီးအစဉ်များကို အောက်ပါအတိုင်းရေးဆွဲကြတယ်။

(၁)ကပ္ပတိန်"နှင်းမိုး"နှင့် စောထွန်းလင်း၊ စောအေးဘေ၊ စောထွန်းရှေ၊ စောဖဲတို့အဖွဲ့က တောင်ငူသို့သွားရောက်ရန်
(၂)ကပ္ပတိန်"မချီဒန်"ဟာတောင်ဘက်ကိုသွားရန်
(၃)မေဂျာ ဆီးဂရင်း(မ်)နှင့်အဖွဲ့ဝင်တချို့ ဖါပွန်ဒေသတွင်ဆက်လက်နေထိုင်ရန်

ဂျပန်တပ်တွေမပြတ်လှုပ်ရှားတဲ့အတွက်"မချီဒန်"လည်း တောင်ဘက်ကိုမသွားနိုင်တော့ဘဲ မေဂျာဆီးဂရင်း(မ်)နှင့်အတူ "ကော်မူပွာဒဲ"မှာဘဲ ဆက်လက်နေထိုင်ရတယ် အဲဒီအချိန်မှာ မြစ်ဝကျွန်းပေါ်က "စောဖိုးလှ"ဟာ မေဂျာဆီးဂရင်း(မ်)နှင့်လာရောက်တွေ့ဆုံတဲ့ကိစ္စကို ဂျပန်ကသိသွားပြီး "ဖိုးလှ"ရဲ့ဆွေမျိုးတွေကို အကြပ်ကိုင်တယ်"ဖိုးလှ"လည်းတောင်ငူကိုပြန်ဆင်းပြီး အဖမ်းခံလိုက်တယ်။ ဂျပန်တွေ ဆီးဂရင်း(မ်)ရဲ့စခန်းကိုဝိုင်းပြီးပစ်ခတ်တော့ ကပ္ပတိန်"မချီဒန်"ကျဆုံးသွားတယ်။ ဆီးဂရင်း(မ်)လည်းနောက်ပိုင်းအဖမ်းခံရပြီး သေဒဏ်ပေးခံရတယ်။ ဂျပန်လက်ချက်နဲ့ဟာ တောင်ငူဘက်ကိုတက်သွားတဲ့"ကပ္ပတိန်နှင်းမိုး"ကိုလည်း လိုက်လံတိုက်ခိုက်တဲ့အတွက် "ကပ္ပတိန်နှင်းမိုး"လည်း ဂျပန်လက်ချက်နဲ့ကျဆုံးသွားပါတယ်။

၁၉၄၅-ခုနှစ် ဖေဖော်ဝါရီလမှာတော့ ပင်မတပ်ဖွဲ့**(Main Force)**ကလေထီးနှင့်ဆင်းလာတဲ့ စစ်ဗိုလ်တွေကတော့ ဗိုလ်မှူးကြီး"ထယ်ရယ်""ဖီသော့""ခရစ္စလေ"နှင့်အတူ"ဘတ်တလာ"လည်းပါလာတယ်။

"ဖီးသော့"နှင့်"ဘတ်တလာ"တို့ကရင်နီဒေသကိုသွားပြီး"ခရစ္စလေ"ကတော့ တောင်ပိုင်းကိုသွားတယ်။ ဗိုလ်မှူး"တယ်ရယ်"ကတော့ ကြားဒေသတခုမှာကျန်ခဲ့တယ်။ နေရာအသီးသီးယူပြီးတဲ့နောက် အိန္ဒိယမှာရှိတဲ့ ကရင်တွေကိုမှာယူခဲ့တယ် နောက်ပိုင်း ကရင်စစ်ဗိုလ်တွေလေထီးဆင်းလာကြတယ်။ တစထက်တစအင်အားများလာပြီး ကရင်ပင့်ကူပျောက်ကျားတပ်ဖွဲ့ကိုဖွဲ့စည်းလိုက်ကြတယ်။ ပျောက်ကျားတပ်ဖွဲ့ကိုဖွဲ့စည်းပြီးတဲ့ နောက် အောက်ပါအတိုင်းစစ်ကွက်တွေ သတ်မှတ်ကြတယ်။

(၁)အော့တန် စစ်ဒေသ-သတောင်၊ မောခီး
(၂)အာဘိန စစ်ဒေသ-ထမ်းတပင်၊ မုံး၊ ကျောက်ကြီး၊ ဖာပွန်မြောက်ပိုင်း၊
(၃)မိုကူစ် စစ်ဒေသ- သထုံ၊ ရွှေကြာ၊ ဖာပွန်တောင်ပိုင်း၊

(၄)ဝေါလရပ်စ–စစ်ဒေသ၊ မော်လမြိုင်၊ ဖားအံဒေသတို့ဖြစ်ကြတယ်။

ပျောက်ကျားအဖွဲ့မှာ အင်အားစု(၂)စုခွဲထားတယ်(၁)လှုပ်ရှားတပ်ဖွဲ့(**Fkobile Force**)(၂)ကာကွယ်ရေး၊ အုပ်ချုပ်ရေးတပ်ဖွဲ့(**Statk Force**)တို့ဖြစ်တယ်။ ထိုဒေသတခုမှာ တပ်ရင်း(၃)ရင်းရှိတယ် စစ်ဒေသ(၄)ခုမှာပျောက်ကျားတပ်ဖွဲ့အင်အားစုစုပေါင်း(၁၂၀၀၀)ကျော်ရှိတယ်။ နောက်တန်းကိုပြန်လည်ဆုတ်ခွာတဲ့ ဂျပန်တွေကို နည်းအမျိုးမျိုးနဲ့အနှောက်အယှက်ပေးတိုက်ခိုက်သတ်ဖြတ်ခဲ့တယ်။ ခြုံခိုတိုက်ခိုက်တယ် နှင်းဗုံးတွေထောင်ပြီး တိုက်ခိုက်အမျိုးမျိုးသုတ်သင်ကြတယ်။

အင်္ဂလိပ်တပ်မ(၁၄)ဟာ မန္တလေး၊ ရန်ကုန်ကားလမ်းမကြီးကို တချို့ရောက်လာပြီး တချို့ပြည်ကရောက်လာတယ် အင်္ဂလိပ်ရေတပ်ကလည်း တောင်ပိုင်းကိုရောက်လာပြီး ၁၉၄၅–ခုနှစ်မေလ(၃)ရက်နေ့မှာ ရန်ကုန်ကိုပြည်လည်သိမ်း ပိုက်လိုက်တယ်။

ကရင်"ပင့်ကူပျောက်ကျား"တပ်ဖွဲ့ဟာ မိုးတွင်းကာလတမိုးလုံး ဂျပန်(၁၀၀၀)ကျော်ကိုသုတ်သင်နှိုင်ခဲ့တဲ့အတွက် ဂျပန်ကိုအများဆုံးသတ်နိုင် ဘဲ့တပ်ဖွဲ့ဖြစ်တယ်။

၁၉၄၅–ခုနှစ် သြဂုတ်လ(၁၄)ရက်နေ့ ဂျပန်လက်နက်ချပေမဲ့ အများအပြားဟာ ကရင်ဒေသမှာရှိသေးတဲ့အတွက် "ပင့်ကူပျောက်ကျား"တပ်ဖွဲ့က ဂျပန်တွေကို အောက်တိုဘာလအထိ လိုက်လံတိုက်ခိုက်ရှင်းလင်းနေကြရတယ်။ ကရင်အမျိုးသားများအနေနဲ့ ယခုလိုပြင်းထန်တဲ့ပွဲကြီးမှာ မိုးထဲရေထဲလှုပ်ရှားရင် ဆင်းရဲပင်ပမ်းမှု ဖျားနာမှုကြောင့် အများအပြားအသက်ပေးသွားခဲ့ကြရပါတယ်။

ကရင်တော်လှန်ရေးသမိုင်း ဆရာစကောလယ်တော
မြန်မာနိုင်ငံရေးသမိုင်း(ဒုတိယတွဲ)ဦးလေးမောင်(စာပေဗိမာန်ထုတ်)
ကရင်တော်လှန်ရေးသမိုင်း ဆရာစကောလယ်တော
နိုင်ငံသစ်(ကရင်သမိုင်းသုတေသနအဖွဲ့အမှတ်(၇)
ကရင်တော်လှန်ရေးသမိုင်း ဆရာစကောလယ်တော

ကရင်မူလအစ လေ့လာရေးစာတမ်းတစောင်

နိဒါန်း

ကမ္ဘာပေါ်တွင်လူမျိုးများ၏ မူလဇစ်မြစ်တိုင်းသည် ဝတ္ထုဆန်ဆန်၊ စိတ်ကူးယဉ်ဆန်ဆန်သာဖြစ်ကြပြီး မည်သူမျှအတိအကျဖော်ပြခြင်းမပြုနိုင်ကြပေ။ ဥပမာအားဖြင့် ဂျပန်လူမျိုးတို့သည် မိမိတို့ဘုရင်ကို "နေနတ်" မှဆင်းသက်လာကြသည်ဟုယုံကြည်ကြပြီး၊ မိမိတို့လူမျိုးကိုလည်း "နေနတ်အနွယ်များ" ဟုယူဆကြသည်။

ထိုနည်းတူ ကရင်လူမျိုးများ၏ မူလဇစ်မြစ်နှင့်ပတ်သက်၍ အမျိုးမျိုးယူဆဖြာဆိုကြပေသည်။ အချို့က ကရင်လူမျိုးများသည် "တိဘက်" **TEBET** လူမျိုးဖြစ်သည်ဟုယူဆကြသည်။ အချို့က ကရင်လူမျိုးများသည် တရုတ်ပြည်အနောက်မြောက်ပိုင်းမှ ဆင်းသက်လာကြသော လူမျိုးတမျိုးဖြစ်သည်ဟုဆို၏။ အချို့ကလည်း ကရင်လူမျိုးများသည် ယနေ့မြန်မာနိုင်ငံဟုခေါ်သော ဤနိုင်ငံ၏ "မူလတိုင်းရင်းသား" **(ABORIGINS)**ဟုဆိုကြ၏။ **(JUDSON OF BUURMA, BY PROFESSOR B.R. PEARN,PAGE 79)** "တဖန်အချို့ကလည်း ကရင်လူမျိုးများသည် "ဆီးမိုက်" **(SEMITE)** မျိုးနွယ်ကြီးမှ "ဟီးဘရူး" ခေါ် "ဟေဗြဲ" **(HEBREW)**အနွယ်ဝင် ၁၂ မျိုးထဲမှ ပျောက်ဆုံးသွားသော "လေဝိ" **(LEVITE)** အနွယ်ဖြစ်သည်ဟု အထောက်အထားနှင့် အခိုင်အမာဆိုကြသည်။ ဤကဲ့သို့ပြောဆိုသော ပုဂ္ဂိုလ်များထဲတွင် နိုင်ငံခြားသားပညာတတ် ခရစ်ယာန်သာသနာပြုများလည်းပါဝင်ကြသည်။ မည်သို့ပင်ဖြစ်စေ ကရင်လူမျိုးများ၏မူလဗီဇနှင့် မူလဇစ်မြစ်ကို အရှိကိုအရှိအတိုင်း ဖော်ထုပ်ရမည်မှာ သမိုင်းပေးတာဝန်တရပ်သာဖြစ်ပေသည်။

ကရင်ဟူသောအမည်။

ကရင်ဟူသောအမည်ကို အမျိုးမျိုးယူဆဖြာဆိုကြသည်။ အများအားဖြင့်သိရသည်မှာ အမည်တခုကိုခေါ်တွင်ရာ၌ အကြောင်းတခုခုကိုအစွဲပြု၍ ခေါ်လေ့ရှိကြသည်ကိုတွေ့ရှိရသည်။ဥပမာအားဖြင့် "ဆူးမား" **(SUMER)**လွင်ပြင်တွင် အခြေချနေထိုင်သည့်လူမျိုးများကို "ဆူးမားရီးယန်း" **(SUMERIAN)** ဟုခေါ်ကြသည်။ "အက္ကေ" **(AKKAD)** မြို့ကိုထူထောင်ကြသော လူမျိုးကို "အကားဒီးယန်" **(AKKADIAN)**ဟုခေါ်ကြသည်။ အမေရိကတိုက်တွင်နေထိုင်ကြသောလူမျိုးကို "အမေရိကန်" **(AMERICA)**ဟုခေါ်ကြသည်။ ထိုနည်းတူစွာ ကရင်လူမျိုးများသည်လည်း မိမိတို့နှင့်သက်ဆိုင်သော ထူးခြားသည့်အကြောင်းအရာတခုခုအပေါ်မူတည်၍ ခေါ်တွင်သည်လားဟု ယူဆစရာရှိပါသည်။ ယခင်ကျနော်ရေးသားသော ကရင်၏မူလဇစ်မြစ်-ပထမပိုင်းတွင် မွန်ဂိုလူများအစောဆုံးအခြေချနေထိုင်သည်ဟူ၍ သမိုင်းသုသေသီများသိရှိထားသည့် မက်ဆိုပိုတေးမီးယားဒေသမှ ပါရှန်ပင်လယ်ကွေ့ထဲသို့စီးဝင်သော "ကရုန်မြစ်" **(KARUN)**ကိုအစွဲပြု၍ ခေါ်ခြင်းဖြစ်နိုင်စရာအကြောင်းရှိကြောင်းထင်မြင်ယူဆချက်ကိုတင်ပြခဲ့ပါသည်။ ကမ္ဘာ့သမိုင်းတွင် "ဟစ်ဆော့" **(HTKSOS)**ခေါ် လူမျိုးတမျိုးသည် ၎င်းတို့ကိုယ်ကို "ဟစ်ဆော့" ခေါ်ကြခြင်းမဟုတ်ဘဲ အီဂျစ်လူမျိုးများက ၎င်းတို့အားခေါ်သောအမည်ဖြစ်သည်။ အီဂျစ်ဘာသာစကားဖြင့် "ဟစ်ဆော့" ၏အဓိပ္ပါယ်မှာ "နိုင်ငံခြားသားအုပ်ချုပ်သူများ" **(FOREIGN RULERS)** ဟုအဓိပ္ပါယ်ရသည်။ အီဂျစ်လူမျိုးများကထိုသို့ခေါ်ရခြင်းမှာ "ဟစ်ဆော့" တို့သည် ၎င်းတို့အီဂျစ်ပြည်ကို နှစ်အတန်ကြာလာရောက်အုပ်ချုပ်သော နိုင်ငံခြားသားများဖြစ်သောကြောင့်ပင်တည်း။ ကာလကတ္တားသင်္ကာသိုလ်တွင် ပညာသင်ကြားခဲ့သော သိင်္ဂါတော်ရဆရာကြီးမန်းဘရင်က ၎င်း၏လေ့လာသိရှိမှုကို ကျနော်အားပြောပြရာတွင် ရှေးတရုတ်များသည် ကရင်လူမျိုးကို "ခဲ့ရင်" **(KERRAN)**ဟုခေါ်ကြပြီး၊ "ဧည့်သည်" များဟူ၍ အဓိပ္ပါယ်ရသည်ဟုဆိုသည်။ ထိုအဆိုသည်လည်းဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကရင်လူ မျိုးများသည် အခြားသောဒေသတခုခုမှ တရုတ်ပြည်အနောက်ဘက်နယ်စပ်သို့ ရောက်ရှိလာသဖြင့် ဧည့်သည်များဖြစ်နေခြင်းကြောင့်ဖြစ်ပေသည်။ "ဟစ်ဆော့" အမည်ပေါ်လာပုံနှင့်လည်းဆင်တူနေပါသည်။မာကိုပိုလို၏မှတ်တမ်းတွင် ကရင်လူမျိုးကို **(KARAIAN)** "ကရယင်" "ကရယင်နယ်" **(KARAIANER)**ဟုဖော်ပြထားသည်။

မည်သို့ပင်ဖြစ်စေ ကရင်၏အမည်စတင်၍ခေါ်တွင်လာပုံကို ခရေစေ့တွင်းကျတိတိကျကျမဖော်ထုတ်နိုင်သော်လည်း

“ကရင်”ဟူသောအမည်ကိုကား ကမ္ဘာ့သမိုင်းတွင်မှတ်တမ်းတင်ထားသည်ကို လေ့လာတွေ့ရှိရပေသည်။ တဖန်မြန်မာနိုင်ငံ၌ “ကရင်”ကို စကောကရင်၊ ပိုးကရင်၊ မြန်မာကရင်၊ တလိုင်းကရင်၊ ကော်သူလေး ဟူ၍ ခေါ်နေပါသဖြင့် အချို့မသိသေးသောသူများအနေဖြင့် နားလည်ရန်ခက်ခဲရတော့သည်။ ကရင်လူမျိုးတွင်ဖခင်အနွယ်၊ မိခင်အနွယ်ဟူ၍ နှစ်နွယ်ရှိပါသည်။ ယင်းကဲ့သို့အနွယ်များကွဲရသည်ကိုမူ ပြောရန်ခက်ခဲပါသည်။ ဒဏ္ဍာရီအဆိုအရ ရှေးယခင်က ဖခင်နှင့်မိခင်နှစ်ဦးရှိခဲ့ရာ အကြောင်းတစုံတရာကြောင့် မသင့်မြတ်ကြရာမှ မိခင်နှင့်ဖခင်ကွဲသွားကြရာ ဖခင်နောက်လိုက်သွားသောသားသမီးများသည် ဖခင်အနွယ်ဖြစ်သွားပြီး၊ မိခင်နောက်လိုက်သွားသောသားသမီးများသည် မိခင်အနွယ်ဖြစ်သွားကြသည်ဟု ပြောဆိုလေ့ရှိကြပါသည်။ ယနေ့ကရင်များသည် ဖခင်အနွယ်ဝင်ကရင်ဖြစ်ဖြစ် မိခင်အနွယ်ဝင်ကရင်ဖြစ်ဖြစ် ကရင်လူမျိုးအချင်းချင်း ချစ်ချစ်ခင်ခင်ရှိကြပါသည်။ ပို၍သိလာလေ ပို၍ချစ်လာကြလေဟု ယူဆရပါသည်။

ဖခင်အနွယ်ဝင်ကရင်ကို“စဝေါ”ကရင်ဟုခေါ်သည်။စာလုံးနှစ်လုံးကိုတစ်လုံးတည်းအသံထွက်ပုံစံဖြင့်ပူး၍ ထွက်သည်။ မပီသူများ မခေါ်တတ်သာများက “စကော”ကရင်ဟု ခေါ်ကြသည်။ ဒါကိုပင် ပျူနိုင်ငံသရေခေတ္တရာပျက်စဉ်က၊ စကောတချပ်လေတိုက်၍လွှင့်လာသည်ကို“စကောတပ်ကြီး” ချီတက်လာသည်ဟုယူဆကာ တိုင်းသူပြည်သားများလန့်ပြေးရာ သရေခေတ္တရာပျက်စီးရသည်ဟု မှတ်သားရဖူးပါသည်။ ဤစကောတပ်ကြီးဟု သမိုင်းတွင်ဖေါ်ပြမှုသည်ပင် သရေခေတ္တရာခေတ်က မြန်မာနိုင်ငံတွင် “စကောကရင်”ရှိနေပြီဟု သွယ်ဝိုက်၍ထောက်ခံပြီးသားဖြစ်နေပေသည်။ မိခင်အနွယ်ဝင် ကရင်များကို “ပဝိုး” ကရင်ဟုခေါ်သည်။ “စဝေါ”ကဲ့သို့ပင် စာလုံးနှစ်လုံးကို တစ်လုံးတည်းတွဲခေါ်ပါသည်။ မခေါ်တတ်သူများက “ပိုးကရင်”ဟုခေါ်ကြပါသည်။ မြန်မာကရင်ဟုအခေါ်မှာ မြန်မာများနှင့်ပိုမိုနီးကပ်စွာနေထိုင်ခဲ့သည့် ကရင်များကိုခေါ်ခြင်းဖြစ်ပြီး တလိုင်းကရင်ဆိုသည်မှာ တလိုင်းလူမျိုးများနှင့် နီးနီးကပ်ကပ်နေထိုင်သော ကရင်လူမျိုးများကိုခေါ်ခြင်းဖြစ်သည်။“ကော်သူလေး” ဟုခေါ်သောအခေါ်မှာ ကရင်လူမျိုးများက မိမိတို့နေထိုင်ရာနိုင်ငံကို အလွန်မြတ်နိုးစွာဖြင့်ခေါ်သောအမည်ဖြစ်သည်။ “ကော်”၏အမည်မှာ“နိုင်ငံ” “ဒေသ” “အရပ်”ဟုအဓိပ္ပါယ်ရပြီး၊“သူး”မှာ“အမဲ”ဖြစ်ပြီး၊“လေး”မှာ“မရှိ” “ကင်းစင်ခြင်း” ဟုအဓိပ္ပါယ်ရပါသည်။ သို့ဖြစ်၍ “ကော်သူလေး”၏ အဓိပ္ပါယ်မှာ“ဖြူစင်သန့်ရှင်းပြီး အပြစ်ဆိုစရာမရှိသော ကရင်အမျိုးသားများနိုင်ငံ” ဟုဖြစ်ပါသည်။ အဓိကအားဖြင့် ကရင်တွင်မိခင်အနွယ်“ပိုးကရင်”နှင့် ဖခင်အနွယ် “စဝေါကရင်” ဟူ၍ရှိရာအခြားသောကရင်မျိုးနွယ်များသည် မိခင်ဖခင်အနွယ်နှစ်ခုမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း လေ့လာမှတ်သားရပေသည်။

ဥပမာ–“ပအိုဝ်း”သည် “ပဝိုးကရင်” မိခင်အနွယ်ဝင်ဖြစ်ပြီး၊ “ကယား” “ကယ်ခို” “ယင်းဖြူ” “ယင်းနက်”ယင်းဖြူ” “ကရင်ဖြူ” “ကရင်နီ”တိုသည် **(GRANDFATHER LONGLEGS BY LAMARRISON PAGE 16-THE RED KAREN (SO-CALLED FROM THEIR RED TUMIS) THE KERIN BY US OR STRITED KERINS AND TAUNGTHUS OF THE SOUTHERN SHAN STATE, THE PADAUNG,...ARE A AMALL KAREN TRIBE**) ဖခင်နွယ်ဝင် “စဝေါကရင်” များဖြစ်ကြပေသည်။ တဖန်တခြားသောကရင်အမည်များလည်းရှိပါသေးသည်။“မြောင်”(မျိုး) **HMONG(MOE)**၊ “ယောင်” **(YAO)**၊ လားဟူ(မူးဆိုး) **LAHU(MUSSUR)** “အခါ”(ကော်)**AKHA(KAW)**၊ နှင့် “လီစူး” လီရော **LISU((LISAW)**ဟူ၍လည်းခေါ်ကြပေသေးသည်။ **EOPLE OF THE GOD EN TRAINDLE BY PAUL AND FLAINE LEWIS ,PUBLISHED IN GREAT BRITAIN BY THAMES AND HUDSON LED. 1984-P.7. COLU 1...KAREN, HMONG, MIEN(YAO) LAHU, AKHA, AND LISU...(P.7 L.13. COLUMN.1)...EVEN SO, THE MENBERS OF EACH TRIBE HAVE AN ETHNE-CONSCIOUSNESS WHICH LEADS THEM TO ANY RECOGNIZE ONE ANOTHER AS BELONGING TO THE SAME ETHNIC GROUP)**

ပအိုဝ်းအမျိုးသားခေါင်းဆောင်ခွန်အိုးသည်လည်း ပအိုဝ်းအမျိုးသားများကိုဦးဆောင်ကာ သထုံလေး(ဆီဆိုင်)နယ်မှ ညောင်ရွှေ ၊ရပ်စောက်နယ် လှိုင်းတက်၊ ကလောနယ်များအထိ တော်လှန်ရေးနယ်မြေကို ချဲ့ထွင်ကာ ဖြိတ်သျတို့.

အား ဆန့်ကျင်တိုက်ပွဲဝင်ခဲ့လေသည်။

၁၈၈၇-ခုနှစ်တွင် အင်းလေးကန်အနီး ညောင်ရွှေတောင်ဘက်(၁၂)မိုင်ကွာ မိုင်းသောက်တွင်တပ်များအခိုင်အမာဆောက်လုပ်ကာ၊ ဖြိတိသျှတို့သည် တိုင်းရင်းသားတို့နယ်ခဲ့ဆန့်ကျင်ရေးတပ်ဖွဲ့များကို ဟန့်တားခုခံလေသည်။ အင်းလေးအရှေ့ဘက်၌ဆောက်လုပ်ထားသောခံတပ်များကိုဦးဆောင်သော ကာနယ်စတက်မန်းကို အစွဲပြု၍နောင်တွင် ၎င်းနေရာကိုစတက်မန်းဟု ခေါ်တွင်ခဲ့သည်။

၎င်းနှစ် ဇန္နဝါရီလတွင် ကာနယ်စတက်မန်းနှင့်"မစ္စတာအေအိပ်ချ်ဟီဒီဘရင်း"တို့ဦးဆောင်သော ဖြိတိသျှတပ်တို့သည် လှိုင်ကော်သို့ချီတက်လာသည်။ ချီတက်လာသောဖြိတိသျှတပ်တို့ကို ရှမ်းပြည်ရှိတိုင်းရင်းသားများက နမ်းခမ်းနှင့်ကူကျိုးတို့မှဆီးကြိုတိုက်ခိုက်ကြသည်။ ရပ်စောက်ဇော်ဘွားဦးဆောင်သော ရှမ်းအမျိုးသားများကလည်း ရပ်စောက်နယ်မှခိုင်မာစွာတန်ပြန်ခုခံခဲ့ကြသည်။

၁၈၈၇ ခုနှစ် ဇန္နဝါရီလ (၁၂) နေ့တွင်ကာနယ်စတက်မန်းတပ်များနှင့်"မစ္စတာအေအိပ်ချ်ဟီဒီဘရင်း"ဦးစီးသောဘက်တော်မှတပ်များနှင့် စဉ့်ကူဌ်ပူးပေါင်းမိကာ ကြီးမားသောဖြိတိသျှတပ်တစ်တပ်အဖြစ် ရှမ်းပြည်နယ်ရှိနယ်မြေအသီးသီးတို့ဝင်ရောက်ထိုးဖေါက်ကြပြန်သည်။ ၎င်းနေ့မှာပင် နမ်းခမ်းအနီး၌ လင်းပင်းအုပ်စုနှင့်တွေ့ဆုံ တိုတ်ပွဲဖြစ်ပွားကြသည်။ ထိုတိုက်ပွဲတွင်ကိုက်(၇၀၀)အကွာမှ အနီးကပ်တိုက်ပွဲဖြစ်ပွားသောကြောင့် အမြောက်နှင့်ပစ်ခတ်၍ လူစုခွဲခဲ့ရသည်။ လူအင်အားမမျှ၍ဆုတ်ခွာလာခဲ့ရာ ဇန္နဝါရီလ (၂၉)ရက်နေ့တွင် ပွေးလှသို့ရောက်ရှိလာသည်။

ကူကျိုးတောင်ကုန်တွင် တပ်စွဲထားသောတော်လှန်ရေးတပ်များကို တိတ်တဆိတ်ဖြင့်ညအချိန်တွင်ဝိုင်းပြီး နံနက်အာဂုဏ်တက်ချိန်တွင် ကူကျိုးတောင်ကုန်းနှင့်ကိုက်(၁၀၀၀)ခန့်အကွာ တောင်ပူဆာပေါ်တွင်ချပြီး အပြင်းအထန်ပစ်ခတ်ပြီးမြင်းတပ်ခြေလျှင်တပ်တို့ကလည်း ဒလကြမ်းဝင်ရောက်တိုက်ခိုက်သည်။ အားမမျှ၍ ဆုတ်ခွာခဲ့ရသည်။ ၎င်းတောင်ကုန်တွင်အာဇာနည်(၂၄)ဦးကျဆုံးခဲ့သည်။

ကူကျိုးတောင်တွင်ဆုတ်ခွာရသောအခါ ကိုယ့်နယ်မြေအသီးသီးပြန်နေကြပြီး လူသူနှင့်အင်အားပြန်လည်စုစည်း ပြန်သည်။ ဟိုပုန်းနယ်ပတ်ဝန်းကျင်ရှိပအိုဝ်းများကိုစုစည်းနေ စဉ်တွင်ပင် လင်းပင်မင်းသားထံနှင့် ရပ်စောက်ဇော်ဘွားထံ လက်နက်ချအညံ့ခံရန်စာရောက်လာသည်။

ထိုအချိန်တွင်မိုင်းပိုင်(မိုးဖြဲ)စော်ဘွားကလည်း တောင်ပိုင်းရှမ်းပြည်ရှိသူ၏ ဆန့်ကျင်ရေးတိုက်ပွဲများသည် တနိုင်ငံလုံးတွင်အုတ်အုတ်ကျက်ကျက်ဖြစ်နေသည့်အတိုင်း တိုင်းရင်းသားခေါင်းဆောင်များသည် အများအပြားပေါ်ပေါက်လာခဲ့သည်။ရှမ်းပြည်နယ်နှင့် ကယားဒေသမှနယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင်"ထွက်လူ"မှာလည်းထင်းရှားသောခေါင်းဆောင်တစ်ဦးဖြစ်သည်။

၁၈၈၈ ခုနှစ်မေလ(၉)ရက်နေ့တွင်ထွက်လူဦးဆောင်သောပအိုဝ်း၊ကယား၊ရှမ်းအမျိုးသားများသည်ကိုနီနှင့်ကန်ဂလူတွင်တပ်စွဲထားသော ဖြိတိသျှတပ်စခန်းများကိုဝင်ရောက်တိုက်ခိုက်ကြသည်။ နယ်ချဲ့ဆန့်ရေးခေါင်းဆောင်ထွက်လူမှာမလကာရဟန်းတော်တစ်ပါးဖြစ်သော်လည်း ဖြိတိသျှတို့၏ ပြုမူလုပ်ဆောင်မှုများကို မခံမရပ်နိုင်သဖြင့် လူဝတ်လဲကာ နယ်ချဲ့တို့အားဆန့်ကျင်တိုက်ခိုက်ခဲ့သူဖြစ်လေသည်။ "ထွက်လူ"ဦးဆောင်သော တော်လှန်ရေးသမားများသည် မိုးနဲဟော်အတွင်းသို့ပင် ရဲ့ဝံ့စွာဝင်ရောက်တိုက်ခိုက်ကြသည်။

"ထွက်လူ"ဦးဆောင်သော တော်လှန်ရေးသမားများလူပ်ရှားမှုများကြောင့် ဖြိတိသျှအရာရှိ"မစ္စတာအေအိပ်ချဟီဘရင်း"က သူ၏တပ်များကိုညွှန်ကြားရာတွင် မိုးနဲဒေသ၌တလူလူလွင့်နေပြီးဖြစ်သောဖြိတိသျှအလံတော်ကို"ထွက်လူ"ကြောင့် မြေသို့အကျမခံနှင့်ဟု ထည့်သွင်းညွှန်ကြားခဲ့ရသည်။

ဇန္နဝါရီလ(၂၆)ရက်နေ့တွင် ဂျီစကော့နှင့်ကပ္ပတိန်ဖူးလေး **(G.SCOTT) (CAPT PULLEY)**တို့ဦးဆောင်သောဂေါရခါးတပ်သား(၁၀၀)တို့သည်ကယားပြည် ဘီးလူချောင်းအတိုင်းချီတက်လာကြရာ ရပ်စောက်စော်ဘွားကဆီးကြိုတိုက်ထုတ်လိုက်ကြပြန်သည်။

⌘⌘⌘⌘⌘⌘⌘⌘⌘

ပဒေသရာဇ်စနစ် (FEUDALISM)

အရင်းရှင်စနစ် မတိုင်မီခေတ်ကရှိခဲ့သော လူမှုအဖွဲ့အစည်းစနစ်ဖြစ်သည်။မြေယာမြောက်များစွာပိုင်ဆိုင်ပြီးကုန်ထုတ်လုပ်မှုတွင် ပိုင်စိုးခဲ့သည့်ခေတ်ဖြစ်သည်။အလုပ်သမား၊ လယ်သမားများက မြေပိုင်ရှင်များအပေါ် အားကိုးအားထားနေရသည့်ခေတ်ဖြစ်ပြီး မြေရှင်ပဒေသရာဇ်တို့သည် မျိုးရိုးစဉ်ဆက် အာဏာလက်ဝယ်ပိုင်ဆိုင်လာသည့် လူတန်းစားတစ်ရပ်ဖြစ်သည်။ ထိုပဒေသရာဇ်စနစ်သည်အလယ်ခေတ်တခေတ်လုံးတွင်လွှမ်းမိုးလာပြီး တချို့တိုင်းပြည်များတွင် ၎င်းစနစ်သည် ယနေ့ထိရှိနေသေးသည်။

ပဒေသရာဇ်စနစ်သည် ရောမခေတ်ကြီးကုန်ခါနီး ခရစ်နှစ် (၆၀၀)ကျော်မှစ၍ ဥရောပအလယ်ပိုင်းတွင်လှည့်လည်နေထိုင်ကြသော "ဟန်" လူမျိုးများ၊ ဂျူတန်လူမျိုးများသည် ရောမအင်ပါယာကို မကြာခဏဝင်ရောက်၍တိုက်ခိုက်ခဲ့ကြသည်။ ရောမကိုနှိမ်နှင်းသောအခါ ဂျူတန်လူမျိုးတို့၏ဒေသန္တရအလိုက် နယ်ပယ်ခွဲခြားကာနေထိုင်အုပ်ချုပ်လာသောနည်းစနစ်၊ လွှမ်းမိုးလာခဲ့လေသည်။ရောမတို့၏အစဉ်အလာဖြစ်သည့် ဧကရာဇ်ဆန်သောနေထိုင်မှုမျိုးနှင့်ဆန့်ကျင်လာတော့သည်။

ကာလအချိန်ကြာလာသောအခါ ရောမတို့၏ဧကရာဇ်ဆန်သောနေထိုင်ရေးစနစ်နှင့် ဂျူတန်တို့၏ဒေသအလိုက်နေထိုင်အုပ်ချုပ်သောစနစ်နှစ်မျိုး၊ ရောယှက်လာပြီး **(FEUDALIS)** ဟုခေါ်သည့်ပဒေသရာဇ်စနစ်တစ်မျိုး၊ ဥရောပတိုက်တွင်ဖြစ်ပေါ်၍လာခဲ့လေသည်။

ဧကရာဇ်စနစ်မှာ အာဏာကိုဗဟိုကကြိုးကိုင်ထားသော တချက်လွှတ်အာဏာရှင်စနစ်ပင်ဖြစ်သည်။ ပဒေသရာဇ်စနစ်မှာထိုကဲ့သို့မဟုတ်ပါ ပဒေသရာဇ်စနစ်အရ မြို့စား၊ နယ်စားများသည်ဗဟိုမြို့တော်တွင်ရှိနေသော ဧကရာဇ်ဘုရင်တပါးကိုအထိမ်းအမှတ်အားဖြင့်သာ အသိအမှတ်ပြုကြပေသည်။သို့သော် တစ်ဖက်အုပ်ချုပ်ရေးအာဏာကိုမူကား မိမိတို့ပဒေသရာဇ်မင်းများ၏လက်ထဲ၌သာထားရှိကြလေသည်။

မြို့စားနယ်စားများသည်နောက်လိုက်ဗိုလ်ပါများ ဖြင့် သူတို့၏ပိုင်ဆိုင်သောနယ်ပယ်ဒေသများကိုမိမိတို့၏ဆန္ဒအလျောက်အုပ်ချုပ်ကြသည်သာမက၊ သူတို့၏ပိုင်ဆိုင်သောမြေယာအမြောက်အမြားလည်းရှိကြသည့် မြေပိုင်ရှင်ကြီးများဖြစ်သည်။ထိုသို့ပိုင်ဆိုင်သောမြေယာများတွင် မြေကျွန်ယာကျွန်များကိုနေရာချထား၍ နေထိုင်စေကာလယ်ယာလုပ်ငန်းနှင့် လက်မှုလုပ်ငန်းကိုလုပ်ကိုင်စေသည်။ ဤသို့ဖြင့်မြေကျွန်ယာကျွန်များထားပြီး ပဒေသရာဇ်များသည်စည်းစိမ်ချမ်းသာနှင့်ပြည့်စုံကြလေသည်။ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသည်သာမကအုပ်ချုပ်ရေးအာဏာသည်လည်း ထိုပဒေသရာဇ်များလက်ထဲ၌သာရှိနေသည့်အတွက် ထိုခေတ်ထိုအခါမျိုးကိုဧကရာဇ်ခေတ်ဟု မခေါ်နိုင်တော့ဘဲ "ပဒေသရာဇ်ခေတ်" ဟူ၍သာလျှင်ခေါ်တွင်ကြရပေမည်။

မြန်မာ့သမိုင်းတွင်လည်း တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် စသည့်ခေတ်များသည် ဧကရာဇ်ဘုရင်များချုပ်ကိုင်ခဲ့သောရှေးခေတ်ပြည်ထောင်စုစနစ်ပင်ဖြစ်သည်။ရှမ်း၊ပအိုဝ်း၊ကယား၊မွန်၊ရခိုင်ဒေသများကိုလည်း စော်ဘွားခေါ်နယ်စား၊ပယ်စား၊မြို့စားများအထိခန့်အပ်အုပ်ချုပ်စေခဲ့ကြသည်။

နယ်စား၊ ပယ်စား၊ မြို့စားရာထူးအလိုက်ထီးသုံးနန်းသုံး၊ ထီးဟန်နန်းဟန်ဘုရင်စနစ်၏အမွေခံများနှစ်သိမ့်ပေးအပ်ခဲ့သည်။ ပဒေသရာဇ်စော်ဘွားစော်ခံများအား၊ဟော်နန်းပြဿဒ်ရွှေထီးမိုး၊မတ်ပေါင်းရံဘုရားထူးခံခဲ့ကြသည်။နေဝင်ဘုရင်လေးများဖြစ်ကြသည်။ဘုရင်စနစ်၏ဘွားဘက်တော်၊စော်ဘွားများ၏ဟော်နန်းများတွင်၊ဘုရင်ကိုယ်စားအထူးခွင့်ပြုချက်များဖြင့်၊ရာဇဝုလွှင်များသလွန်များထားရှိခွင့်ရကြသည်။ပလွှင်သလွန်များထက်တွင်ထိုင်၍ တရားစီရင်ခွင့်ရကြသည်။ကန်တော့ခံပွဲများညီလာခံပွဲများကျင်းပခွင့်ရခဲ့ကြသည်။ စော်ဘွားများ၏ဆွေတော်မျိုးတော်များမှန်သမျှ ဘုရားထူးခံခွင့်ရခဲ့ကြသည် ရှိသမျှရသမျှအခွင့်အရေးများကိုအကုန်ယူသည့် အခွင့်ထူးခံ ကော်ဇောပေါ်မှအတန်းအစားများဖြစ်ကြသည်။

ရှမ်းပြည်ပဒေသရာဇ်များ

ရှမ်းပဒေသရာဇ်အကြောင်းကို ရှမ်းလူမျိုးအစ၊ ရှမ်းမင်းအစက စတင်ရပေမည်။ ရှမ်းမျိုးအစမိုင်းမောကဟူ၍လည်းကောင်း။ ရှမ်းမင်းအစ ဘိန္နကဟူ၍လည်းကောင်းဆိုရိုးများရှိခဲ့ပါသည်။ တကောင်းမင်းအဘိရာဇာ အဆက်ဘိန္နကရာဇာမင်းလက်ထက်တွင်၊ တရုတ်များဝင်ရောက်တိုက်ခိုက်သဖြင့် တကောင်းဘုရင်ထီးနန်းကိုစွန့်ခွာရပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်း၌ စိုးစံစဉ်နတ်ရွာစံသည်။ တကောင်းမှကွဲသွားသည့် အဖွဲ့သုံးဖွဲ့အနက်တဖွဲ့ဖြစ်သည့် မင်း၏ညီတော်

သည် ရွှေလီမြစ်အတိုင်းအထက်သို့ ဆန်တက်ပြီး မိုင်းမောရှမ်းတစ်ဆယ့်ကိုးခရိုင်ကိုတည်ထောင်ခဲ့ကြသည်။ ထို့ကြောင့်ရှမ်းအစမိုင်းမောကဟုဆိုစမှတ်ပြုခဲ့ကြသည်။ ရွှေလီမြစ်ဝှမ်းတလျှောက် မောကိုးပြည်ထောင် တည်ထောင်နေထိုင်ခဲ့ကြသည် မိုင်းမောပြည်ကြီးကို အနောက်မဖျိမတိုင်းသား သကျသာကီဝင်မင်းမျိုး“ဘိန္နကရာဇာ”မင်းကြီးက စတင်တည်ထောင်ခဲ့သည်။

ခရစ်နှစ်တစ်ရာစုတွင်တရုပ်ပြည်တောင်ပိုင်း၊အနောက်ပိုင်း၊အရှေ့တောင်ပိုင်းဒေသများသို့ တဖြေးဖြေးတရွေ့ရွေ့နေထိုင်ခဲ့ကြသည်။ ခရစ်နှစ်(၇)ရာစုတွင် နန်ချောင်(နန်ကျောက်)ပြည်၊ စည်ပင်ဖွံ့ဖြိုးနေစဉ်၊ မိုင်းမောဒေသမှ ရှမ်းပြည်ထောင်များ တစတစတိုးချဲ့တည်ထောင်ခဲ့ကြသည်။

၎င်းမင်းများမှရှမ်းကိုးပြည်ထောင်နှင့်အရံ(၉၉)ပါသော ရှမ်းပြည်ထောင်စုကြီးကိုတည်ထောင်ခဲ့ကြသည်။အထက်မင်းဆက်မှ ပေါက်ဖွါးလာသောမင်းဆက်များသည်မြို့ကြီးကိုးမြို့ဖြစ်သော မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ သောင်သွပ်၊ ညောင်ရွေ၊ သိန္နီ၊ သီပေါ၊ မိုးမိတ်၊ မိုးနဲ၊ စသောမြို့များကို ဆက်လက်အုပ်စိုးလာခဲ့ကြသည်။

ခရစ်နှစ်(၁၃)ရာစုတွင်ပုဂံဌာကျစွာမင်း၊နရသီဟပတေ့မင်းလက်ထက်တွင် ရှမ်းမင်းသားညီနောင်သုံးဦးကပုဂံကိုသိမ်းပိုက်ခဲ့ကြသည်။ မြန်မာပြည်အလယ်ပိုင်းကို လွှမ်းမိုးကြီးစိုးလာခဲ့သည်။

ရှမ်းပြည်တောင်ပိုင်းကမွော်ဇတွင် ရှမ်းများမပြန့်နှံ့လာမှီ၊ ပလောင်၊ ပအိုဝ်း၊ ပဒေါင်လူမျိုးများနေထိုင်ခဲ့ကြသည်။ မြောက်ပိုင်းမိုးညှင်း မိုးကောင်းနယ်မှ စော်ဘွားများကိုပင့်ပြီး၊ တောင်ပိုင်းနယ်များကို အုပ်ချုပ်စေခဲ့သည်။ ခရစ်နှစ်(၁၃၆၄)ခုနှစ်တွင် ပင်းယမင်းသည်စစ်ကိုင်းကိုတိုက်ရန် မောရှမ်းကိုအကူအညီတောင်းခံရာ စစ်ကိုင်း၊ ပင်းယ၊ ပါမောရှမ်းတို့အားလုံးသိမ်းယူခဲ့သည်။တောင်ငူခေတ်၌အင်းဝကိုရှမ်းမင်းခွန်မိုင်းငယ်ကအုပ်ချုပ်ခဲ့သည်။ခရစ်နှစ်(၁၅၄၄)ခုနှစ်ဘုရင့်နောင်ဦးဆောင်သောမွန်မြန်မာများနှင့် သီပေါမိုးညှင်း၊မိုးနဲ၊ဗန်းမော်၊စော်ဘွားတို့တိုက်ကြရာစော်ဘွားတို့အရေးနိမ့်ခဲ့ရသည်။(၁၅၅၅)ခုနှစ်တွင် ဘုရင့်နောင်သည်ရှမ်းပြည်မြောက်ပိုင်း၊တောင်ပိုင်း၊အရှေ့ပိုင်းစော်ဘွားနယ်များအပြင် ယိုးဒယားပြည်မြောက် ပိုင်းအထိသိမ်းပိုက်နိုင်ခဲ့သည်။

ဘုရင့်နောင်၏သားနန္ဒဘုရင်လက်ထက်တွင်နိုင်ငံတော်ပြိုကွဲ၍ ရှမ်းပြည်ပြန်လည်ခွဲထွက်သွားသည်။ မြန်မာသက္ကရာဇ်(၁၁၂၇)ခုနှစ် အင်းဝဆင်ဖြူရှင်မင်းလက်ထက်တွင် ရှမ်းနှင့်ရှမ်းအနွယ်ဝင်တို့တိုင်း(၁၆)တိုင်းရှိကြောင်း ရွှေဘိုပုံစံတုလွတ်ကျောင်းတော်ကျောက်စာ၌ဖော်ပြထားသည်။ ၎င်းတိုင်းများမှာမွန်၊ယိုးဒယား၏ဒွါရဝတီခေါ်အရှေ့ပိုင်း၊ဖင်းမယ်ခေါ်အရှိပုဇတိုင်း၊ကျိုင်းတုံခေါ်ခေမာရဋ္ဌတိုင်း၊ကျိုင်းရုံးခေါ်မဟာနဂရတိုင်း၊ဘန္နပူရိခေါ်လဝရဋ္ဌတိုင်း၊ကမ္ဘောဇတိုင်း၊အဋ္ဌဝတီတိုင်း၊မောကိုးခွင်ခေါ်မောရိယတိုင်း၊စိန်တိုင်းမဟိသကတိုင်း၊မဏိပူရတိုင်း၊သုနာပရန္တ ရတိုင်း၊တို့ဖြစ်သည်။ အင်းဝတွင်မြန်မာသက္ကရာဇ်(၈၈၈)–(၉၀၄)ခုနှစ်တွင်နန်းတက်သောရှမ်းဘုရင်သိုဟန်ဘွားသည် ရက်စက်ကြမ်းကြုပ်စွာနှိပ်စက်အုပ်ချုပ်သဖြင့် မင်းကြီးရန်နောင်သိုဟန်ဘွားအားလုပ်ကြံပြီး ကုန်းဘောင်စော်ဘွားခွန်မိုင်းကြီးကိုပင့်ဆောင်နန်းတင်ခဲ့သည်။ကုန်းဘောင်ခွန်မိုင်းအင်းဝတွင်စံမြန်းစဉ် ရှမ်းပြည်တွင်ညီတော်သားတော်များကို တိုင်းပြည်အုပ်ချုပ်ရန် ကိုယ်ပွားထားခဲ့သည်။ထိုအချိန်မှစ၍ရှမ်းဘာသာဖြင့်စဝ်ဖား၊ မြန်မာဘာသာဖြင့်စော်ဘွားဟု သုံးနှုံးလာခဲ့သည် (စဝ် ၏အဓိပ္ပါယ်သည်ပိုင်ဆိုင်သူ၊ ဖါး ၏အဓိပ္ပါယ်သည်ကောင်းကင်တမျှဟုအဓိပ္ပါယ်ရပါသည်။ ထို့ကြောင့်စဝ်ဖါးကောင်းကင်တမျှပိုင်ဆိုင်သူဟုဆိုလိုပါသည်။) သက္ကရာဇ်(၉၂၉)ဟံသာဝတီဆင်ဖြူရှင်ဘွဲ့ ခံဘုရင့်နောင်လက်ထက်၊ယိုးဒယား၊ဖင်းမယ်၊လင်းဇင်း၊တိုင်းများသို့အောင်နိုင်သောအခါမှစ၍ မောမင်းစော်ဘွား၊မြို့စား၊နယ်စားများတို့သည် မြန်မာဘုရင်၏ထီးရံနန်းရံအဖြစ်သတ်မှတ်၍ နေဝင်ဘုရင်ဟုသတ်မှတ်ခေါ်တွင်ခဲ့သည်။

၁၈–ရာစုတွင်မြန်မာဘုရင်များသည် ၎င်းတို့၏အာဏာစက်ကို၊ တောင်တန်းဒေသအထိလွှမ်းမိုးလာနိုင်ခဲ့သည်။ ရှမ်းပြည်နယ်တွင်ပဒေသရာဇ်အရှင်သခင်များ၏လက်အောက်တွင်စည်းရုံးမိလျက်ရှိနေသည်။ရှမ်းပြည်အားလုံးကိုချုပ်ကိုင်နိုင်သောဘုရင်ကရာဇ်စော်ဘွားဟူ၍မရှိခဲ့ပေ၊ ထိထိရောက်ရောက်ချုပ်ကိုင်အုပ်ချုပ်နိုင်သည့်ဗဟိုအာဏာမရှိခဲ့ပါ။ရှမ်းပြည်တိုင်းရင်းသားလူမျိုးများအားအုပ်ချုပ်နိုင်သောဘုရင်မင်းများမရှိခဲ့ပါ။ရှမ်းပြည်နယ်တွင်နယ်မြေဒေသအလိုက် ကိုယ့်မင်းကိုယ်ချင်းအုပ်ချုပ်ခဲ့ကြသည်။ကိုယ့်မင်းကိုယ့်ချင်းအုပ်ချုပ်ခဲ့သည်ဆိုသော်လည်း ဘုရင်စော်ဘွားများ၏ပဒေသရာဇ်စနစ်ဆိုးကြီးသည်လက်နက်အားကိုးဖြင့်အနိုင်အထက်ကျင့်ပြီးဒါးမိုးအုပ်ချုပ်ခဲ့သည့်စနစ်ဖြစ်သည်။

ရှမ်းပြည်နယ်ကိုရှမ်းစော်ဘွားများက(၃၃)နယ်မြေခွဲထားပြီးအုပ်ချုပ်ကြသည်။၎င်းနယ်မြေများမှာ၊ညောင်းရွေ၊ရပ်စောက်၊သာမိုင်းခမ်း၊လွယ်လုံ၊ပင်မှီ၊ပွေးလှ၊ပင်းတယ၊ရွာငံ၊ရေဦး၊ဘော်နယ်၊ဟိုပုံး၊နမ့်ခုတ်၊နောင်မွန်၊ဘန်းယဉ်၊ဆီဆိုင်၊

စကား၊စကွယ်၊မိုးနဲ၊မိုင်းပန်၊မောက်မယ်၊လဲချား၊မိုင်းကိုင်၊မိုင်းနောင်၊မိုင်းရူး၊ကျေးသီ၊မိုင်းရယ်၊သီပေါ၊သိန္နီ၊တောင်ပိုင်း၊ကျိုင်းတုံ၊မိုင်းယွန်း၊ကိုးကန့်၊မိုးမိတ်နယ်များဖြစ်ကြသည်။ထိုနယ်များမှ အငယ်ဆုံးအကျဉ်းဆုံးနယ်မှာ ကျုံးစော်ဘွား၊နယ်ဖြစ်ပြီးစတုရန်းမိုင်(၂၄)မိုင်သာရှိကာ လူဦးရေနှစ်ထောင်ခန့်သာရှိသည်။ အကြီးဆုံးနယ်မှာ ကျိုင်းတုံနယ်ဖြစ်သည်။ကျိုင်းတုံသည်စတုရန်းမိုင်(၁၂၀၀၀)ရှိသည်လူဦးရေသုံးသိန်း ကျော်ရှိသည်။

ကိုလိုနီလက်အောက်ပဒေသရာဇ်များ

တနိုင်ငံလုံး ဗြိတိသျှလက်အောက်ကျရောက်လာသောအခါ စော်ဘွားများနှင့်၎င်းတို့၏နောက်လိုက်များသည်ဗြိတိသျှလက်ပါးစေဘဝသို့ အဆင့်ဆင့်ရွေ့လျှောကျလာခဲ့သည်။ စော်ဘွားများသည်ဗြိတိသျှအစိုးရက ခန့်ထားသော တောင်တန်းမင်းကြီး၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ယင်းအမိန့်ကိုမလိုက်နာပါက စော်ဘွားရာထူးမှ ထုတ်ပယ်နိုင်ကြောင်းကိုလည်း ညွှန်ကြားချက်ထုတ်ပြန်ထားသည်။ ဗြိတိသျှနယ်ချဲ့၏ချုပ်ကိုင်မှုသည် ရှမ်းပြည်တွင်တဖြည်းဖြည်းတင်းကြပ်လာသည်။

စော်ဘွားများလိုက်နာရန်စည်းကမ်းချက်(ဆယ်)ချက်တွင်-

(၁) သတ်မှတ်ထားသောလက်ဆောင်ငွေများကိုနှစ်စဉ်မှန်မှန်ပေးသွင်းရမည်။တကြိမ်လုပ် ငါးနှစ်အတွက်သာသတ်မှတ်ထားသော်လည်း၊ ငါးနှစ်မပြည့်မည်သော်လည်းကောင်း၊ငါးနှစ်ကျော်မှသော်လည်းကောင်း၊ မည်သည့်အချိန်အခါမဆို မြန်မာပြည်ဘုရင်ခံမင်းကြီး၏သဘောအရတိုးနိုင်လျော့နိုင်သည်။

(၂) သစ်တောသတ္တုနှင့်တွင်းထွက်ပစ္စည်းအားလုံးကိုအစိုးရမင်းကပိုင်ဆိုင်သည်။ယင်းတို့ကိုအကယ်၍(သင့်အား)လုပ်ရန် အခွင့်ပေးထားလျှင် သတ်မှတ်ထားသော အခွန်တော်များကိုအစိုးရ၏ပြဋ္ဌါန်းချက်အရဆက်သွင်းရမည်။ ထိုသစ်တော၊သတ္တုနှင့်တွင်းထွက်ပစ္စည်းများကိုလုပ် ကိုင်ရာတွင်လည်းအစိုးရမင်း၏ဥပဒေအရသာလုပ်ရမည်။ အကယ်၍သင့်အားသတ္တုတွင်းများတူးဖော်ရန်“ဂရမ်”“လိုင်စင်”များထုတ်ပေးခဲ့လျှင် ထိုတူးဖော်ရရှိသောကျောက်သံပတ္တမြားအစရှိသည့် တွင်းထွက်ပစ္စည်းများအပေါ်တွင် အကောက်တော်များပေးရမည်။

(၃) သက်ဆိုင်ရာနယ်၌ရပ်ရွာဓလေ့ထုံးစံအရအုပ်ချုပ်ရေးကိစ္စအားလုံးကို ရှမ်းပြည်ဆိုင်ရာအရေးပိုင်၏အမိန့်ဩဝါဒအတိုင်း (သင်)အုပ်ချုပ်ရမည်။ ပြည်သူတို့၏အခွင့်အရေးကိုအရေးယူပြုရမည့်အပြင်ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်သူတို့အား‌မည်သည့်နည်းနှင့်မျှ ဖိနှိပ်ချုပ်ခြယ်ခြင်းကိုမပြုရ။ ဖိနှိပ်ချုပ်ချယ်ခြင်းမခံရသော်လည်း ကာကွယ်ပေးရမည်။

(၄) သက်ဆိုင်ရာနယ်မြေတွင် ငြိမ်ဝပ်ပိပြားရေးကိုလည်းစောင့်ရှောက်ရမည်။ကူးသန်းရောင်းဝယ်သောလမ်းများကို လည်းဖွင့်ထားရမည်။အကယ်၍(သင်)အုပ်ချုပ်ရသောနယ်နိမိတ်အတွင်း သွားလာနေသောကုန်သည်များအားလုယက်တိုက်ခဲ့လျှင်၊ အရေးပိုင်ကကန့်သတ်ပေးသည့်အတိုင်း(သင်)က လျော်ကြေးပေးရမည်။

(၅) သက်ဆိုင်ရာနယ်အတွင်း ဖြစ်ပျက်နေသောအကြောင်းအရာများကို အရေးပိုင်အားအမြဲသတင်းပေးရမည်။ ကိုယ်စားလှယ်တစ်ယောက်ကို အရေးပိုင်ကထားလိုလျှင်ထားခွင့်ရှိရမည်။

(၆) တနယ်နှင့်တနယ်အငြင်းအခုံကိစ္စတစုံတခုပေါ်ပေါက်ခဲ့သော် ထိုကိစ္စကိုအရေးပိုင်ထံသို့တင်သွင်းပြီး အရေးပိုင်၏ဆုံးဖြတ်ချက်ကိုနာခံရမည်။ (သင်၏)နယ်သားများသည် တခြားတနယ်သို့သွားရောက်၍ တိုက်ခိုက်လုယက်မှုများကျူးလွန်ခဲ့သော်၊ အရေးပိုင်ကသင့်တော်သည်ဟု ဆုံးဖြတ်ချက်ချထားသော လျော်ကြေးကိုပေးဆောင်ရမည်။

(၇) အကယ်၍အစိုးရကသက်ဆိုင်ရာနယ်အတွင်း မီးရထားလမ်းများဖေါက်လုပ်လိုလျှင်၊ မူလမြေပေါ်တွင်နေထိုင်သောလူများအား လျော်ကြေးပေးသည်မှအပ၊ မြေများကိုအဖိုးအခမရှိပေးဆောင်ရမည်။

(၈) ဘိန်း၊ အရက်၊ လှော်စာ အစရှိသည်တို့ကိုမြန်မာပြည်သို့ ဥပဒေအရ ယစ်မျိုးခွန်ထမ်းဆောင်ပြီးမှ သွင်းယူရမည်။

(၉) သက်ဆိုင်ရာနယ်အတွင် ်းပုန်းအောင်းတိမ်းရှောင်နေသော ရာဇဝတ်ကောင်များကို အစိုးရအရာရှိများကတောင်းဆိုလျှင်ပေးရမည်။ ရာဇဝတ်ကောင်များကိုလိုက်လံဖမ်းဆီးသော အစိုးရအရာရှိများကိုကူညီရမည်။

(၁၀) ဥရောပဗြိတိသျှလူမျိုးတို့အပေါ်တွင် ရာဇဝတ်ကျင့်ထုံးအရ တရားစီရင်ပိုင်ခွင့်မရှိစေရ ထိုလူမျိုးတို့အပေါ်တွင်အကယ်၍ တရားစွဲဆိုခဲ့ပါကရှမ်းပြည်အရေးပိုင်ထံလွှဲအပ်ရမည်။

ဤသတ်မှတ်ချက်များသည် ရှမ်းကုန်းပြင်မြင့်ရှိတိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများအားဖြိတိသျှနှင့်ဖြိတိသျလက်ပါးစေတို့ ၏ နိုင်ငံရေးအသွင်တိုက်ပွဲများဖြင့် တန်ပြန်ထိုးစစ်ဆင်ခြင်းဖြစ်သော်လည်း မအောင်မြင်ခဲ့ချေ။

(၁၉၃၁)ခုနှစ်ရောက်ခါနီးအချိန်တွင်ရှမ်းပြည်ရှိပဒေသရာဇ်စော်ဘွားများကြီးထွား ၇ပြီးရှမ်းပြည်တိုင်းရင်းသားပြည်သူတို့မှာ မြေပြန့်ရှိတောင်သူလယ်သမားနည်းတူ အမျိုးမျိုးနှိပ်စက်ညှင်းပန်းခြင်းခံရသည့်အပြင် လယ်ခွန်မြေခွန်များကိုအဓမ္မစည်းကြပ်တောင်းခံခြင်း၊ အမျိုးသမီးများကိုဖျက်ဆီးခြင်းစသော မတရားမှုများကို ခံစားနေရလေသည်။

ပဒေသရာဇ်လက်အောက်အုပ်ချုပ်ရေးစနစ်

ပဒေသရာဇ်စော်ဘွားများ၏လက်အောက်တွင် အုပ်ချုပ်ရေး၊အခွန်တော်ကောက်ယူရေးအတွက်အဆင့်(၃)ဆင့်ခွဲခြားခန့်ထားခဲ့ပါသည်။ပြည်သူလူထုနှင့်စော်ဘွားပဒေသရာဇ်အကြားတွင်လူထုနှင့်အနီးဆုံးနေပြီးရွာအဆင့်အုပ်ချုပ်ရသည့် “ကျော့”ခေါ်ရွာသူကြီး၊ရွာသုံးလေးရွာပေါင်းပြီးငင်းကိုအုပ်စုဟုခေါ်ကာအုပ်စုကိုအုပ်ချုပ်ရသည့်အုပ်စုသူကြီး၊ငင်းအုပ်စုသူကြီးကို“ဟိန်”ဟုခေါ်ပြီး၊အုပ်စုသူကြီးအပေါ် အုပ်စုများကိုစုပြီးတိုက်နယ်သတ်မှတ်ကာ ၄င်းတိုက်နယ်ကိုအုပ်ချုပ်ရသူတိုက်သူကြီး၊ ၄င်းတိုက်သူကြီးကို“မိတိုင်”ဟုခေါ်သည်၊စော်ဘွားများသည်တပည့်လက်ဝေခံကျော့၊ဟိန်၊မိတိုင်များကိုသူတို့အလိုကျခန့်အပ်အုပ်ချုပ်စေသည့်စနစ်ဖြစ်သည်။

အဆင့်သုံးဆင့်ထားပြီးအုပ်ချုပ်ရေးစနစ်ထားပေးသော်လည်းငင်းအုပ်ချုပ်သည့်လူများသည်ပအိုဝ်းတိုင်းရင်းသားများ၊ရွာသားများကရွေးချယ်တင်မြှောက်ထားသည့်လူတယောက်မျှမပါဝင်ပါ။ငင်းရွာသူကြီး၊အုပ်စုသူကြီး၊တိုက်နယ်သူကြီးများသည်ပဒေသရာဇ်၏လူယုံတော်၊လက်ပါးစေများကိုသာရွေးချယ်ပြီးပဒေသရာဇ်အလိုကျအုပ်ချုပ်သည့်လူမျိုးများကိုသာခန့်ထားခဲ့ကြသည်။ပဒေသရာဇ်ခေတ်တွင် ပဒေသရာဇ်တို့စိတ်ကြိုက်နှင့်သူတို့၏အသိုင်းအဝန်းကိုကာကွယ်ရန်အတွက်တဖက်သတ်ဥပဒေပုဒ်မများရေးဆွဲပြီးအုပ်ချုပ်ခဲ့ကြသည်။

ပဒေသရာဇ်များ၏တဖက်သတ်ပုဒ်မများကိုပအိုဝ်းလူထုများကလုံးဝပြင်ဆင်ပိုင်ခွင့်၊ဝေဖန်ပိုင်ခွင့်မရှိပါ။အမှန်စင်စစ်ပဒေသရာဇ်ခန့်အပ်ထားသည့်လူမျိုးများသည်ပဒေသရာဇ်တို့၏မွေးထားသည့်လူဆိုး၊သူခိုး၊ဓါးပြများနှင့်လူထုကိုအနိုင်ကျင့်တတ်သည့်ကိုယ်ချင်းစာတရား၊အသိတရား၊ညှာတာထောက်ထားခြင်းတရား၊သနားကြင်နာတတ်သည့်စိတ်ထားမရှိဘဲ၊ပဒေသရာဇ်လက်ည်းညွှန်ရာနာခံတတ်သည့်လူမျိုးကိုသာခန့်ထားကြသည်။

ပဒေသရာဇ်တို့၏မလိုတမျိုးလိုတမျိုးဖြင့်သူတို့အလိုကျထားရှိသည့် ဥပဒေပုဒ်မထဲတွင်မလူးသာမလွန့်သာဖြင့် ဒုက္ခပင်လယ်ဝေခဲ့ရသည်။ပအိုဝ်းတိုင်းရင်းသားများသည်တင်းကြပ်သည့်ပဒေသရာဇ်စော်ဘွားများ၏ဥပဒေပုဒ်မထဲတွင် ဘာတခုမှလုပ်ပိုင်ခွင့်မရှိသည်မျှမက၊လောင်းကစား ဥပဒေ၊အခွန်ကောက်ခံရေးဥပဒေ၊ဘိန်းခွန်ကောက်ခံသည့် ဥပဒေများနှင့် ပဒေသရာဇ်ကိုကာကွယ်ပေးသည့် ဥပဒေများသာရေးဆွဲထားသည်။

ဥပဒေတပ်စရာမရှိသည့်၊စော်ဘွားကိုအာခံမှု၊ပြန်ပြောမှု၊နိုင်ငံရေးလှုံ့ဆော်မှုများကိုပိုဒ်မ(၁၀)တပ်ပြီးနယ်နှင်ဒဏ်ပေးသည့်ဥပဒေဖြစ်သည်။(ရှင်းရှင်းပြောရလျှင်ပဒေသရာဇ်ပုဒ်မ(၁၀)သည် ယွန်းမဆလ၊နဝတ၊နအဖအမည်အမျိုးမျိုးပြောင်းသည့် စစ်အုပ်စု၏ပိုဒ်မ(၁၇/၁)စောက်မြင်ကပ်ပုဒ်မနှင့်အတူတူပင် ဖြစ်သည်။

ပဒေသရာဇ်စော်ဘွားလက်အောက်အခြေအနေ

ပဒေသရာဇ်ဇော်ဘွားများလက်အောက်တွင်လူမျိုးတိုင်းသည်မျက်စိပိတ်နားပိတ်ခံဘဝဖြင့်ထားရာနေ၊စေရာသွားပေးတာကိုစားဆိုသည့် ကျွန်သဖွယ်ဖြစ်ခဲ့ရသည်။ပဒေသရာဇ်စော်ဘွားများသည် သူတို့ကိုသူတို့၊ ကောင်းကင်တမျှအာဏာရှိပြီး ပြည်သူပြည်သားများ၏အသက်ကိုပင် သူတို့ပိုင်ဆိုင်သည့် အဓိပ္ပါယ်ဖြင့် တိုင်းသူပြည်သားများကိုထင်သလိုအုပ်ချုပ်ချယ်လှယ်ခဲ့ကြသည်။“စောဝ်းဖါး”ဆိုသည့်စကား၏အဓိပ္ပါယ်မှာ“စောဝ်း”သည်ပိုင်ဆိုင်ခြင်း၊ပိုင်ဆိုင်သူ၊ပိုင်ရှင်ဖြစ်သည်။“ဖါး”သည်ကောင်းကင်ဖြစ်သည်။ထို့ကြောင့်ကောင်းကင်တမျှ ပိုင်ဆိုင်သူပိုင်ရှင်ဖြစ်သည်ဟု အဓိပ္ပါယ် ရသည့်ရှမ်းစကား ဖြစ်သည်။

(ညီညွတ်ရေးအတော်ပုံ)စာမျက်နှာ(၆၉)တွင်ရေးသားထားသည်မှာ-ဒုတိယကမ္ဘာစစ်မဖြစ်မီ ကာလတွင် ရှမ်းပြည်တွင်စာတတ်သူ(၁၆%)သာရှိပြီး ရှမ်းကုန်းပြင်မြင့်သားတို့၏သက်တမ်းမှာ(၂၆-၅၆)နှစ်သာနေရသည် ဖွားသေနှုန်း(၁၀၀)လျှင်(၁၀)ယောက်သောကလေးတို့ သေကြေပျက်စီးခဲ့ရသည်ဟူ၍ငင်း၊ ထိုတွင်မျှမကတိုင်းရင်းသားတို့၏

တဦးစီ နေ့စဉ်ဝင်ငွေမှာ(၆)ခြောက်ပြားမျှသာရှိသည်ဟူ၍ငင်းဆိုထားလေရာရှမ်းကုန်းပြင်မြင့်ရှိတိုင်းရင်းသားအပေါင်းတို့၏လူနေမှုအဆင့်အတန်းမှာ တွေးဝံ့စရာမရှိဖွတ်ကြောပြာစု၊ ခရုဆံကျွတ်၊ဝမ်းမဝ၊ခါးမလှသည့် ဘဝနိမ့်ကျမွဲတေလှကြောင်း ထင်ရှားပါသည်။

ယင်းကဲ့သို့ဖြစ်ရသည်မှာလည်း မဆန်းပါပေ။စော်ဘွားများ၏နယ်များတွင် ဘုရားပွဲများကျင်းပတိုင်း၊ ကစားဝိုင်းကြီးများကို လွတ်လပ်စွာလေလံပစ်၍ နိုင်ငံခြားသားတရပ်များကဖွင့်လှစ်သည်။တိုင်းရင်းသားတောင်သူလယ်သမားများကလောင်းကစားကြသည်။ကြိုက်သလို လောင်းကစားနိုင်သည်။ ကျဲရောင်း၊နွားရောင်း၊ခြံရောင်း၊အိမ်ရောင်း၊လယ်ရောင်း ခွက်ခွက်လန်အောင်ရှုံးကြသည်။လေးကောင်ကျင်၊သုံးဆယ့်ခြောက်ကောင်မြေကပ်ထီ၊ပိုက်ကျူး၊ပိုကာ၊နေ့ရောညပါကစားနိုင်သည်။ထိုစဉ်ကရှမ်းကုန်းမြေမြင့်ဒေသများအားအရှေ့တိုင်း၏မွန်တီကာလိုဟူ၍ငင်း၊လောင်းကစားသူများ၏ပျော်ရာနိဗာန်ဟူ၍ငင်း၊အာရှတခွင်၌တင်စားခေါ်ဝေါ်ကျော်ကြားခဲ့၏။ဘုရားပွဲအမည်ခံသော ဒုစရိုက်ပွဲများသာတည်း။

တဖက်မှာလည်းအလုပ်ရုံစက်ရုံကြီးများ၏မီးခိုးခေါင်းတိုင်ကြီးများမှ မီးခိုးတလူလူနှင့်ကုန်ထုတ်စွမ်းအားတိုးတက်နေဘိအလား တိုင်းရင်းသားပအိုဝ်း၊ရှမ်း၊လူမျိုးတို့၏ဘိန်းပြောင်းမှဘိန်းငွေ့တလူလူနှင့် လူစဉ်မမှီဖြစ်ကြရသည်ကလည်းတမှောင့်ထွက်လာသည့်အဖြေက နိုင်ငံခြားသားများကစီးပွားဖြစ်သည်။ပဒေသရာဇ်တို့၏တော်ဘုရားကြီးများကမော်တော်ကားဝယ်စီးသည်။ရှမ်းကုန်းပြင်မြင့်သားတို့မှာမူလောင်းကစားရှုံး၍ ဆုံလည်နွားပမာကျွေးတင်ကျွန်ဖြစ်၊ မရှိခြင်းနှင့်အတိုပြီးခဲ့ရသည်။

စာမျက်နှာ(၁၅၁)တွင်“စွန့်ထားသောဆွမ်းတော်များကောက်စားနေရကြောင်း”

တနေ့သောအခါ မဲနယ်တောင်တန်းမှ ပအိုဝ်းရဲတော်ကြီးနန္ဒာဟိန် တောင်ကြီးသို့ရောက်လာပြီးဟိုပုံးဘုရားပွဲသို့လိုက်ကြည့်ရန်ခေါ်ပါသည်။ သတင်းထူးရှိသည်ဆိုသဖြင့်ကျွန်တော်လိုက်ပါသွားသည်။

ဟိုပုန်းရောက်သောအခါဟိုပုံးမွေတော်ဘုရားကြီးတွင်ဆွမ်းတော်စွန့်ပစ်ထားသော စားသောက်ဘွယ်မုံ့မျိုးစုံကိုပအိုဝ်းအမျိုးသားအမျိုးသမီးကလေးလူကြီးအပါအဝင် လေးငါးယောက်ခန့်တို့က အလုအယက်ကောက်ယူစားသောက်နေကြသည်ကို မြင်တွေ့ရပါသည်။သူတို့ကိုမြို့ပေါ်တွင်နေထိုင်ကြသောလူများက ထူးဆန်းအံ့သြသောမျက်နှာထားမျိုးများဖြင့်ဝိုင်းကြည့်နေပါကြပါသည်။မလှမ်းမကမ်းရှိဘုရားပွဲထဲမှ(၄)ကောင်ကျင်ထီဖွင့်သံနှင့်(၃၆)ကောင်ထီဖွင့်သံမှာလည်းဆူညံနေ၏။

ကျွန်တော်သည်ထိုအခြင်းအရာများကိုဓါတ်ပုံရိုက်မှတ်သားပြီး ရန်ကုန်ရှိမြန်မာအလင်းသတင်းစာတိုက်သို့ပို့လိုက်လေရာ ထိုသတင်းကိုမြန်မာ့အလင်းကအသားပေးပြီး“ရှမ်းပြည်ရှိတိုင်းရင်းသားပအိုဝ်းများဆန်မရှိထမင်းငတ်၍စွန့်ထားသောဆွမ်းတော်များကောက်စားနေ”မျက်နှာဖုံးမှစာ လုံးမဲကြီးများနှင့်ဖေါ်ပြပါရှိလာတော့သည်။

စာ(၁၅၆) တတိယစာပို ဒ်စာကြောင်း(၃)

စငေါတိုက်သူကြီးဖိုးဟိန်(ဦးအောင်ထွန်းနှင့်ဦးအောင်သာသနပ်ဖက်ကုန်သည်တို့၏ဖခင်)ထံသွားကြပါသည်။တိုက်သူကြီးအားငတ်မွတ်ခေါင်းပါးရခြင်းအကြောင်းဆွေးနွေးတင်ပြလေရာ ငတ်၍သေသောသူများရှိကြောင်း လမ်းပန်းအဆက်အသွယ်ပြတ်တောက်၍ မြို့မှဆန်များမလာတော့ခြင်းကြောင့် သစ်ဥသစ်ဖုများကို ရှာဖွေစားကြရာမှအချို့မှာ အဆိပ်သင့်ပြီးသေဆုံးရကြောင်း ကျွန်တော်တို့အားထုတ်ဖော်ပြောပြပါသည်။

နောက်စာပို ဒ်တွင် တိုက်သူကြီးဖိုးဟိန်သည် သူ၏စာရေးကြီးနှင့် ဦးနန္ဒာဟိန်တို့ကို ခေါ်ယူတိုင်ပင်ပြီးနောက် ဖွားသေစာရင်းပြုလုပ်ထားသော ပုရပိုက်ကြီးကိုထုတ်ပေးလာပါတော့သည်။ကျွန်တော်နှင့်ရဲဘော်ကြီး ကိုထွေးတို့သည် ဖွားစာရင်းကိုပယ် သေစာရင်းကိုကူးယူကြသည်။ အမျိုးသား၊အမျိုးသမီး ခလေး လူအိုများအပါအဝင်(၈၀)ယောက်ခန့် ကူးယူ ရရှိပါသည်။ထိုစာရင်းဟုတ်မှန်ကြောင်းကို တိုက်သူကြီးဖိုးဟိန်အပါအဝင် ကျောင်းဦးဘုရားတကာ(ရှမ်းပြည်အခေါ်) ရပ်ရွာလူကြီးများအား လက်မှတ်ရေးထိုးစေလျက် ထိုနေ့နံနက်စာစားသောက်ပြီး ဟိုပုံးအရောက် တောင်ပေါ်မှအပြေးဆင်းလာကြတော့သည်ဟုရေးသားပါရှိပါသည်။ ထို့ကြောင့်ပဒေသရာဇ်စနစ်လက်အောက်တွင် ပအိုဝ်းလူမျိုးများနှင့်အတူ ရှမ်းပြည်ရှိ တိုင်းရင်သားများ၏ဘဝသည် ပိုင်ရှင်မရှိသည့် ၊ တောထဲမှ တိရိစ္ဆာန်နှင့်မခြား ရောက်ခဲ့ရပါသည်။

❖ ❖ ❖ ❖ ❖

ပဒေသရာဇ်လက်အောက်ပအိုဝ်းအမျိုးသားတို့၏လူနေမှုဘဝ

စော်ဘွား(စဝ်ဖါး)သက်ဦးဆံပိုင်ဘုရင်အရှင်သခင်ဆိုသည့် ဝေါဟာရရပ်များသည် ခေါ်ဝေါ်သည့်ဝေါဟာရကွာခြားသော်လည်းအဓိပ္ပါယ်သတ်မှတ်ချက်မှာအတူတူပင်ဖြစ်ကြသည်။

ပဒေသရာဇ်စော်ဘွားများသည်သူတို့၏ ဘဝအဆင့်အတန်းမြင့်မြင့်နေနိုင်ရေး၊ သူတို့အာဏာတည်တံ့ခိုင်မြဲရေး၊ သူတို့သားသမီးများပညာသင်ယူနိုင်ရေး အတွက်လိုအပ်သည့် ငွေကြေးများကိုတိုင်းသူပြည်သားလူထုများထံမှ နည်းအမျိုးမျိုးနှင့် အတင်းအကြပ်အခွန်ငွေအမျိုးမျိုးကောက်ယူသည်မက တိုင်းသူပြည်သားများမျက်စိနားမပွင့်အောင်ဘာမှမသိအောင်အမျိုးမျိုး ပိတ်ပင်ကာတားဆီးခဲ့ကြသည်။

ပအိုဝ်းအမျိုးသားများသည်စာပေသင်ကြားခွင့်လည်းမရ၊ထွက်ရှိလာသည့်ကုန်ထုတ်ပစ္စည်းများသည်လည်းအခွန်မတန်တဆပေးနေရသည့်အတွက် ဆင်းရဲတွင်းမှရုံးထွက်မရနိုင်အောင် ဘိန်းခန်း၊အရက်ခန်း၊လောင်းကစားဝိုင်းများကို ပဒေသရာဇ်တို့က ငွေအခွန်ရယူလိုမှု တစ်ခုသာကြည့်ပြီးဖွင့်ပေးခဲ့သည်။ လောင်းကစားမှကြောင့်ပအိုဝ်း၊ ရှမ်းတိုင်းရင်းသားများ၏ခြံမြေလယ်ယာများသည် လောင်းကစားဝိုင်းတွင် ကုန်သွားကြသည်။ နယ်မြေအေးချမ်းမှုလုံးဝမရှိဘဲ ပအိုဝ်းအမျိုးသားပြည်သူများ၏ဘဝသည် ကျိုးလှန့်စာစားဘဝဖြင့် အတိဒုက္ခပင်လယ်ဝေခဲ့ရသည်။

ပဒေသရာဇ်ဇော်ဘွားများ၏ သားသမီးများနားဖေါက်ပွဲမင်္ဂလာဆောင်ပွဲများကျင်းပရာတွင်လည်း တအိမ်ကိုတပဲမှ၊နှစ်ပဲအထိကောက်ခံခဲ့ကြသည်။ဧဝင်းပဒေသရာဇ်တို့သည် လူထုအပေါ်ကောက်ခံရရှိသည့်ငွေနှင့် ပွဲကြီးပွဲငယ်ကျင်းပပြီး၊ ဧဝင်းပွဲတွင်တခါလောင်းကစားပွဲများဆက်လက်ဖွင့်စေပြီး၊ ပအိုဝ်းလူထုထံမှ သွေးစုတ်ပြန်သည်။

၁၂ရာသီပွဲများအား လုံးလောင်းကစားပွဲမပါသည့်ပွဲလုံးဝမရှိပါ။အချို့ပွဲများတွင်ကန်ထရိုက်ဆွဲသူတို့သည်အရင်းမရဟုဆိုကာ ပွဲရက်ပိုတိုးပြီးရက်ကြာအောင်ဆွဲခဲ့ကြသည်။ ပအိုဝ်းအမျိုးသားများသည်ပညာမရှိ အသိဓေါင်းပါးမှုကြောင့် ဆင်းရဲသည့်ဒါဏ်မှလွတ်မြောက်ရန် လောင်းကစားဝိုင်းတွင်လိုက်ကြရာ မွဲသည်ထက်မွဲ ဆင်းရဲသည်ထက် ဆင်းရဲကာရေတိမ်နှစ်လာခဲ့ရသည်။

လောင်းကစားပွဲအကြောင်းကို ယွန်ထိပအိုဝ်းအမျိုးသားများကျင်းပသည့် ပွဲကြီးပွဲငယ်များတွင်ဟာသအဖြစ်ပြောဆိုစမှတ်ပြုကြသည့်စကားပုံရှိနေတုံးပင်ဖြစ်သည်။

ငင်းစကားပုံမှာ၊

ယွန်ဟိုပုံးမြို့လယ်ရှိ မွေတော်ဘုရားတွင် နှစ်စဉ်ကျင်းပမြဲဘုရားပွဲတော်ရှိပါသည်။ ပဒေသရာဇ်တို့က ဘုရားပွဲကို လောင်းကစားပွဲနှင့်အတူ တခါတည်းကျင်းပပေးသည့်အတွက် မဲနယ်တောင်ဖက်မှပအိုဝ်းလူမျိုးများသည်ဘုရားပွဲသို့ ဆွမ်းကပ်လောင်းရန်နှင့် အိမ်အသုံးအဆောင်ပစ္စည်းဝယ်ရန် ဟိုပုံးမွေတော်ဘုရားပွဲသို့ မိသားစုလိုက်ဆင်းလာခဲ့ကြသည်။ ဘုရားပွဲသို့ရောက်သောအခါ မိန်းမနှင့်ခလေးများကိုမဏ္ဍာပ်တွင်ထားခဲ့ပြီး ယောကျ်ားများသည်အိမ်မှပါလာသည့် ပိုက်ဆံများကိုအကုန်လုံးယူပြီး လောင်းကစားပွဲသို့သွား၍ လောင်းကစားလေ့ရှိကြသည်။ မဏ္ဍာပ်တွင်ကျန်နေသောမိန်းမနှင့် ခလေးများသည် သူတို့အဖေကြီးက စားစရာအိမ်အသုံးအဆောင်ဝတ်စရာနှင့် မနက်စောစောဆွမ်းကပ်လောင်းရန်ဆွမ်းနှင့်အသီးအနှံ သွားဝယ်သည်ဟုထင်ကာ တည်လုံးစောင့်သော်လည်း ပြန်ရောက်မလာဘဲ မနက်မိုးလင်းသောအခါမှ ပြန်ရောက်လာခဲ့သည်။ သူပြန်ရောက်လာသည့်အခါ ဆွမ်းတော်ကပ်ရန်လည်း ဘာတခုမှပြန်ပါမလာဘဲ သူ၏မိန်းမနှင့်ကလေးစားရန် ထမင်းသာပါလာသည်။ သူယူလာသည့်ထမင်းထဲတွင် ရောင်စုံမုံ့များ၊ ဖယောင်းတိုင်များပါလာသည့်အတွက် သူ့မိန်းမကအဖေကြီးထမင်းတွေကဘာကြောင့် ရောင်စုံမုံ့တွေ ပါလာရသလဲလို့မေးသည့်အခါ သူ့ယောကျ်ားက၊ မိန်းမရေ တိတ်တိတ်စား၊ နင်တို့ကကံကောင်းလို့ ရောင်စုံမုံ့နဲ့ပါလာတာ၊ဟို မြောက်ဖက်ကမိသားစုက ရောင်စုံမုံ့မဟုတ်ဘူး တံခွန်တိုင်တောင်ပါလာတယ်ဟု သူ့မိန်းမနှင့်ခလေးကို ပြန်ပြော သည်ဟု ယွန်ထိဟာသအဖြင့် ပြောနေကြဆဲဖြစ်သည်။

ထမင်းထဲတွင်ရောင်စုံမုံ့ပါရခြင်းမှာ ဝယ်လာသည့်ထမင်းမဟုတ်ဘဲ၊ ဆွမ်းတော်စွန့်သည့်ထမင်းဖြစ်ပြီး ရောင်စုံမုံ့မှာ ဘာမှအရသာမရှိသည့် ဆန်မုံ့ကို ရောင်စုံဆေးတွေနဲ့ရောနယ်ပြီးလုပ်ထားသည့်မုံ့ဖြစ်သည်။တံခွန်တိုင်ဆိုသည်မှာ ပန်းအစား စက္ကူများဖြင့်ဝါးတုတ်ကလေးပေါ်တွင်ရောင်စုံအလံများကြက်လျှာများပုံဖေါ်ပြီးကပ်ထားသည်ကိုဆိုလိုခြင်းဖြစ်သည်။ ပိုက်ဆံကုန်သွားသည့်အတွက် သူ့မိန်းမနှင့် ခလေးစားရန်ထမင်းကို ဆွမ်းတော်စွန့်ပစ်ရာမှ ကောက်ယူပြန်လာပေးခြင်းဖြစ်

သည်။

ပအိုဝ်းအမျိုးသားများ၏နေထိုင်သည့် အိမ်များကိုလည်း ပြတင်းပေါက်တစ်ပေါက်နှင့် တံခါးတစ်ပေါက်သာထားရပြီး လှေကားကိုလည်း သစ်တုံး၊ဝါးလုံးကိုခါးဖြင့် အထစ်လုပ်ပြီး အဆင်းအတက်လုပ်ရပါသည်။ လှေကားကို ပဒေသရာဇ်နှင့်ပုံ တူလုပ်ပိုင်ခွင့်မရပါ။ အိမ်များကိုလည်းပြတင်းပေါက်များများထားခွင့်မရှိပါ၊ သူတို့နေထိုင်သည့်အိမ်နှင့်တူနေမည်ကိုစိုးရိမ်ပြီး၊လူတန်းစားခွဲခြားထားသောနည်းဖြင့် ဖိနှိပ်ထားသည်။

ထို့ကြောင့်ပအိုဝ်းအမျိုးသားများ၏ဘဝ ပဒေသရာဇ်လက်အောက်တွင် ဘိန်းခိုးငွေ့တလူလူရောဂါကထူထူ၊သူခိုးခါးပြတပူပူ၊မည်သူ့ကိုမှ ယုံကြည်မရတော့သည့်အခြေအနေမျိုးတွင် ပိတ်လှောင်ခြင်းခံခဲ့ရသည်။

စာမတတ်မှုကြောင့် လူနေမှုစနစ် တအားနိမ့်ကျနေပြီး၊ဘိန်းစား များ၊များပြားပြီး၊သူခိုးခါးမြများပြားလာသည်။ ၎င်းသူခိုးခါးမြများသည်လည်း ပဒေသရာဇ်၏လိုင်စင်ရသူခိုးခါးမြလူဆိုးများဖြစ်သည့်အတွက် ပအိုဝ်းလူမျိုးများပို၍အတိဒုက္ခရောက်ရသည်မက၊ ရောဂါဘယထူပြောခြင်းကြောင့်ဖွားသေမှုနှုန်းများပြားကာ ပအိုဝ်းလူဦးရေတိုးတက်မှုနှုန်းနည်းပါးခဲ့ရပါသည်။

ပအိုဝ်းအမျိုးသားများဘဝ အတိဒုက္ခရောက်ပြီး ဆွမ်းပင်မလောင်းနိုင်သည့်အခါ လောကုတ္တရာဖက်တွင်ပညာသင်ပြီးသာသနာဝန်ထမ်းဆောင်သည့် သံဃာများလည်း အခက်တွေ့လာခဲ့ရမှုကြောင့် ရဟန်းသံဃာမှနေပြီး ပအိုဝ်းလူထုအတွက်ငါးပါးသီလအဖွဲ့၊ကျေးရွာကာကွယ်ရေးအဖွဲ့များကိုဖွဲ့ပေးကာ ၄င်းငါးပါးသီလအဖွဲ့၊ကျေးရွာကာကွယ်ရေးအဖွဲ့များကိုတရွာပြီးတရွာ၊တနယ်ပြီးတနယ်ဆက်ပြီးတိုးချဲ့ပေးသည်သာမကပအိုဝ်းအမျိုးသားအတွက်လေးလုံသံပေါက်(၆)လုံးသံပေါက်ကဗျာများကို လိုက်လံသင်ယူပေးစေသဖြင့် ပဒေသရာဇ် စနစ်ကို ပြန်အန်တုတော်လှန်ရန်အစပျိုးပေးခဲ့ခြင်းဖြစ်သည်။

လောကနိယာမအရ ဖိနှိပ်မှုလွန်ကဲပြီးဘေးကိုပြန့်နှံ့သွားမရသည်အခါ ပြန်လည်ပြီးဖိသည့်နေရာတွင်အန်တုပြန်ကြလာစမြဲဖြစ်သည်။တော်လှန်ရေးတရပ်သည် သူ့အလိုလို နေပြီးဖြစ်ပေါ်လာခြင်းမဟုတ်ပါ၊ ဖိနှိပ်မှုတစုံတရာရှိနေခြင်းကြောင့်တော်လှန်ရေးသည်ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ပဒေသရာဇ်စနစ်ထွန်းကားချိန်မှ အင်္ဂလိပ်တို့ကိုလိုနီနယ်ချဲ့လာချိန်အထိ ပအိုဝ်းဒေသတွင်ကားလမ်း၊မီးရထား လမ်းမရှိခဲ့ပါ။လူသွားလမ်းသာရှိပါသည်။အင်္ဂလိပ်တို့ရောက်ရှိလာပြီး ကမ္ဘေဇသို့တက်လာကာအခြေစိုက်သည့်အခါနှကားလမ်းဖေါက်လာသည်။ အင်္ဂလိပ်ဖေါက်ပေးသည့်ကားလမ်း များမှာ သာစည်မှ၊ရွှေညောင်၊ရွှေညောင်မှ၊ညောင်ရွှေ၊မိုင်း သောက်နမ်းပန်အထိတလမ်း၊ ရွှေညောင်မှတောင်ကြီး၊ဟိုပုံးမှတလမ်း၊ဟိုပုံးမှလွယ်လင်၊တာချီလိတ်၊လွယ်လင်နှပင်လုံဖက်တ လမ်းဟိုပုံးမှဆီဆိုင် လွယ်ကော်သို့တလမ်း ၎င်းလမ်းများသည်အင်္ဂလိပ်တို့ဖေါက်ထားသည့်လမ်းများဖြစ်သည်။ သို့သော်အုပ်ချုပ်ရေးကိုပဒေသရာဇ်စော်ဘွားတွေကတိုက်ရိုက်အုပ်ချုပ်သဖြင့် သူခိုးခါးပြပေါများပြီးလမ်းပန်းခရီးသွားလာရန်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရန် များစွာခက်ခဲပါသည်။

ပဒေသရာဇ်လက်အောက်ပအိုဝ်းအမျိုးသားများ၏ပညာရေး

ပဒေသရာဇ်လက်အောက်တွင်နေထိုင်ကြရသည့် ပအိုဝ်းတိုင်းရင်းသားများအပါအဝင်တခြားတိုင်းရင်းသားများအားလုံးသည်၊မျက်စိပိတ်၊နားပိတ်ဘဝဖြင့်စာပေဆိုဒါဂျိုနဲ့. လားဟုမေးရလောက်အောင်ပညာသင်ကြားပိုင်ခွင့် လုံးဝမရှိခဲ့ကြပါ။

ကိုလိုနီခေတ်အင်္ဂလိပ်များအုပ်စိုးနေစဉ် အခါကဗမာပြည်ဖက်တွင်စာသင်ကျောင်းများဖွင့်လှစ်ပြီးပိုက်ဆံရှိသောသားသမီးများနှင့်အစိုးရအရာထမ်းအမှုထမ်းများ၏သားသမီးများကို ပညာသင်ကြားခွင့်ရှိခဲ့သော်လည်းပအိုဝ်းလူမျိုးအများဆုံးနေထိုင်သည် တောင်ကြီးခရိုင်နှင့် လွယ်လင်ခရိုင်ထဲတွင်ကိုလိုနီအောက်တဆင့် ပဒေသရာဇ်လက်အောက်တွင်နှစ်ဆင့်ဖိနှိပ်ထားခြင်းခံရသည့်အတွက်၊စီးပွားရေးအရဝါးမျိုး၊ လူမှုရေးအရ၊ ဖိနှိပ်မှုကြောင့် ပညာတတ်သည့်ပအိုဝ်းလူမျိုးမရှိသလောက်ရှားပါးခဲ့ရသည်။

အောက်ပိုင်းသထုံဒေသ(သုဝဏ္ဏဘူမိ)ဟောင်း တည်ရှိရာဒေသတဝိုက်နှင့် သုဝဏ္ဏဘူမိကို အနော်ရထာမင်းစောသိမ်းပိုက်ပြီးသောအခါထွက်ပြေးရသည့် ပအိုဝ်းတို့စခန်းချရပ်နားရာမှ အိမ်ရှာအဖြစ်တည်ရှိလာခဲ့သည့် အိမ်ခြေလေးဆယ်ဇရပ်ကြီးဒေသမြေပြန့်ပိုင်းတွင် အင်္ဂလိပ်တို့သိမ်းပိုက်သည့်အခါ လုံးလုံးလျားလျား ကိုလိုနီနယ်ချဲ့အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရသည်။

ထို့ကြောင့်၎င်းဒေသတွင်နေထိုင်သည့် ပအိုဝ်းအမျိုးသားများသည်လောကုတ္တရာစာပေ၊ လောကီစာပေများကို အင်္ဂလိပ်တို့ဖွင့်လှစ်သော စာသင်ကျောင်းများ၊ဘာသာရေးကျောင်းများတွင်သင်ယူခွင့်ရခဲ့ကြသည်။

ဤသို့ပညာသင်ယူခွင့်ရရှိသည့် အတွက် (၁၉၃၇) ခုနှစ်တွင်ရွှေရောင်ပြ ဆရာတော်အရှင်အာလောကရံသီ (ဘုန်းကြီဦးအုန်းခိုင်)သည် လူ၊ ရှင်ရဟန်းတရားမှန်ကျင့်စဉ်နှင့်ဘုရားဆုံးမသြဝါဒခန်း စာအုပ်နှစ်အုပ်ကို ဦးစွာပအိုဝ်းဘာသာဖြင့် ဦးစွာပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

၎င်းစာအုပ်သည်လူ၏ကျင့်ဝတ်၊မင်း၏ကျင့်ဝတ်၊ ရဟန်းသံဃာများ၏ကျင့်ဝတ်များအပြင်ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည့်ပအိုဝ်းလူမျိုးများအတွက် ဘုရား၏ဆုံးမတရားများကိုရေးသားထုပ်ဝေဖြန့်ချီကာ ပအိုဝ်းလူမျိုးများနိုင်ငံရေးအသိ၊ အုပ်ချုပ်ရေးအသိကို မွေးထုပ်ပေးခဲ့သည့်ပထမဦးဆုံးပအိုဝ်းဘာသာဖြင့် စာအုပ်ဖြစ်ပါသည်။

ကရင်နီတောင်တန်းတွင်နေထိုင်ကြသည့်ပအိုဝ်းလူမျိုးများမှာ မူကားနှစ်ထပ်ဖိနှိပ်မှုအောက်တွင် စာပေလုံးဝသင်ကြားခွင့်မရှိချေ။ထို့ကြောင့် ပဒေသရာဇ်ခေတ်တွင် လောကုတ္တရာပညာကို ပဒေသရာဇ်တို့ကိုးကွယ် သည့် ဘုန်းတော်ကြီးအချို့က သင်ပေးမှုနှင့် အခြားအရပ်ဒေသသို့သွားရောက်ပြီးလေ့လာသင်ယူသည့် အခွင့်အလမ်းသာရှိခဲ့ပါသည်။

ပအိုဝ်းလူမျိုးများ ဤသို့ဘဝနှိပ်ကျနေသည့်အချိန်တွင်မိုင်းပျိုး(အင်းလေးကန်တောင်ဘက်အပိုင်းနန်းပန်တောင်ဖက်)ရွာကျောင်း ဆရာတော်ဦးကဝိမုခေါင်းဆောင်ပြီးပိဋကတ်ပါဠိကိုပအိုဝ်းလိုပြန်ပေးခဲ့သည်။နောက်တွင်၎င်းပအိုဝ်းဘာသာပါဠိစာအုပ်ကိုနောင်ဟိန်းဆရာတော်၊သထုံပေးခမ်းဗွေး၊ပါင်ပွံဆရာတော်၊ဆောင်းပြောင်းဆရာတော်၊စဉ်ခြိဆရာတော်တို့သည်နှစ်လုံးသံပေါက်၊ခြောက်လုံးသံပေါက်တို့ဖြင့်ကဗျာလိုရေးဖွဲ့ပြီးစိတ်ဝင်စားသည့်ရွာသားများကိုခေါ်ယူသင်ပေးခဲ့သည်။

မျိုးချစ်ဘုန်းတော်ကြီးများသည် သုမင်္ဂလ၊ ဒုမင်္ဂလာတရားတော်များကိုပွဲကြီးပွဲငယ်ရှိသောအခါဟောပြောပေးခြင်းဖြင့်၊ပအိုဝ်းလူမျိုးများ တဖြည်းဖြည်းအသိတရားရရှိလာစေရန် စာပေမျိုးစေ့ချပေးသည့် မျိုးချစ်ဘုန်းတော်ကြီးများဖြစ်ပေသည်။

မျိုးချစ်ဘုန်းတော်ကြီးများ၏အားကြိုးမာန်တက်ကြိုးစားမှုကြောင့်ပအိုဝ်းလူမျိုးများသည်စာပေတတ်မြောက်ခဲ့ကြပြီး ပအိုဝ်းလူမျိုးများဗုဒ္ဓဘာသာကိုဦးစွာကိုးကွယ်ဆည်းပူးရသည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ပဒေသရာဇ်လက်အောက်တွင် ကုန်းကောက်စရာမရှိအောင် မွဲတေကြသော်လည်း၊ ၎င်းတို့၏သားယောကျ်ားများကို အသက်ငါးနှစ်ခြေက်နှစ်ရောက်သောအခါ ဘုန်းကြီးကျောင်းသို့ပို့ပြီးအပ်နှံကာလောကုတ္တရာပညာကို သင်ယူစေသည်။ ဘုန်းကြီးကလောကုတ္တရာစာပေ လောကီစာပေနှစ်မျိုးစလုံးကို သင်ပေးလေသည်။ စာတတ်လာပြီး အသက်ဆယ်နှစ်ရောက်လာသောအခါ ၎င်းဘုန်းကြီးကျောင်းတွင်ပင်ရှင်ပြုပြီး ရှင်သာမဏေဘဝနှင့်ပင်၊ ၎င်းကျောင်းတွင်ဆက်လက်နေထိုင်ကာပညာဆက်လက်သင်ယူကြသည်။ အချို့မှာ ရှင်သာမဏေဘဝဖြင့် တစ်နှစ်နှစ်နှစ်နေပြီး လူဝတ်လဲကာ မိဘကိုပြန်ကူညီလုပ်

ကိုင်ကြသည်၊ တချို့မှာ လောကုတ္တရာပညာဆက်လက်သင်ကြားပြီး အသက်နှစ်ဆယ်ရသောအခါ ရဟန်းဘောင်သို့ ပဉ္စင်းတက်ပြီးရာသက်ပန် ရဟန်းဘဝဖြင့်နေသွားကြသည်။

မျိုးချစ်ဘုန်းတော်ကြီးများမှ တဆင့်စာဟောဆရာမော်ပုညလုံးအထိ ပအိုဝ်းစာပေကို ပအိုဝ်းလူထုကြားရောက်အောင် ခြောက်လုံးသံပေါက်၊ ခွန်နှစ်လုံးသံပေါက်ကဗျာပုံစံမျိုးဖြင့် ကလေးများရွတ်ဆိုတတ်အောင် ပွဲလမ်းသဘင်များတွင် တရားဟောသောအခါတွင်၎င်း၊ ပုံဝတ္ထုနှင့်ဗုဒ္ဓဝင်ဘုရားအလောင်းတော်၏ဘဝဖြစ်စဉ်အခန်းများကို ဟောပြောရာတွင်၎င်း၊ ပအိုဝ်းဘာသာဖြင့်ဟောပြောလာမှုကြောင့်သာ ပအိုဝ်းအမျိုးသားများ ပဒေသရာဇ်လက်အောက်တွင် လောကုတ္တရာပညာကို သိကြားခွင့်ရခဲ့ပါသည်။

ညီညွတ်ရေးအရေးတော်ပုံစာ(၆၇)

၁၉၀၁ ခုနှစ်တွင်ဗြိတိသျှအစိုးရက ရှမ်းကုန်းပြင်မြင့်တွင်ပဌမဦးဆုံးနှင့်တခုတည်းသော အစိုးရစာသင်ကျောင်းတစ်ကျောင်းကိုဖွင့်လှစ်ခဲ့သည်။ ၎င်းစာသင်ကျောင်းသည်သာမန်လုပ်သားပြည်သူဆင်းရဲသားများ၏ သားသမီးများကိုလုံးဝနေခွင့်မပြုချေ။ ရှမ်းစော်ဘွားများ၏သားသမီးများ၊မြို့စားအမတ်ကြီးများ၏သားသမီးများသာလျှင် နေခွင့်ရလေသည်။ မျက်နာဖြူကျောင်းအုပ်ကြီးတယောက်၊လက်ထောက်နှစ်ယောက်၊ကျောင်းသားခွန်နှစ်ဆယ်နှင့်စတင်ခဲ့ပါသည်။အင်္ဂလိပ်စာနှင့်မြန်မာစာနှစ်မျိုးသာလျှင်သင်ကြားပေးပြီး ရှမ်းစာနှင့်ရှမ်းဘာသာကိုလုံးဝမသင်ကြားရပေ။

ရှမ်းကုန်းပြင်မြင့်တခွင်လုံးတွင် ဗြိတိသျှအစိုးရအနေဖြင့်ဤအုပ်ချုပ်သူလူတန်းစားအတွက်သာလျှင်စာသင်ကျောင်းတကျောင်းတည်းဖွင့်ထားသဖြင့် ဆင်းရဲသူဆင်းရဲသားလုပ်သားပြည်သူသားသမီးများအတွင်းမူ လုံးဝလစ်လျူရှုထားလေသည်။အမေရိကန်နှစ်ခြင်းခံခရာဇ်ယာန်သာသနာပြုကျောင်းကလေးနှစ်ကျောင်းကို သီပေါ၊နမ်းခမ်းနှင့်တောင်ကြီးတွင်ဖွင့်လှစ်ပေးသဖြင့်သာလျှင်ကံကောင်းထောက်မ၍စာတတ်ကြပေသည်။ထိုခေတ်ကအလွန်တရာနိမ့်ကျလှသော အဆင့်ရှိသည့်စာတတ်တိုင်းရင်းသား(၃.၆%)သုံးဒဿမခြောက်ရာခိုင်နှုန်းသာလျှင်ရှိပြီး အမျိုးသား(၇)ယောက်၊အမျိုးသမီး(၃)ယောက်နှုန်းဖြင့် ရှမ်းကုန်းပြင်မြင့်တောင်ပိုင်းတွင်စာရေးတတ်ဖတ်တတ်သူရှိပြီးလျှင်၊အမျိုးသား(၉.၅%)ကိုးဒဿမခွန်ရာခိုင်နှုန်းဖြင့်မြောက်ပိုင်း၌၎င်း၊ စာရေးတတ်ဖတ်တတ်သူရှိခဲ့ကြလေသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလကလေးတွင်မှစာတတ်သူရာခိုင်နှုန်း ၁၆% ရှိလာသည်ဟူ၍၎င်း ရှမ်းကုန်းပြင်မြင့်ကုန်းပေါ်ရှိတိုင်းရင်းသားတို့၏သက်တမ်းမှာလည်းပျမ်းမျှသက်တမ်း(၂၆.၅၆)နှစ်ဆယ့်ခြောက်ဒဿမငါးခြောက်သာအသက်ရှင်နေကြရသည်ဟူ၍၎င်း ရေးသားထားပါသည်။



ပဒေသရာဇ်အရင်းရှင်ကြီးများသည် သူတို့၏အဆင့်တန်းမြင့်မားစွာ နေထိုင်နိုင်ရေး၊သူတို့၏ဖိမ်ခံနိုင်ရေး၊သူတို့၏သား သမီးများပညာရရှိရေးအတွက် လိုအပ်သည့်ငွေကြေးဘဏ္ဍာများကို ပြည်သူလူထုထံနည်းအမျိုးမျိုးဖြင့်ကောက်ခံခဲ့ကြသည်။ကောက်ခံသည့်ငွေကြေးမရပါကပြည်သူလူထု၏ပိုင်ဆိုင်သောလယ်ယာခြံမြေကိုသိမ်းယူခြင်း၊လူထုပိုင်ဆိုင်သည့် အိမ်မွေးတိရိစ္ဆာန်ကျွဲ၊နွား၊မြင်း၊ဆိတ်များကိုသိမ်းယူခြင်းများသာမကလူထု၏ပိုင်ဆိုင်သည့်ရင်သွေးသားသမီးများကိုပါသိမ်းပိုက်ပြီး၊ကျွန်အဖြစ်စေခိုင်းခြင်း၊ပဒေသရာဇ်တို့၏ကာမပျော်ပါးရန်အတွက်ဖိမ်ခံပစ္စည်းအနေဖြင့်သိမ်းပိုက်ခြင်းများကိုများစွာခံစားလာခဲ့ရသည်။

လူဦးရေအားလုံး၏(၉၀%)သည် ပအိုဝ်းလူမျိုးဖြစ်သော တောင်ကြီးခရိုင်နှင့်လွယ်လင်ခရိုင်ခရိုင်နှစ်ခုထဲတွင် ပအိုဝ်းလူမျိုးများသည်ပဒေသရာဇ်စော်ဘွားအတွက်၊

၁။ လူခွန်ပေးဆောင်ရခြင်း၊

၂။ ကျွဲ၊နွား ၊မြင်း၊ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲမွေးမြူပါက အခွန်ပေးဆောင်ရခြင်း၊

၃။ငရုတ်ပင်၊ ခရမ်းပင်များစိုက်သည်ကအစ အခွန်ပေးရခြင်း၊

၄။နှစ်ရှည်ပင်ဖြစ်သည့်သစ်ပင်၊ပိန္နဲပင်များသည်လည်းအသီးသီးသည်နှင့်အခွန်ပေးဆောင်ရခြင်း၊

၅။လယ်ခွန်၊ခြံခွန်များပေးရသည်မက ထွက်ရှိလာသည့်အသီးအပွင့်များကိုပါ အခွန်ပေးဆောင်ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏အဓိကစီးပွါးရေးအသက်သွေးကြောမှာ သနပ်ဖက်လုပ်ငန်းပင်ဖြစ်သည်။ သနပ်ဖက်လုပ်ငန်းသည်ပအိုဝ်းတိုင်းရင်းသားတို့အဖို့ ဝင်ငွေအကောင်းဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။

အိမ်ထောင်တအိမ်ထောင်တွင် လူ(၇)ယောက်ရှိပါက သနပ်ဖက်အပင်ပေါင်း သုံးသောင်းငါးထောင်စိုက်နိုင်ပြီး သနပ်ဖက်အခြောက်အချိန် တစ်ထောင်ထွက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်သည်။

အဘယ်ကြောင့်ဆိုသော်သနပ်ဖက်ပင်စိုက်ပျိုးခြင်းသည် အလွန်လက်ဝင်သည့်လုပ်ငန်းဖြစ်သည်။သနပ်ဖက်တစ်ခွက်ကို(၄)ခါ(၅)ခါကိုင်ရပြီး သနပ်ဖက်လှော်သည့်အချိန်တွင် (၂၄)နာရီ အဆက်မပြတ်မီးအပူပေးကာ လူကိုအလှည့်ကျနေ့ညမအား ဆက်တိုက်လှော်ရသည်။သနပ်ဖက်သည်နဲနဲရင့်လာသည်နှင့်ဝါသွားပြီး၊ဝါသည်နှင့်ကြွေကျသွားသည့်အတွက် အခွက်မရင့်တရင့်အချိန်တွင် အပြီးခူးပြီး၊အပြီးလှော်ရသည့်အတွက် တအားပင်ပန်းသည့်အလုပ်ဖြစ်သည်။

သနပ်ဖက်ကိုအစေ့စိုက်နည်း၊ပျိုးကြဲနည်းနှင့်အပင်ကိုဖြတ်ပြီးပြောင်းစိုက်သည့်နည်းဟူ၍သုံးမျိုးသုံးစားရှိသည်။ သနပ်ဖက်အပင်စိုက်ပျိုးရန်ပထမတွင်တောခုတ်တောင်ယာရှင်းပြီးမီးရှို့ ၊မီးရှို့ပြီးသည်နှင့်တပင်နှင့်တပင်တောင်ဆုတ်ခန့် ပမာဏအကွာအဝေးခန့်ထားပြီးစိုက်ပျိုးကြသည်။

အပင်စိုက်ပျိုးပြီး အပင်ငယ်လေးလက်မသာသာခန့် ရသောအခါ ၎င်းအပင်ကိုပြာသို၊တပို့တွဲ၊တပေါင်းလများတွင် ခုတ်ကြသည်။တရပ်နှင့်တရပ်၊တနယ်နှင့်တနယ် ရာသီဥတုပေါ်မူတည်ပြီးအပင်ကိုခုတ်ဖြတ်ကြသည်။အပင်ခုတ်ဖြတ်ရန် အကောင်းဆုံးအချိန်မှာ အပင်ကိုချိုးကြည့်ပြီး အခွံမကွဲမဆတ်ဘဲပျော့နေပြီး အရွက်ကြွေစနှင့်ရွက်နုထွက်စအချိန်များတွင် မြေကြီးနှင့် (၃)လကွ(၄)လကွခန့်အကွာထားပြီး ခုတ်ဖြတ်ကြသည်။ ခုတ်ဖြတ်သည့်အခါတွင်လည်းသတိကြီးစွာထားရသည်။အပင်မကွဲသွားအောင် အပင်ပေါ်မှမျက်စိနောက်ထပ်အတက်ကလေးပေါက်လာပြီး အပင်ဖြစ်လာမည့် မျက်စိမထိစေရန်အောက်ဖက်မှ အပေါ်သို့ပင့်ပြီး၊အပင်ကို(၄၅) ဒီဂရီခတ်စောင်းစောင်း ခုတ်ရပါသည်။

ဤသို့ခတ်စောင်းစောင်းခုတ်ရခြင်းသည်ခုတ်သည့်နေရာတွင်မိုးရေမတင်စေခြင်းနှင့်အပြင်မှအခွံအသားနုများထွက်လာကာလျင်မြန်စွာပြန်ငုံခြင်းကြောင့် ခတ်စောင်းစောင်းခုတ်ရခြင်းဖြစ်သည်။

သနပ်ဖက်ပင်ခုတ်ပြီးအတက်ကလေးထွက်လာကာ အပင်ဖြစ်လာသည်။၎င်းအပင်အားသန်ရန်အတွက်တခြားနေရာက ထွက်လာသည့်အတက်များကို ခွါထုတ်လိုက်ရသည်။ အပင်ပေါ်မူတည်ပြီး အတက်တတက်မှနှစ်တက်ထားကြသည်။ ၎င်းအတက်ကလေးသည် တဖြေးဖြေးနှင့်အပင်(၂)တောင်(၃)တောင် တက်လာသောအခါအရွက်ကြားမှထွက်လာသည့်အတက်များကိုခွါပေးရသည်၊၎င်းအတက်ကိုမခွါပါကအပင်ရှည်ရှည်မတက်ဘဲအပင်တိုနေမည်၊အပင်တိုပြီးအပင်မရှည်သည့်အတွက်အရွက်မရခြင်းကြောင့်ဖြစ်သည်။အပင်(၃)တောင်ခန့်မြင့်တက်လာသောအခါ အောက်ဆုံးအရွက်များသည်၊ အရွက်

စ၏။အပြင်ဖက်တွင် ခတ်ဖြူဖြူအမှုန်များကပ်လာပါက ခူးလို့ရ ပြီဆိုသည့်အမှတ်လက္ခာဏာဖြစ်သည်။ ခူးလို့ရသည့်သနပ်ဖက်ရွက်ကို တစ်ရွက်စီလိုက်ခူးပြီးခြင်း တောင်းတွင်စီထည့်ကာအိမ်သို့ယူပြန်လာသည်။အိမ်သို့ရောက်သောအခါအရွက်မှအညှာနှင့်အကြောမျှင်များကိုခါးဖြင့်ခွါထုပ်ယူရသည်။ ခွါထုတ်ယူပြီးသည်နှင့်အပူပေးထားသည့်ဒယ်အိုးပြားပေါ်တွင်တရွက်စီတရွက်စီစီထည့်ပြီးအပေါ်တွင်သဲအိတ်ဖြင့်ဖိထားရပါသည်။

ဒယ်အိုးကိုအပူပေးရာတွင်လည်းပူမပူရေနှင့် တောက်စမ်းကြည့်ရသည် ရေနှင့်ဒယ်အိုးကိုတောက်စမ်းပြီးရေဆူပြီးမှသာ သနပ်ဖက်ရွက်ကိုစီထည့်လို့ရသည် ဒယ်အိုးမပူဘဲထည့်ပါက သနပ်ဖက်ရွက်သည်အစိမ်းရောင်မထွက်ဘဲ၊ သနပ်ဖပ်ရွက်သည် မဲသွားသည့်အတွက် ဆေးလိပ်လိပ်သည့်အခါအရောင်မလှဘဲဖြစ်တတ်သည်သာမက ဆေးလိပ်ဖြစ်ပြီးသောက်သောအခါ မွေးပြန့်သင်းကြိုင်သည့်အနံ့မရသည့်အတွက်ကြောင့် ဒယ်အိုး၏အပူသည်လည်းလိုအပ်သည့်အတိုင်းအတာ အမြဲပူနေရန်မီးကိုအမြဲထိုးပေးထားရသည်။

ဤသို့ပင်ပန်းစွာလုပ်ဆောင်ရသည့်လုပ်ငန်းဖြစ်သည့်သနပ်ဖက်လုပ်ငန်းသည်လူ(၇)ယောက်အားဖြင့်သနပ်ဖက်အပင်သုံးသောင်းငါးထောင်စိုက်မှသာသနပ်ဖက်အခြောက်အချိန်တထောင်ထွက်ကာ သနပ်ဖက်အချိန်တထောင်လျှင်ငွေတထောင်ရရှိပါသည်။

သနပ်ဖက်တစ်ပင်လျှင်အခွန်တော်တစ်ပဲကျပဒေသရာဇ်တို့ကောက်ခံခဲ့ကြသည်။ သနပ်ဖက်အပင်သုံးသောင်းခန့်ရှိသူသည် အခွန်ငွေကျပ်(၁၈၇၅)ကျပ်ခန့်အခွန်ပေးဆောင်ရလေသည်။ သနပ်ဖက်လုပ်ကိုင်သူပအိုဝ်းတိုင်းရင်းသားများသည် ၎င်းတို့ပေးဆောင်ရသောအခွန်အတုတ်မှာ များလွန်းသဖြင့် တဝက်သာပေးဆောင်ရန်အခွင့်အရေးတောင်းဆိုကြသည်။ထိုအခါပဒေသရာဇ်ဖော်ဘွားများကောင်စီသည်အချင်းချင်းညှိနှိုင်းကြပြီးတစ်ပင်လျှင်(၂)ပြားနှစ်ပြားနှုန်းကောက်ခံရန် သဘောသူဆုံးဖြတ်လိုက်သည်။

ပဒေသရာဇ်များ၏သနပ်ဖက်တစ်ပင်လျှင်နှစ်ပြား နှုန်းကောက်ခံသောအခါ ငွေပေါင်း(၉၄၇)ကျပ်ကုန်ကျလေသည်။ သနပ်ဖက်ထုတ်လုပ်သူ ပအိုဝ်းအမျိုးသားအတွက် သနပ်ဖက်အချိန်တစ်ထောင်တွင်ရရှိသည့်ငွေကျပ်တစ်ထောင်(၁၀၀၀)ကျပ်ရရှိပြီးစော်ဘွားပဒေသရာဇ်တို့ကအခွန်ငွေ(၉၄၇)ကျပ်ကောက်ခံသဖြင့် သနပ်ဖက်ထုပ်လုပ်သည့်ပအိုဝ်းအမျိုးသားများအဖို့ သနပ်ဖက်ဖိုးတစ်ထောင်အပေါ်တွင်(၅၃)ကျပ်ငါးဆယ်သုံးကျပ်သာကျန်ရှိပါသည်။ ဤသို့စီးပွားရေးအရဖိနှိပ်သွေးစုတ်မှုများစွာခံရပြီး ပြားနေအောင်ခံနေရသည့်အတွက် ပဒေသရာဇ်တို့ကိုအံတုတော်လှန်ရန် ဖန်တီးပေး နေခြင်းပင်ဖြစ်သည်။



ပအိုဝ်းသမိုင်းသုတေသနအဖွဲ့ဝင်များ ခွန်ခမ်းကို့၊ ခွန်ကုန္ဒကာ၊ ခွန်ဝါယမ၊ ခွန်လောဝ်၊

ပဒေသရာဇ်လက်အောက်မှ ရုံးကန်ထကြွမှု

ပအိုဝ်းလူမျိုးများသည် ပဒေသရာဇ်လက်အောက်တွင် ကုန်းကောက်စရာမရှိအောင်ဆင်းရဲမွဲတေနေကြရသည်။ (၁၉၂၉) ခုနှစ်ရောက်သောအခါ ယခင်အခါက(၁၀) ခိုင် (၃) ခိုင်သာကောက်ခံသောအခွန်ကို(၁၀)ခိုင်(၇)ခိုင်နုန်းဖြင့် ကောက်ခံလာသောအခါ၊ပအိုဝ်းလူထုများသည်ပေးစရာလည်းမရှိ၊စားစရာလည်းမရှိသောဆင်းရဲသားများဘဝတွင် သေမထူး၊နေမထူးဘဝဖြင့်နေလာရသောအခါ ဖြားတန်ကောင်ခဲဦးဆောင်ပြီး (၁၉၂၉)ခုနှစ်တွင်ပဒေသရာဇ် စော်ဘွားအများအုပ်ချုပ်သည့် ပဒေသရာဇ်စနစ်ကိုပထမ အကြိမ်ဆန့်ကျင် တော်လှန်ခဲ့ကြသည်။

သနပ်ဖက်အခွန်လျှော့ကောက်ပေးရန်ကို ပအိုဝ်းလူထုများက ပင်လုံဈေးတွင်ဆန္ဒပြတောင်းဆိုနေသည်ကို မှန်မှန်ကန်ကန်မဖြေရှင်းပေးပဲ နယ်ချဲ့ပဒေသရာဇ် ဝန်ထောက်နှင့်ပဒေသရာဇ်အခွန်လိုက်လံတောင်းဆိုပေးသည့် မြို့စားဟိန်ထွန်းတို့သည် ပအိုဝ်းလူထုကြားထဲသို့သေနတ်နှင့်ပစ်ခတ်သည်သာမက မြင်းဖြင့်အတင်းဝင်ရောက်ပြီး လူစုခွဲရာပအိုဝ်းလူထုခေါင်းဆောင် ကျောင်းတကာအိန္တာယုံသည်သေနတ်ထိမှန်ပြီး မြင်းနှင့်တဖန်အနင်းခံရသောကြောင့် ထိုနေရာ၌ပင်ကျဆုံးခဲ့ရသည်။

ဤကဲ့သို့ခေါင်းဆောင်တစ်ဦးသေနတ်ထိမှန်ပြီး မြင်းနှင့်အနှင်းသတ်ခံရမှုကြောင့် လဲကျသေဆုံးသောအခါ ဖြားတန်ကောင်ခဲတို့အဖွဲ့သည် ဓါးရှည်များဖြင့်ပဒေသရာဇ် ဝန်ထောက်နှင့်မြို့စားဟိန်ထွန်းကို အတင်းလိုက်လံခုတ်သတ်သောအခါ ပဒေသရာဇ်ဝန်ထောက်၏ လက်တဖက်သည် ဖြားတန်ကောင်ခဲ၏ လက်ချက်ဖြင့် ပြတ်ကျန်ရစ်ခဲ့သည်။ ကျန်မြို့ စားဟိန်ထွန်းသည် မြင်းဖြင့်ထွက်ပြေး လွှတ်မြောက်သွားသည်။

ဤသတင်းကို လွယ်လင်ဝန်ထောက်ကြားသိသောအခါ ဖြားတန်ကောင်ခဲကိုလာရောက်တောင်းပန်ကြသည်။ တောင်းပန်၍မရသောအခါနှင်ထုတ်လိုက်ကြသည်။

ပင်လုံနယ်ရှိဟွေးဟွမ်းရွာသည် စော်ဘွားတို့၏ ကောက်ခံသောအခွန်ကို မပေးဆောင်နိုင်သဖြင့် တရွာလုံးမီးတင်ရှိခဲ့ခြင်းခံခဲ့ရသည်။ စော်ဘွားများ၏ မတရားအခွန်တော်ကောက်ခံမှုများကို မပေးဆောင်နိုင်ပါက ပအိုဝ်းအမျိုးသား၊အမျိုးသမီးများကို အကြမ်းဖက်ခြင်း၊သနပ်ဖက်ခြံများကို မီးရှိဖျက်ဆီးခြင်းများ ပြုလုပ်လာခဲ့ကြသည်။

ပဒေသရာဇ်တို့၏မတရားဖိနှိပ်သွေးစုတ်အနိုင်ကျင့်မှုများကို လက်ပိုက်ကြည့်မနေကြရန်"ဖြားတန်ကောင်ခဲ"သည် လိုက်လံသတိပေးလှုံ့ဆော်အားပေးခဲသည်။ အနယ်နယ်အရပ်ရပ်ရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ပဒေသရာဇ်တို့မဖိနှိပ်စေရန်အတွက်၊ ၎င်းတို့ရန်ကိုကာကွယ်ရန်ပြင်ဆင်ခဲ့ကြသည်။

ပဒေသရာဇ်စနစ်ကို အန်တုတော်လှန်ကြရာတွင် ရှမ်းပြည်နယ်ပြည်သူအချို့နှင့် ပအိုဝ်းတိုင်းရင်းသားအချို့တို့သည်ပဒေသရာဇ်တို့၏ သတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။ပဒေသရာဇ်စနစ်ဟောင်းကြီးသည် ဒီမိုကရေစီအခွင့်အရေးဟူသမျှကိုပိတ်ပင်ကာ ပင်လုံလဲချားတွင်လည်းကောင်း၊ ရွှေညောင်ရပ်စောက်တရှိက်တွင်လည်းကောင်း တရားမဲ့ပြုကျင့်ခဲ့ကြသည်။

ပဒေသရာဇ်စနစ် တော်လှန်ရေးသည်ကောင်ခဲမှတဆင့် ကောင်ပလှိုင် ဆိုင်းလှိုင်နှင့် ထမ်းစမ်းတောင်ရွာတလျှောက်သို့လည်းပျံ့နှံ့လာခဲ့သည်။

ပဒေသရာဇ်စနစ်ဆန့်ကျင်ရေးသည် တဖြည်းဖြည်းနှင့် အင်အားကောင်းလာသောအခါ လဲချားပဒေသရာဇ် (လဲချားစော်ဘွား)က ပဒေသရာဇ်စနစ်ကို တော်လှန်ရန်ဦးဆောင်ခဲ့သည့် ဖြားတန်ကောင်ခဲ၏ ဦးခေါင်းကိုရပါက ဆုငွေကျပ်(၅၀၀)ငါးရာပေးမည်ဟုကြေငြာခဲ့သည်။ သို့သော် ဖြားတန်ကောင်ခဲကို မည်သူမျှမနှိမ်နှင်းနိုင်ခဲ့ပေ လဲချားပဒေသရာဇ်က နောက်ဆုံးတွင် ဆုငွေကျပ်(၅၀၀၀)ငါးထောင်အထိပေးမည်ဟု ကြေငြာခဲ့ပေသည်။

ဤအကြောင်းကိုဖြားတန်ကောင်ခဲကြားသောအခါ ဖြားတန်ကောင်ခဲက"ငါ့ဦးခေါင်းသည်ငါအသက်ကြီးလေတန်ဖိုးကြီးလေ"ဟုကြွေးကြော်ခဲ့သည်။ နောင်ပဒေသရာဇ်စနစ် တော်လှန်ရေးကြီးပြီးဆုံးသွးပြီးသောအခါတွင်လည်း ဖြားတန်ကောင်ခဲက"ငါသေသွားလို့ခွေးဖြစ်ရင်လည်း ပဒေသရာဇ်စနစ်ရှိနေသေးလျှင် ခွေးဘဝကနေပြီး ငါဟောင်ဦးမှာဘဲ"ဟူ၍သတ္တိပြောင်မြောက်စွာဟစ်ကြွေးခဲ့သည်။

နယ်ပိုင်ပဒေသရာဇ်တို့သည် စော်ဘွားများကောင်စီနှင့်တိုင်ပင်ပြီး ပအိုဝ်းတိုင်းရင်းသားတို့နိုင်ငံတော်ကို ပုန်ကန်သည်ဟုတရားစွဲသည်။ အခြေအနေမှာ ပိုမိုပြင်းထန်လာသဖြင့်

ပဒေသရာဇ်တို့သည် ပအိုဝ်းတိုင်းရင်းသားတို့ကို ပြန်လည်နှိမ်နှင်းရန်အတွက် အင်္ဂလိပ်အစိုးရထံတွင် စစ်ကူတောင်းခဲ့ကြသည်။

အင်္ဂလိပ်တို့သည် ပဒေသရာဇ်တို့ကိုကူညီရန်အတွက်ရှမ်းပြည်တောင်ပိုင်း၊မြောက်ပိုင်း၊ အလယ်ပိုင်းတို့အတွက် စစ်သားငါးရာ(၅၀၀)စီ ပို့ပေးရသည်။ ပဒေသရာဇ်တို့၏အကူအညီတောင်းခံမှုကြောင့် အစိုးရသည်(**UMP**)ခေါ်လဲဗီးတပ်များတက်လာကာ ပအိုဝ်းရွာများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ လဲချားစော်ဘွားသည်ပအိုဝ်းပစ္စည်းမှန်သမျှအကုန်သိမ်း၊ပအိုဝ်းယောကျ်ားလေးများဝေးဥကစွတ်ခါးသီးအရွယ် ထက်ပိုကြီးသူမှန်သမျှအကုန်သတ်ဆိုပြီးအမိန့်ပေးကာလဲချားကစပြီးမိုင်းကိုင်၊ကောင်ဖိုးဖြန်း(နွားမဲတောင်)ပါရေးပါပန်မှနေပြီး တောင်ဘက်တလျှောက်စင်းသင်း၊ မိုင်းစစ်၊ ဟိုနမ်း၊ ကဒူးကြီးကအစကရင်နီနယ်အထိပအိုဝ်းရွာများကိုမီးရှို့ဖျက်ဆီး လိုက်ကြသည်။ ပဒေသရာဇ်စနစ်ကိုတော်လှန်ကြသူပအိုဝ်း တိုင်းရင်းသားတို့သည်အင်အားချင်းမညီမျှ၍ခေါင်းဆောင်လုပ် သူတချို့အဖမ်းခံရပြီးလွယ်လင်မြို့၌တရားစွဲဆိုခြင်းကိုခံရ သည်။ ထိုနောက်အပြစ်ဒဏ်အမိန့်ကိုချမှတ်လိုက်၏။

ပအိုဝ်းအမျိုးသားဖြစ်သူ ဆီဆိုင်စော်ဘွားစပ်ခွန်ကြည်ကပအိုဝ်းခေါင်းဆောင်များအား အပြစ်မပေးရန်တောင်းပန်ပြီး၊ စပ်ခွန်ကြည်က ဤသို့ဖြစ်ရသည်မှာ စော်ဘွားများ၏အပြစ်သာဖြစ်ကြောင်းထောက်ပြသည်။ သို့သော် စော်ဘွားတို့သည် မိမိတို့၏အမှားများကိုဝန်မခံကြပေ၊ မိမိတို့၏အမှားများကိုဝန်မခံသည့်အပြင် ပုဒ်မ(၁၀)ကိုပင်ထုတ်ပြန်လိုက် သေးသည်။ ပိုဒ်မ(၁၀)မှာမည်သူမဆို ပဒေသရာဇ်စော်ဘွားတို့ကို အသိမပေးဘဲဟောပြောလှုံ့ဆော်ပါက ရှမ်းပြည်နယ်မှထွက်ခွာသွားရမည်ဟူ၍ဖြစ်သည်။

အင်္ဂလိပ်အစိုးရသည် ပအိုဝ်းခေါင်းဆောင်များကိုဖမ်းပေးပြီးနောက် ပြန်သွားကြသည်။ စော်ဘွားများကလည်း ပအိုဝ်းခေါင်းဆောင်(၁၂)ဦးကိုထောင်ဒဏ်(၁၂)နှစ်ကျခံစေရန်အမိန့်ချမှတ်လိုက်ပြီး မြင်းခြံထောင်သို့ပို့လိုက်သည်။ ထောင်ချခံရသော ပအိုဝ်းခေါင်းဆောင်တို့မှာ ဂျပန်ဝင် လာသောအခါကျမှ လွှတ်လာကြသည်။

ဤအဖြစ်များကြောင့် ပအိုဝ်းအမျိုးသား ပြည်သူလူထု တစ်ရပ်လုံးအား ပဒေသရာဇ်စနစ်ကို အမြစ်ဖြုတ်တော်လှန်ကြရန် လှုံ့ဆော်လိုက်သကဲ့သို့ ဖြစ်ခဲ့ပါသည်။



ပအိုဝ်းလူငယ်ယဉ်ကျေးမှုအဖွဲ့.မဲဆောက်မြို့ရှိမြို့ပိုင်ရုံးရှေ့တွင် ထိုင်းဘုရင်အတွက်ဆုတောင်းနေစဉ်